
www.burmeseclassic.com
BURMESE CLASSIC
သျှမ
ဟိုးရှေ့မှာ
လမ်းကလေး
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ယျှင်ဝ

# ဟိုးရှေမှာ လမ်းကလေး

(အချစ်မေတ္တာဘွဲ့လုံးချင်းသန့်သန့်)

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၂၀၁၇၁၂၀၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၉၈၀၁၀၉

**ထုတ်ဝေခြင်း**

၂၀၀၉ ခုနှစ်၊ မတ်လ၊ ပထမအကြိမ်

အုပ်ရေ - ၅၀၀၊ တန်ဖိုး (၁၀၀) ကျပ်

**ထုတ်ဝေသူ**

ဦးကျော်ဆန်း (မြ-၀၉၃၂၀)

ရဲအောင်စာပေ

အမှတ် (၂)၊ ဆွန်း (၁)လမ်း၊

မင်္ဂလာတောင်ညွန့်မြို့နယ်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ**

ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်

အမှတ်(၁၀၆)၊ တာမွေလမ်း၊

တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊

ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ** - ဦးအောင်လွင်

**ကွန်ပျူတာ** - ပန်းအိစံ

**ဖြန့်ချီရေး** - မြတ်မာမာမင်း၊ မင်းလေး၊ အေးအေးအောင်

**အတွင်းဖလင်** - ကိုအောင်ကျော်

**စာအုပ်ချုပ်** - သစ္စာမွန်

သစ္စာမွန် (T.S.M) Publishing Center မှ

တာဝန်ယူစီစဉ်ပါသည်။


## အခန်း ⏩ ၁

"ပြောပြန်ရင်လည်း မိတ္တေးမို့ပြောတယ် ဖြစ်ဦးမယ်၊ နေတာထိုင်တာ တစ်စက်မှကို အပိုးမကျိုးဘူး၊ ခုကြည့်လေ၊ ဘဲဥလေး ဝယ်နိုင်းလိုက်တာ ပေါ်[illegible]ဘူး"

"မင်းကလည်း [illegible] ခုနကပဲ ဆင်းသွားတဲ့ဉစ္စာ၊ လမ်းထိပ်နဲ့ ဒီနဲ့၊ ဒီလောက်တော့ကြာမှာပေါ့ကွ"

ဒေါ်စိန်ရင်ရဲ့မျက်လုံးဝင်းဝင်းက ဦးသန်းနွဲ့ဆီ ဒိုင်းခနဲ ပြေးဝင်လာသည်။

"ရှင် ကာဆီး ကာဆီး ဝင်မပြောပါနဲ့၊ ရှင် အဲသလို ဝင်ဝင်ပြောတော့ ကျွန်မက ဘာဖြစ်သွားမလဲ၊ ရှင့်သမီးကို ပြောချင်လို့ ပြောနေတာ မဟုတ်ဘူး၊ စိတ်ပူလို့ပြောတာ သိလား၊ လမ်းထိပ်ကို ဘယ်အချိန်သွားသွား သူ့မျက်လုံးက ပန်းပုရုံထဲမှာ၊ ပန်းပုရုံဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေချည်းပဲ"

"ဘယ်ယောက်ျားလေးကမှ သူ့ကို ဂရုမစိုက်ဘူး၊ သူ ဘယ်သူ့ကိုရှာတယ်ဆိုတာ အားလုံးသိကြပြီးသား"

"အဲဒါကိုပြောတာ၊ ဒီ မိမရှိ ဖမရှိ ကလေကချေ အရိုင်း အစိုင်း ကောင်ကို သူက သံယောဇဉ်တကြီး"

"ငယ်သူငယ်ချင်းတွေပဲကွာ၊ သူတို့ရိုးသားတာ ငါသိတယ်"

ဒေါ်စိန်ရင်က မျက်လုံးပြူးနှင့် ရှေ့ရောက်လာသည်။

"ကိုသန်းနွဲ့၊ ဒါ ဖအေကပြောရမယ့် စကားလား"

ဦးသန်းနွဲ့က ကြွေမတ်ခွက်ထဲက လက်ကျန်အရက်ကို အကုန်မော့လိုက်ပြီး

"ခက်တာပဲ မယ်စိန်ရယ်၊ ဒီကောင်လေးက ဟိုးငယ်ငယ်ကတည်းက ငါတို့အိမ်မှာ ဝင်ထွက်စားသောက်နေခဲ့တာ၊ သူ့မိဘတွေ ရှိတုန်းကလည်း အခြေအနေလေးနဲ့ပါ၊ ခုမှသာ မိဘတွေက အချိန်မတန်ဘဲ ဆုံး၊ ဦးလေးလုပ်တဲ့သူက အိမ်ကို နားလှည့်ပါးလှည့်နဲ့ လာသိမ်း၊ ဒီကောင်လေးက စကားပြောရိုင်းပေမယ့်"

"လူက မယဉ်ကျေးပါဘူး၊ နာမည်ကိုက လူရိုင်းတဲ့၊ ဘာမှမတော်စပ်တဲ့ ယောက်ျားလေးနဲ့ မိန်းကလေး၊ ရိုးသားတယ်ဆိုတာ အဓိပ္ပါယ်မှမရှိတာ"

"ကဲ... တော်ပြီကွာ၊ နားငြီးတယ်၊ အရက်သမားစည်းစိမ်ပျက်တယ်"





ဦးသန်းနွဲ့က ပုလင်းနဲ့ မတ်ခွက်ကိုယူ၍ နောက်ဖေးခန်းထဲ ဝင်သည်။

"ကိုယ့်ကိုယ်ကို အရက်သမားမှန်းသိလည်း အရက်သောက်ပြီး ကိုယ့်ဟာကိုယ်နေ၊ ဘယ်ကိစ္စထဲမှဝင်မပါနဲ့"

ဦးသန်းနွဲ့က ဝင်သွားပြီးမှ ခန်းဆီးကြားထဲက ခေါင်းကြီး ပြူထွက်လာကာ

"မပါစေချင်ရင် မင်းလည်း ကောက်ရိုးပုံနား သွားပြောလေ"

"ရှင်နော်"

* *

www.burmeseclassic.com

www.burmeseclassic.com

"အသက်"

လွယ်အိတ်စုတ်လေးနှင့် သေးသေးလေးဖြစ်အောင် လိပ်ပတ်ထားသည့်အထည်ကို ချိုင်းကြားမှာညှပ်၍ ခပ်သုတ်သုတ်လျှောက်နေဆဲ...

နောက်က ခေါ်သံကြောင့် လှည့်ကြည့်လိုက်မိသည်။

လူရိုင်းက စီးကရက်ကို လမ်းမပေါ်ပစ်ချကာ ခြေထောက်နှင့် ဖိကြိတ်ပစ်လိုက်ပြီးမှ အသက်ဆီ ဆက်လျှောက်လာသည်။

"ဘယ်သွားမလို့လဲ"

"ငါ..."

"ဒေါ်ပုမအိမ် သွားမလို့ မဟုတ်လား"

အသက်တို့ရပ်ကွက်ထဲမှာ ဒေါ်ပုမအိမ်ဆိုလျှင် ဘာဆိုတာ သိကြပြီးသား။





ဒေါ်ပုမက လာသမျှ ဘာပစ္စည်းမဆို အပေါင်လက်ခံသူ။

အသက်က သက်ပြင်းလေးချ၍ ဆက်လျှောက်သည်။

"ဟုတ်တယ်၊ ငါ မနက် ကျောင်းမှာ သွင်းစရာရှိတယ်၊ အိမ်မှာတောင်းတော့လည်း မရဘဲနဲ့ အပြောအဆိုခံရတာပဲရှိတယ်၊ အဲဒါကြောင့် မတောင်းတော့ဘူး"

"ဘာပေါင်မလို့လဲ"

"ငါ့ထမီ"

"ပေါင်မနေနဲ့၊ ဘယ်လောက်ယူမှာလဲ၊ မနက် နင်ကျောင်းသွားအမီ ငါလာပေးမယ်"

အသက်က ခြေလှမ်းကို ဆက်လှမ်းနေဆဲမှ

"နေပါစေ ရိုင်းရယ်၊ နင့်ဆီက ယူရတာလည်း လူတွေပြောကြလွန်းလို့ ငါ လိပ်ပြာမသန့်တော့ဘူး"

"ဘယ်သူမှ ဘာမှမပြောဘူး၊ နင့်မိထွေးတစ်ယောက်ပဲပြောနေတာ၊ အတင်းအဖျင်းပြောဖို့ဆို ဝါသနာပါတဲ့ မိန်းမကြီး၊ ငါတို့ဘာလုပ်လုပ်၊ ဘာယူယူ သူ့ကြောင့် လူသိတာ"

"ဟုတ်တယ်"

"ဟုတ်ဟုတ်၊ အဲဒီဟာ သွားမပေါင်နဲ့၊ မနက်ကျ ဘယ်သူမှမသိတဲ့နည်းနဲ့ ငါပေးမယ်"

"ဟင့်အင်း"

"အသက်နော်၊ ငါက သိပ်စိတ်ရှည်တာ မဟုတ်ဘူး"

"ခြောက်ရာတောင်ပေးရမှာ ရိုင်းရဲ့၊ နင့်မှာ

www.burmeseclassic.com



"ရှိတယ်၊ ငါက တစ်ယောက်တည်းသမား၊ ဘာမှ ကုန်စရာမရှိဘူး"

နင့်အတွက် အမြဲအဆင်သင့်ဖြစ်နေအောင် ငါ အလွဲသုံးစား မလုပ်ရက်ဘဲစုထားတာပါ အသက်ရယ်ဆိုတဲ့ စကားတိုတော့ မပြောဖြစ်ပါ။

သူ့ဘဝမှာ ခင်တွယ်စရာ အဖေရယ်၊ အမေရယ်၊ ဆွေမျိုး ညီအစ်ကိုမောင်နှမဆိုတာလည်း မရှိကြတော့။

ဦးလေးတော်သူဆိုတာက ကြည့်လေ....

နောက်ဆုံး အဖေသေတော့ ရသင့်ရထိုက်တာဆိုတာတွေ ရော၊ စာချုပ်တွေရော၊ အဖေချေးထားတဲ့ အကြွေးဆိုတာတွေက စာမျက်နှာအပြည့် ရှုပ်ယှက်ခတ်အောင်တင်ပြကာ လိုရင်းကျတော့ အိမ်ကို အပိုင်စီးသွားသည်။

အတန်းပညာ ရှစ်တန်းအထိသာ သင်ခဲ့ရပေမယ့် ပန်းပု ပညာကို ကျွမ်းကျင်စွာ တတ်ထားခဲ့၍သာ လူရိုင်းအတွက် စားဖို့၊ နေဖို့ မပူခဲ့ရခြင်းဖြစ်သည်။

ဒါကြောင့် သူ့ဘဝမှာ တွယ်တာစရာလူသားဆိုလို့ ငယ်စဉ် ကတည်းက တွယ်တာမပျက်ရှိခဲ့ရသော အသက်တစ်ယောက်သာ ရှိပါသည်။

လူရိုင်းဆိုတဲ့ကောင်က အရိုင်းအစိုင်းတဲ့။

ဘယ်သူတွေ ဘာပြောပြော၊ အသက်အတွက်ဆို သူ မရိုင်းစိုင်းခဲ့ပါ။ အစကဆို အသက်တို့အိမ်မှာ လူရိုင်း ဝင်ထွက်စား





သောက်နေခဲ့တာ။

အသက်ရဲ့မိဘနှစ်ပါးကလည်း သူ့ကို ချစ်သည်သာ။

လူကြီးချင်းကလည်း အလွန်ရင်းနှီးခဲ့ကြသည်မို့ အဖေတို့ မရှိတော့ပေမယ့် လူရိုင်းတို့ ချစ်ကြမြဲသာ။

အသက်ရဲ့အမေ ဆေါစုစုလွင်ဆုံးသွားပြီး ဦးသန်းနွံ့က ဒေါ်စိန်ရင်နဲ့ အိမ်ထောင်သစ်ထူလိုက်ပါမှ အခြေအနေ ပြောင်း သွားခဲ့ရသည်။

"မိန်းကလေးအပျိုရှိတဲ့အိမ် အချိန်မရွေး ဒီလို ဝင် ထွက်နေလို့ရမလား"

လူရိုင်းလာတာမြင်မှ မမြင်ဟန်ပြု၍ အဲဒီလို စောင်းချိတ် ပြောသည်။

"အသက်မရှိဘူး"

ရှိနေလျက်နှင့် မရှိဘူးပြော။

"မိသက်နော်၊ အပေါင်းအသင်း ကြည့်ပေါင်း၊ ကိုယ့် ကို ဂုဏ်တက်စေမယ့်ဟာမျိုးမဟုတ်ဘဲ အပေါင်းအသင်းကြောင့် ကိုယ့်သိက္ခာကျရမယ့်အဖြစ်မျိုး မရောက်စေနဲ့"

အဲဒီလိုပြောတာမျိုးက အကြိမ်ကြိမ်။

နောက်တော့ လူရိုင်း မသွားဖြစ်တော့ဘဲ အသက်နဲ့ အပြင် မှာပဲ ခေါ်ပြောဆက်ဆံနေခဲ့သည်။

ဒေါ်စိန်ရင်တို့က ဒီထိတောင် စက်ကွင်းက မလွတ်ချင်။

"လူရိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

အသက်က လှမ်းနေသည့်ခြေလှမ်းကိုရပ်၍ လှရှိင်းကို လှည့်ကြည့်သည်။

"နင် ငါ့ထမီ ယူသွားပါလား"

"ဘာ"

လှရှိင်းက မျက်နှာငံ့ချ၍ တအံ့တသြ မေးသည်။

"ငါ ဒီထမီပေါင်မလို့ကိုင်လာတာ ဒေါ်လေးမြင့်တယ်ဟ၊ ဒီတိုင်းပြန်ကိုင်သွားရင် နင်နဲ့တွေ့လာပြီမှန်း သူသိမှာ"

"သိတော့ ဘာဖြစ်လဲ၊ မပေါင်ချင်တော့လို့လို့ ပြောလိုက်ပေါ့၊ တစ်ယောက်ယောက်ဆီက ဈေးလာတယ်ပြောလည်း ရတာပဲ"

"ရပါလိမ့်မယ် အားကြီး၊ သူက သိပ်လျှင်တာ၊ ငါ့ဟာ ငါပဲ သွားပေါင်ပါရစေ ရှိင်းရယ်၊ နင် ဝင်မပါစမ်းပါနဲ့"

"မပါလို့ရမလား၊ သူတို့ပစ္စည်းပေါင်ခိုင်းတာဆို ငါ မပြောဘူး၊ ဒါ နင့်ပစ္စည်း၊ ပြီးတော့ ကျောင်းစိမ်းထမီ မဟုတ်လား"

အသက်က ငြိမ်နေသည်။

အဲဒီကျောင်းစိမ်းထမီတောင် လှရှိင်းဝယ်ပေးထားတာပါပဲ။

အသက်မှာ ပေါင်လို့နှံလို့ရတဲ့ပစ္စည်း၊ အဖိုးတန်ဆိုလို့ အဲဒီကျော င်းစိမ်းထမီ စိန်မှုံလေးတစ်ကွင်းပဲရှိသည်။

ဒေါ်လေးတို့ဆင်ထားလိုက်တာ အားလုံး တက်ထရွန်ထမီတွေချည်းသာ။

"ခက်တော့တာပဲ၊ ဒီထမီ ငါယူသွားလည်း ဟိုကောင်





တွေက စပ်စုကြဦးမယ်"

လှရှိင်းက ခေါင်းတစ်ချက်ကုတ်ကာ

"ဒီလိုလုပ်ဟာ၊ မသန်းမြင့်တို့အိမ်ထဲ နင် ခဏဝင်ပြီး အဲဒီထမီ ထပ်ဝတ်လိုက်"

လှရှိင်းက အဲဒီလို ကတ်သီးကတ်သတ်အကြံမျိုးတွေလည်း ထွက်တတ်တဲ့သူ။

မသန်းမြင့်တို့အိမ်ထဲဝင်ကာ အပေါ့သွားချင်လို့ဟုဆိုကာ အသက်က ထမီကို ထပ်ဝတ်သည်။ ပြန်ထွက်လာတော့ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ ရယ်မိကြသည်။

"အဲဒါက အရေးမကြီးဘူး၊ ပေါင်ပြီးပြန်လာတယ် ဆိုပြီး ငါးဆယ်ခဏပေးစမ်း၊ တစ်ရာခဏပေးစမ်းနဲ့ သူက လုပ်တတ်တယ်၊ တောင်းရင် ငါ ဘယ်လိုလုပ်မလဲ"

လှရှိင်းက သူ့ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ

"ရော့... ဒီမှာ နှစ်ရာပါတယ်၊ အဲဒါယူသွား"

"နင် လက်ဖက်ရည်သောက်ဖို့ ထွက်လာတာ မဟုတ်လား"

"မဟုတ်ပါဘူး"

လှရှိင်းက ညာပြီဆို သိပ်ကိုသိသာတဲ့သူ...

စကားများများမဆိုတော့ဘဲ မျက်နှာခပ်လွှဲလွှဲနှင့် အိုးဘိတိပြောပြီဆို အဲဒါမှသား...

အသက် သက်ပြင်းချပြန်သည်။ သူ့အတွက်ဆို လှရှိင်း



www.burmeseclassic.com

www.burmeseclassic.com



အမြဲအနစ်နာခံခဲ့ရှာသည်။

ဆတ်ဆတ်ထိမခံတတ်ဘဲ ထစ်ခနဲဆို လက်ပါတတ်သည့် လှရှိန်းက ဒေါသကြီးသလောက် အပြောလည်းရှိန်းသည်။

"မိဘကလည်း ဒီနာမည်မျိုးမှ ပေးရတယ်လို့"

လူတချို့က နာမည်ကို ကဲ့ရဲ့သေးသည်။

ဒါပေမယ့် လှရှိန်းက ဘယ်မှာဘယ်လိုရှိန်းရှိန်း အသက်ရှေ့ရောက်လျှင်...

လွန်စွာ စိတ်ရှည်သည်းခံတတ်သည့်သူ...

တစ်လောကလုံးနှင့် ရန်ဖြစ်တတ်သူက အသက်နဲ့ ကြာရှည်မခေါ်ခဲ့ဖူးတာ ဘယ်တော့မှမရှိ။

ဒေါသဖြစ်စရာရှိလို့ အော်လား၊ ငေါက်လား ပြောချလိုက်ပြီးလျှင် သူများအပေါ် နောင်တမရတတ်သည့် လှရှိန်းက အသက်ကို ချက်ချင်းချော့တတ်သည်။

ကြာရှည် စိတ်မကောက်တတ်သည့် အသက်ကလည်း နှစ်ခါမချော့ရ။ လမ်းထိပ်ရောက်လာလို့ လှချင်းခွဲခါနီးတော့...

"အသက်"

"ဟင်"

"နင် သိပ်ညဥ့်နက်မှ ရေမချိုးနဲ့နော်၊ မနေ့က ငါ ဗီဒီယိုကအပြန် နင်တို့အိမ်ရှေ့က ဖြတ်လျှောက်တော့ ရေချိုးသံကြားတယ်"

"စာကျက်ပြီးတော့ အိပ်ခါနီး အိုက်တာနဲ့"





"အိုက်တော့ ယပ်တောင်ခပ်အိပ်ပေါ့ဟ၊ ငါတို့အလုပ်အိမ်က ဆရာမိုးဝင်းရဲ့သမီးဆို ညဘက်ရေချိုးပြီး သေသွားတာ၊ နင်တို့မိန်းကလေးတွေက နေရာတကာ ဆင်ခြင်ရတယ်"

"လှရှိန်း"

"ဘာလဲ"

"နင်တို့အဖွဲ့ မြဝတီကို သွားကြမလို့ဆို"

"အောင်ကြီးတို့အဖွဲ့ပါ၊ ငါတို့က နောက်အသုတ်မှ"

"ဘယ်တော့လောက်လဲဟင်"

"ဘယ်တော့လောက်ဖြစ်ဖြစ် ငါမလိုက်ဘူး၊ ဒီမှာ ကျန်ခဲ့သည့် အုပ်စုထဲကတစ်ယောက်နဲ့လဲလိုက်မှာ"

သိပ်အလိုက်သိတဲ့ ရှိန်း...

အသက်က ကျေနပ်စွာ ပြုံးသည်။

လှရှိန်းက ငုံ့ကြည့်နေ၏။

အသက်တစ်ယောက် အမှောင်ရိပ်ထဲက ပျောက်ကွယ်သွားတဲ့အထိ လှရှိန်း ရပ်ကြည့်နေလေသည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com



"ကြွေးပြန်ဆပ်တာတောင် သုံးစရာရှိရင် သုံးပါဦးဆိုပြီး ပြန်ပေးလိုက်တယ်ဆိုတော့ ဒီကြွေးရှင်က အဆန်းပါလား"

"ဆန်းမနေပါနဲ့၊ ဒီနေရာကျမှ အချင်ယောင်ဆောင်နေပြန်ပြီ၊ အဲဒီဆန်းထူးဆိုတဲ့ကောင်က ရှင့်သမီးကို အသေအလဲ ကြိုက်နေတာ"

ဦးသန်းနွဲ့ ထမင်းလုတ်နင်သွားသလို လည်ပင်းကြီး ဆန့်သွား၏။

"ဟောဗျာ... အဲဒါ ငါ တကယ်မသိတာ၊ နေပါဦး ဒီကောင်က သူ့ရုပ်ကြီးနဲ့များ ငါ့သမီးကို မှန်းသတဲ့လား"

ဒေါ်စိန်ရင်က မျက်စောင်းတစ်ချက်ထိုး၍ ချဉ်ဟင်းပန်းကန်ထဲ ဟင်းထပ်ထည့်ပေးကာ





"ကိုယ်လက်အင်္ဂါ ချို့တဲ့နေတာမှမဟုတ်ဘဲရှင့်၊ အသားမည်းတာလေးနဲ့ သွားလေး မဆိုစလောက်ခေါတာပဲ ရှိတာ"

"လက်ပြင်ကကိုင်း၊ နဖူးကပြောင်၊ နားရွက်က ကြွက်နားရွက်လို၊ အဲဒါတွေ စုံအောင်ပြောလေ၊ ရုတ်တရက်ကြည့်ရင် အမေရိကန်ရဲကားထဲက မီးလောင်ခံထားရာက ထလာတဲ့ သရဲလို"

"တော်စမ်းပါရှင်၊ သူများကို အဲဒီလောက်မကဲ့ရဲ့ပါနဲ့၊ ကောင်လေးအသက်က ရှင့်သမီးနဲ့ သိပ်မကွာလှပါဘူး"

"ဥပကာနဲ့ မဆာဝါ"

"ရှင်ဟာလေ... လူကြီးသာဆိုတယ်၊ စကားကို ဘယ်တော့မှ ခန့်ခန့်ညားညား မပြောဘူး"

ဦးသန်းနွဲ့က စားသောက်ပြီး လက်ဆေးလိုက်သည်။

"ငါပြောတာ မဟုတ်လို့လား၊ ဒီကောင့်အသက် မကွာလှဘူးဆိုလည်း ငါ့သမီးထက် ကိုးနှစ်၊ ဆယ်နှစ်တော့ကြီးမှာပဲ၊ လူကချောပုံချောပန်းဆို တော်သေး"

"ဒါဆို ရှင်က ရှင့်သမီးကို လူချောလူလှနဲ့မှ ပေးစားမှာလား"

"ဒီလိုတော့ ဘယ်ဟုတ်မလဲ"

"ဒါဆိုလည်း ရှင်ဝင်မပါနဲ့၊ ကျွန်မဘက်ကတော့ ဥစ္စာသေါ၊ သဘောကောင်း၊ ကိုယ့်ကို ဖူးဖူးမှုတ်ထားမယ့်သူမျိုး လိုချင်မှာမဟုတ်ဘူး"

"ဟ... မင်းက ငါ့ကိုတောင် ထားခဲ့တော့မယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း… သေနာကြီး၊ ကျွန်မအတွက်မဟုတ်ဘူး၊ ရှင့်သမီးအတွက်၊ ရှင့်သမီးအတွက်…"

ဦးသန်းနွဲ့က တဟားဟားရယ်ကာ

"သိဘူးလေ၊ ကျွန်မဘက်က ငြင်းစရာမရှိဘူးဆိုတော့"

"ရှင် တော်နော်"

"အောက်ပါအရည်အချင်းတွေကို မင်းများ ကြိုက်သွားသလားလို့"

"ကိုသန်းနွဲ့"

"သေချာကြည့်စမ်း၊ မင်းလင်က အသက်ကြီးပေမယ့် သူ့ထက် အများကြီးသာသေးတယ်"

"ကဲ… ဒီလောက်တောင်ရှိလှတာ"

"ပြေးပြီ မယ်စိန်ရေ"

ဒေါ်စိန်ရင် ယောက်မကြီးကိုင်လိုက်တော့ ဦးသန်းနွဲ့ အိမ်ရှေ့ထွက်ပြေးလေသည်။

* * *

## အခန်း ⏩ ၂

နေကလည်း ပူလိုက်တာ…

ဈေးကနေပြန်လာတော့ နေပူတဲ့ဒဏ်ကို မခံနိုင်တော့ဘဲ နီးရာ ကားမှတ်တိုင်တစ်ခုမှာ အရိပ်ခိုရင်း ဝင်ရပ်လိုက်မိသည်။

ဈေးသွားရတာ အသွားခြေလျင်၊ အပြန်ကုန်းကြောင်း။

ကားတက်စီးတော့ ဟိုမှားဒီမှား နှစ်ဆယ်၊ အသွား အပြန်ဆို လေးဆယ်ကုန်မည်။

အဲဒီငွေလေးဆယ်က ငရုတ်သီးစိမ်း၊ နံနံပင်လေးဖြစ်ဖြစ် ဝယ်လိုက်လျှင် အိမ်မှာ ဟင်းတစ်ခွက် ပိုလာမည်။

ဒါမှမဟုတ် ကြက်သွန်ဖိုး၊ ငါးပိဖိုးလေးတော့ ဖာသေးသွားမည်သာ။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွက်နဲ့ကိုယ် ဆွဲခြင်းဆွဲ၍ အသွားတုန်းက နေက ခပ်ဖျော့ဖျော့မို့ မသိသာပေမယ့် အပြန်ကျတော့ ပူလိုက်သည့် နေက ခြစ်ခြစ်တောက်။

ချွဲလာရတဲ့ခြင်းက လေးနှင့်၊ နှစ်ခါလောက်မှ မနားရဘဲ မပြန်နိုင်။ ဈေးနဲ့အိမ်ရဲ့အကွာအဝေးက ကားမှတ်တိုင် သုံးမှတ်တိုင် ကွာနေတာ၊ နည်းတဲ့ခရီးလား။

"ဟော အသက်ပါလား၊ ဆိုက္ကားဆရာ ခဏ... ခဏ"

အသက်ကိုလည်း နှုတ်ဆက်၊ ဆိုက္ကားကိုလည်း ရပ်နိုင်းကာ ဆန်းထူးက ဆိုက္ကားပေါ်က ဆင်းချလာသည်။

"အသက် ဈေးကပြန်လာကာလား၊ ကြည့်ပါဦး၊ ချွေးတွေသံတွေနဲ့၊ လာ... ကိုယ်နဲ့လိုက်ခဲ့၊ တစ်လမ်းထဲပဲဟာ"

"အို... မလိုက်ချင်ပါဘူး"

အသက်က မှတ်တိုင်မှာရှိနေကြတဲ့ လူတွေကိုပါ ရှက်သွားကာ မျက်နှာကို တင်းပစ်လိုက်သည်။

ဆန်းထူးက မသိသလိုပင်။ သွားကြီးအဖြီးသားနှင့် အသက်နားထိ လျှောက်ဝင်လာသည်။

"လာပါ အသက်ရဲ့၊ ကိုယ့်မှာ ဘာပစ္စည်းမှပါတာ မဟုတ်ဘူး၊ အမြင်မတော်လို့ ကူညီတာပါ"

"ရှင့်ဟာရှင် အမြင်မတော်ရင် လမ်းပေါ်မှာသွားနေတဲ့ လူတွေ တင်ခေါ်သွား"

အသက်က ပြောပြောဆိုဆို ဆွဲခြင်းကို ကောက်ဆွဲ၍





မှတ်တိုင်အောက်က ထွက်လိုက်သည်။ ဆန်းထူးက ကပ်လိုက်လာကာ အသက်လက်ထဲက ဆွဲခြင်းကို ဖွတ်ဆွဲယူသည်။

"ကိုယ့်ကို အရှက်မခွဲပါနဲ့ အသက်ရယ်၊ လူတွေရှေ့မှာ အရှက်ပြေလေးတော့ လိုက်ခဲ့ပါနော်"

"အို... မဆွဲနဲ့လေ"

ထိုစဉ် မှတ်တိုင်မှာ ထိုးရပ်လာသည့် ကားပေါ်မှ ဖြတ်ခနဲ ခုန်ဆင်းလာသူက လူရိုင်း.... ကားပေါ်ကနေ လှမ်းမြင်၍ တမင် ဆင်းချလာခြင်းဖြစ်သည်မို့ မျက်နှာက တင်းမာနေ၏။

"ဟေ့လူ... အဲဒါ ဘာလုပ်နေတာလဲ"

လူရိုင်းကိုမြင်လျှင် ဆန်းထူး မျက်နှာပျက်သွားကာ ဆွဲခြင်းကို လွှတ်လိုက်၏။ ပြီးတော့ မျက်နှာကို ခပ်ပြုံးပြုံးလုပ်ပစ်ကာ

"ငါက အမြင်မတော်လို့ ဆိုက္ကားပေါ်တက်ဖို့ခေါ်တာပါ၊ တစ်လမ်းတည်းပြန်ကြမယ့်ဟာ၊ ငါ့မှာလည်း ဆိုက္ကားက အလွတ်ကြီး၊ သူ့မှာလည်း အလေးအပင်ကြီးနဲ့မို့"

"သူက လိုက်မယ်ပြောလို့လား"

"ဟဲ ဟဲ... သူက အားနာလို့ထင်တယ်"

"ဟုတ်တယ်၊ အားနာလို့ငြင်းတုန်း ခင်ဗျားလှည့်ပြန်၊ ကျုပ်လက်သီးက အားမနာတတ်ဘူး"

"မင်း ဘာစကားပြောတာလဲကွ" လို့များ နောက်တစ်ခွန်း ကိုယ်က ထပ်ပြောလိုက်မိလျှင် လူရိုင်းလက်က သည်းခံ တော့မှာမဟုတ်တာကို အကြောင်းသိနေသော ဆန်းထူးက မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကြီး တက်သွားပေမယ့် ဘာစကားမှ ဟမလာတော့ပေ။

"လာ.... ကားစီးမယ်"

လူရှိန်းက ဆွဲခြင်းကိုကောက်ဆွဲ၍ ကားပေါ် ပြေးတက် လျှင် အသက်ပါ နောက်ကလိုက်လေသည်။ ဆန်းထူး မျက်နှာ ပျက်သွားသည်။ မည်းသောအသားကို ထွင်းဖောက်နီရဲကာ

"လူပါးဝတဲ့ကောင်"

ဟု တိတ်တိတ်ဆဲလေသည်။

* * *

မိန်းမလို မိန်းမရ တိုင်တဲ့လူက တိုင်၊ ဆူတဲ့လူကလည်း မျက်နှာကြီးရှာ ဟင်းဖတ်ပါ။

"ဘယ့်နှယ့်... ကိုယ့်ကို ဝန်ထုပ်ဝန်ပိုးကြီးနဲ့မို့ အကူ အညီပေးဖို့ခေါ်တာကိုများ ရှိုင်းရှိုင်းစိုင်းစိုင်း ဆက်ဆံရတယ်လို့ လူမှုရေးဆိုတာကို နားမလည်ဘူးလား၊ ကိုယ့်မိဘနဲ့ ဘယ်လို ဆက်ဆံနေရတယ်ဆိုတာကို မသိဘူးလား၊ အေးပေါ့... ညည်း တို့ကတော့ ထမင်းဘယ်ကရ၊ ထမင်းအိုးထဲကရဆိုတာလို ဗိုက်ဆာ လာရင် အဆင်သင့် အိုးဖွင့်စားနေရတာကိုး"

"ဒီလိုမပြောပါနဲ့ ဒေါ်လေးရယ်၊ အိမ်မှာရှိတာ မရှိတာ အသက်မသိဘဲ နေပါ့မလား၊ အဲဒီလူက သူနဲ့မကင်းတာကို အခွင့် အရေးယူပြီး လူကြားထဲမှာ အတင်းဆွဲခေါ်တာ"

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို မချေမင်ပြောလို့ ရှက်ရှက်နဲ့ မရရအောင် ခေါ်မိတာပါတဲ့၊ ညည်းက ဆန်းထူးကိုကျတော့ ခါးခါးသီးသီး၊ ဟိုတိရစ္ဆာန်ခေါ်တာကျတော့ ကောက်ကောက်ကိုပါလို့ မဟုတ်လား"

"သူကဆွဲနေလို့ ရှက်တာနဲ့ ရိုင်းနဲ့လိုက်သွားတာပါ"

"ဆန်းထူးဆွဲတာကျတော့ ရှက်သတဲ့လား၊ ဆန်းထူးက လည်ပင်းမှာ ဆွဲကြိုးက နှစ်ကျပ်သား၊ လက်က ဟမ်းချိန်းမှာ နှစ်ကျပ်သား၊ လက်စွပ်တွေက ထပ်လို့၊ ညပ်လို့၊ ဒီလို လူမျိုးနဲ့ တွဲသွားတာ ဂုဏ်တောင်ရှိသေးတယ်၊ ဟိုကောင်က စုတ်စုတ်ပြတ်ပြတ်၊ ဆံပင်က ဂုတ်ထောက်၊ အရပ်ကြီးက တမျှော်တခေါ်ရှည်လို့၊ ဝတ်လိုက်ရင် ပုဆိုးကတိုတို၊ ခါးပုံစက တစ်လံလောက်နဲ့၊ ဘောင်းဘီရှည်နဲ့ ကြည့်ဦးမလား၊ အရောင်အဆင်းမရှိ၊ ညစ်ထပ်ထပ်၊ ခပ်စုတ်စုတ်၊ ဘယ်နေရာမှာ ကျက်သရေရှိသလဲ"

လူရိုင်းကိုဆို အသေအလဲမုန်းနေသလောက် ဒေါ်စိန်ရှင့်ပါးစပ်ထဲမှာ လူရိုင်းတစ်ယောက် ရစရာမရှိအောင် စုတ်ပြတ်သွားသည်။

"ခုလို ငါတို့ အခြေအနေမမဲ့တာ ဘယ်သူ့ကြောင့် လဲ။ ညည်းဖအေ ဆိုက္ကားနင်းတာ မိသားစု စားလောက်တယ် များမှတ်လို့လား၊ ငါ့မှာလည်း ကြီးတောင်ကြီးမနဲ့ မရမ်းသီး ပြေးရှေးရ၊ ရေခဲထုပ် လိုက်ထုပ်ရ၊ အလုပ်ရုံပေါင်းစုံနေပြီ၊ ညည်းကတော့ အချိန်တန် လွယ်အိတ်ကလေးနဲ့ပြန်လာ၊ ထမင်း အိုးဖွင့်စား၊ ဟန်ကျတော့၊ အားကိုးရမလားလို့ လင်ယူပါ တယ်၊ အားမကိုးရတဲ့အပြင်





လင်ပါသမီးကိုတောင် ရှာဖွေ ကျွေးနေရသေးတယ်"

ဒေါ်စိန်ရှင်က တိုးတိုးတိတ်တိတ်ပြောခြင်း မဟုတ်ပါ။

ဘယ်စကားပဲပြောပြော သူပဲအကောင်း၊ သူများ မကောင်း။

အိမ်မှာ သူအလုပ်လုပ်တယ်ဆိုတာလည်း နေ့လယ်ပိုင်းလေး၊ တစ်ခါတလေ အဖော်ကောင်းလျှင်ဲလိုက်၊ မလိုက်ချင် ဗီဒီယိုပြေးကြည့်။

အပျိုကတည်းက အပျင်းကြီးတာ နာမည်ကြီးသည့် ဒေါ်စိန်ရှင်...

ရုပ်ရည်ကလည်းသိပ်မလှ။ ကိုယ်လုံးက ပြားပြားတုတ်တုတ်မို့ လိုချင်တဲ့ယောကျ်ားမျိုးလည်း မရ။

အရွယ်ကလည်း ဟိုင်းလာကာ ဦးသန်းနွဲ့က ခပ်ပျော့ပျော့နေတတ်သူပီပီ စကြ၊ နောက်ကြရင်း လက်ထပ်ဖြစ်သွားခြင်းပင်။

ဒါကို အပျိုဆိုတဲ့ မာန်တွေတက်ကာ ဦးသန်းနွဲ့အပေါ် ဆိုးလို့မဆုံး၊ စာရိတ္တမဖောက်ပြန်ပေမယ့် အတင်းအဖျင်းပြော၊ အိမ်လျှောက်လည်...

တစ်ခါတလေ အိမ်မှာ ငွေရှင်နေတဲ့အခါဆို ကိုယ့်အဝတ်ကိုတောင် လျှော်မဝတ်ချင်ဘဲ တစ်ဇလုံကို သုံးရာပေး ၍ ကိုယ့်ဆပ်ပြာ၊ ကိုယ့်ရေနှင့် အလျှော်သပ်သပ် ခေါ်ငှားတတ်သည့်သူ...

ဦးသန်းနွဲ့ကတော့ ရုပ်မလှပေမယ့် အချွဲအနွဲ့ကောင်းသည့်



www.burmeseclassic.com

www.burmeseclassic.com



ဒီမယားလေးကို အလိုလိုက်၊ အကြိုက်ဆောင်...

ဒေါ်စိန်ရင် အိမ်ပေါ်ရောက်လာကတည်းက အသက်က အလိုလို ဘေးရောက်ခဲ့သည်သာ...

လူ့သဘာဝကလည်း နောက်မှ မှန်မှန်မှားမှား၊ လောလော ဆယ် အပြောကောင်း၊ အဟောကောင်းတဲ့သူသာ လူရာဝင်တာ

ရပ်ကွက်ထဲမှာ ဒေါ်စိန်ရင် ဘယ်လိုလုပ်လုပ်၊ အသ ကောင်းလွှင့်သမျှ အားလုံးက လက်ခံခေါင်းညိတ်ကြသည်။

အသက် ဘယ်လိုကောင်းအောင်နေနေ၊ အိမ်မှာ ခ ပျင်းပျင်း၊ ခပ်ပေါ့ပေါ့ မိန်းကလေးဘဝရောက်နေရတာလည် သူ့ပါးစပ်ထဲမှာပဲဖြစ်သည်။

"ရပ်ကလေးက လှလှနဲ့ ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင် မနေဘူး၊ ကြည့်လိုက်ရင် ယောက်ျားလေး အပေါင်းအသင်းတွေ တရှုန်းရှုန်း၊ ကျွန်မက ကိုယ့်သမီးလေးလို အမြင်မတော်လို့ ဆုံးမပြ တော့လည်း မိထွေးမို့ မစာမနာပြောတယ် ဖြစ်ရော၊ ဖအေက သမီးထိရင် မကြိုက်ဘူး"

အိမ်မှာ ပြောချင်တိုင်းပြော၊ နိုင်ချင်တိုင်းနိုင်နေပြီး အမြင်က တော သူ့မှာ ဘာမှမပြောရဲ၊ မဆူရဲ၊ ကြည့်နေရတဲ့ သဘောမျိုး

ဆန်းထူးနဲ့ ဟိုဘက်ထိပ်နဲ့ ဒီဘက်ထိပ် ဘယ်လို အဆ အသွယ်တွေရပြီး ဘယ်လိုရင်းနှီးသွားမှန်းမသိဘဲ ငွေတွေ ဘာ ချေး၊ ဆန်းထူးတော်ကြောင်း၊ ချမ်းသာကြောင်း ချီးမွမ်းခန်းတွေဖွင့်နေ

ခုတော့ အသက်နဲ့ သိသိသာသာ အောင်သွယ်လာသည်

သစ္စာမွန်စာပေ



ဒေါ်စိန်ရင်က မျက်နှာမကြည်မသာနှင့် ငေးငိုင်နေသော အသက်ကို ခပ်တင်းတင်းကြည့်၍

"ညည်း ဆန်းထူးကို သိပ်တင်းတင်းမာမာ မဆက်ဆံ နဲ့သိလား၊ ညည်း ခု ဆယ်တန်းအောင်သွားရင် သူနဲ့ပေးစားမှာ၊ ညည်းဖအေနဲ့ငါ အားလုံးစီစဉ်ပြီးသား"

"ရှင်"

"ဟုတ်တယ်၊ ညက ဆန်းထူးကိုယ်တိုင် ညည်းအဖေကို လာပြောသွားတာ၊ သူ့မှာ မိဘဆွေမျိုးက မရှိတော့ဘူးဆိုတော့ သူကိုယ်တိုင်ပဲ ပြောရတာပါတဲ့၊ ကျောင်းပိတ်တာနဲ့ ရပ်မိရပ်ဖကိုပဲ မိဘအရာထားပြီး ကြိုက်တဲ့ပုံစံနဲ့ တင်တောင်းမယ်တဲ့၊ အခု လိုင်းကားပြေးနေတဲ့ ဒိုင်နာကားလေးကို သမီးတောင်းတဲ့ နို့ဖိုးအဖြစ် ညည်းအဖေကို တစ်ခါတည်းလွှဲမှာ"

အသက် တစ်ကိုယ်လုံး အေးစက်သွားသည့်နှယ်...

ကျောင်းတွေပိတ်ဖို့က စာမေးပွဲရက်ပဲ ကျန်တော့တာ။

ဒါဆို...

"မိန်းမတစ်ယောက်ကို ကားတစ်စီးတင်တောင်းတဲ့ ယောက်ျားများ ညည်းက နာတယ်ထင်သေးသလား၊ မိဘကျွန်ခဲ့တဲ့ လက်ဝတ်ရတနာ၊ အမွေတွေက အပြည့်အသိပ်၊ ပြီးတော့ မိဘ မွေးချင်း စကားများမယ့်သူ ဘယ်သူမှမပါတဲ့ လူပျို လူလွတ် ကောင်းစားတော့ ညည်းကောင်းစားမှာပါ၊ ခုတော့ ငါမှာ မိန်းမကြင် ကြီးကိုဖြစ်လို့"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့မပြောပါနဲ့ ဒေါ်လေးရယ်၊ သူ့အသက်အရွယ်၊ သူ့ရုပ်ကြီးနဲ့"

"ဟဲ့… ရုပ်က အရည်ကျိုသောက်ရသလား၊ အမိက က ကိုယ့်ကိုချစ်ဖို့၊ အလိုလိုက်ဖို့ပဲ"

"ကိုယ်ကမှမချစ်ဘဲ၊ ကိုယ့်ကိုချစ်နေတာကြီး ဘာလုပ်ရမှာလဲ"

"တော်စမ်းပါအေ၊ ညည်းတို့ ရုပ်လှတာကိုပဲကြည့်ကြ၊ ဟိုကောင် လူရိုင်းဆိုတဲ့သတ္တဝါကိုများ ညည်း ယူကြည့်ပါလား၊ မနက်ထမင်းနဲ့ ညထမင်းကို အလျှင်မီရင် အနောက်အရပ်က နေထွက်လာလိမ့်မယ်"

"ရိုင်းနဲ့အသက်က ဘာမှမဆိုင်ပါဘူး ဒေါ်လေးရယ်၊ ရိုင်းကို ထည့်ထည့်မပြောပါနဲ့၊ ဘာပဲဖြစ်ဖြစ် ကျောင်းပိတ်တာနဲ့ ပေးစားမယ်ဆိုတာတော့ အသက် လုံးဝလက်မခံနိုင်ဘူး"

"အဲဒါ ညည်းဖအေနဲ့ရှင်းလေ၊ ဖအေလုပ်သူကတော့ ငါ့သမီးကြောင့် ငါကောင်းစားရတော့မယ်၊ မသေခင် ကားပိုင်ဖြစ်ရဦးမယ်၊ ဆိုတ္တားသမားဘဝက ကျွတ်ပြီဆိုပြီး ကျေနပ် နေလေရဲ့၊ ဟင်း ဟင်း… သမီးလုပ်သူကတော့ ဆပ်လိုက်တဲ့ ကျေးဇူး"

ဒေါ်စိန်ရင်က မဲ့တဲ့တဲ့ကြီးပြော၍ မျက်နှာမော့ထွက်သွားသည်။

အသက်ရှူများပင် ကျပ်လာသလို ရင်ထဲမှာ မွန်းလှိုက်ကာ အသက် ဘာလုပ်ရမှန်းမသိ။

သစ္စာမွန်စာပေ



မိန်းမက ဒါဆို ဒါပဲဖြစ်စေခဲ့သော…

လွန်စွာလည်း ချမ်းချမ်းသာသာ နေချင်ရှာသော အဖေဟာ အသက်ကို ငှဲပါ့မလား…

✲ ✲ ✲

www.burmeseclassic.com

"ဟယ်... ရှိင်း"

ကျောင်းရဲ့ရှေ့မှာ ရှိင်းကိုမြင်လိုက်ရသဖြင့် အသက် အပေါ်ထပ် ကော်ရစ်တာမှနေ၍ အောက်ထပ်ကို တအားပြေးဆင်းသည်။ ကျောင်းတံခါးဝကိုကျတော့ မပြေးရဲဘဲ ခပ်သုတ်သုတ် လျှောက်ရ၏။

"ရှိင်း"

လူရှိင်းက ခပ်ပြုံးပြုံးမျက်နှာနှင့် ခေါင်းညိတ်ပြကာ မုန့်နှင့် ဖာလူဒါဆိုင်ထဲ ဝင်သွားသဖြင့် အသက် နောက်က လိုက်ဝင်ခဲ့သည်။

"ရှိင်း... နှင် ငါ့ဆီလာတာလားဟင်"





"နှင့်ဆီမလာလို့ ဒီကျောင်းကို ငါက ဘာကိစ္စလာရမှာလဲ"

"သိဘူးလေ၊ နှင်ပဲ ဟိုနေ့က ဆွေဆွေ့ကို စာလိုက်ပေးတယ်ဆို"

"နှင့်ကို ဘယ်သူပြောလဲ"

"သူတို့ပဲပြောတာ၊ နှင့်သူငယ်ချင်းဆိုတဲ့ကောင်၊ ငါ့ကို စာလိုက်ပေးတယ်တဲ့၊ နှင်က ဘာလို့သွားပေးတာလဲ၊ အဲဒီကောင်မတွေက သိပ်ဘဝင်မြင့်တာ"

လူရှိင်းက ဖာလူဒါနှစ်ခွက်မှာ၍ မျက်နှာပေါ်အုပ်ကျနေသည့် ဆံပင်တွေကို လက်တစ်ဖက်နှင့် ထိုးလှန်ပစ်လိုက်သည်။

"ဘာတွေရေးထားလဲ သူမဖတ်ကြည့်ဘူးထင်တယ်"

"မဖတ်ဘူးတဲ့၊ လမ်းမှာ လွှင့်ပစ်ခဲ့တယ်တဲ့၊ နှင့်ကို ချိုးချိုးနှိမ်နှိမ်ပြောနေတာ ငါ မခံနိုင်ဘူး သိလား၊ နောက်မပတ်သက်နဲ့"

"ဘယ်တုန်းကမှ ပတ်သက်ဖို့စိတ်ကူးမရှိဘူး၊ အဲဒီနေ့က ငါက ကားမှတ်တိုင်မှာ ကားစောင့်နေတုန်း သူနဲ့ ကောင်မလေးတစ်ယောက် ဝင်လာပြီး ငါ့ကို မျက်စောင်းချည်းပဲ ထိုးနေတာဟ၊ ငါနဲ့ ဘယ်တုန်းကမှလည်း စကားလမ်းမရှိခဲ့ဖူးဘဲနဲ့၊ အဲဒါနဲ့ ငါလည်း ဒေါသဖြစ်ဖြစ်နဲ့ ဆရာမိုးဝင်း ပစ္စည်းဝယ်ခိုင်းလိုက်တဲ့ ပစ္စည်းစာရင်းစာရွက်ကို သေချာခေါက်ပြီး ချက်ချင်းလိုက်ပေးတာ"

"တကယ်"

"ဟုတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



လူရိုင်းက သူ့စကားသူ သဘောတကျရယ်ရင်း ခေါင်းကို ဆတ်ခနဲလှန်၍ ဆံပင်တွေကို နောက်သို့ပစ်လိုက်သည်။

"မိန်းမတွေရဲ့စိတ်ကို ငါတို့ယောကျ်ားတွေက အသိဆုံးပဲ၊ သူဘာပြောပြော နင် နာမနေစမ်းပါနဲ့၊ ဒါတွေက ရိုးနေပြီ"

"ကြီးကျယ်နေပြန်ပြီ"

"ကဲပါ… ကျယ်တယ်ပဲ ထားလိုက်ပါတော့၊ ရော့… မြန်မြန်သောက်၊ ဈေးတက်သွားဦးမယ်"

လူရိုင်းက ဖာလူဒါခွက်ကို ရှေ့တိုးပေး၍ ပြောသည်။

"ရိုင်း… နင့်ကို ငါ ပြောစရာရှိတယ်"

"ဘာလဲ"

"ခု အချိန်မရတော့ဘူးဟာ၊ ငါ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး"

လူရိုင်းက ဖာလူဒါကို မွှေနှောက်ရင်း အသက်မျက်နှာကို စိုက်ကြည့်ကာ

"ဘာအကြောင်းလဲ၊ အဲဒါပြော"

"ငါ… ငါ့ကို ဆန်းထူးဆိုတဲ့လူနဲ့ ကျောင်းပိတ်တာနဲ့ ပေးစားတော့မယ်တဲ့ဟာ"

"ဟင်"

လူရိုင်း မျက်နှာပျက်သွားသည်။

"မြန်လှချေလား"

"ဟုတ်တယ်၊ ငါဖြင့် အဲဒီလူကြီး ဒီလောက်ခြေလှမ်း





ကျဲလာမယ် မထင်ခဲ့ဘူး"

"ဟိုမိန်းမကြီးစီစဉ်တာ မဟုတ်လား"

"အဖေလည်းပါပါတယ် ရိုင်းရယ်၊ သူက အမေ့ကို လိုင်းဆွဲနေတဲ့ ဒိုင်နာကားပေးမယ်လို့ မက်လုံးပေးထားတာဟ"

လူရိုင်းက ဖာလူဒါကို မသောက်တော့ဘဲ ပေါင်ပေါ် လက်သီးဆုပ်နှစ်ဖက်ထောက်၍ ငြိမ်သက်သွားသည်။

ထိုစဉ် ကျောင်းခေါင်းလောင်းထိုးလေသည်။

"ငါသွားတော့မယ် လူရိုင်း"

"ဟာ… ကုန်အောင်သောက်သွားဦး"

"တော်ပြီဟာ၊ အဲဒီကိစ္စပြောမိတာနဲ့ ရင်ပူသွားပြီ၊ ဘာမှကို မျိုမချချင်တော့ဘူး၊ နင် ငါ့ကို အကြံပေးဦးနော်၊ သေချာစဉ်းစားထား"

အသက်က သမင်လည်ပြန်လှည့်မှာရင်း ခပ်သုတ်သုတ်လေး ထွက်သွားလေသည်။

လူရိုင်း နောက်ကနေ ငေးကြည့်ရင်း ကျန်ခဲ့၏။

အသက်ဟာ ဆင်းရဲနွမ်းပါးလို့ မဝတ်နိုင်၊ မဆင်နိုင်ဖြစ်ကာ အရောင်အသွေးမရှိရှာပေမယ့် ကိုယ်ဟန်သွယ်သွယ်၊ အရပ်မြင့်မြင့်နှင့် ဖြူဖြူချောချောလေးဖြစ်သည်။

အုပ်ခဲသော ဆံပင်တွေက ကျောလယ်ခန့်ထိရှည်ကာ ကျစ်ဆံမြီးလေးနှစ်ဖက်နှင့် ကျောင်းစိမ်းဝတ်စုံလေးနဲ့ဆို လန်းစွာ ကျက်သရေရှိသော အလှပိုင်ရှင်လေး…



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ပညာတစ်ပိုင်းတစ်စနှင့် အသက် ကျောင်းထွက်ရတဲ့အဖြစ်မျိုး ရောက်မှာစိုး၍ အသက်အတွက် လှရိုင်း ကြိုးစားခဲ့သည်။

မိထွေးနဲ့နေရသူမို့ ဒီလောက်အကုန်အကျများတာ ကျောင်းထွက်လိုက်တော့ဆိုတဲ့ အသံထွက်မလာစေရန် ရည်ရွယ်ခဲ့တာဖြစ်သည်။

ဒါကြောင့်လည်း အသက် ဒီအချိန်ထိ ကျောင်းတက်ခွင့်ရခဲ့တာဆိုလည်း မမှားပေ။ လှရိုင်း အသက်ကို ကျောင်းတက်နေတာပဲမြင်ချင်သည်။

သူ ကျောင်းမတက်နိုင်တော့ပေမယ့် အသက်ကို ကျောင်းသူလေးအဖြစ်ပဲ ရှိနေစေချင်သည်။

ခုတော့ ကျောင်းပြီးတာနှင့် ယောက်ျားပေးစားတော့မည်တဲ့။

ဆန်းထူး…

ဒေါ်စိန်ရင်ကို အသေအလဲ ကပ်ပေါင်းနေတာ သိပေမယ့် ဒီလောက်ထိ ဖြစ်လိမ့်မယ်လို့ မထင်ခဲ့မိတာ အမှန်။

လှရိုင်း ဖာလူဒါကို စိတ်မပါစွာသောက်ရင်း စိတ်ညစ်နေမိသည်။

ဆန်းထူးရုပ်ကြီးကို မျက်စိထဲမှာ မြင်နေကာ အသက်အတွက် အတော်လေး စိတ်မကောင်းဖြစ်နေမိ၏။

အသက် ဘယ်လောက်များ စိတ်ညစ်နေရှာမလဲ။





ဘာပဲဖြစ်ဖြစ် စာမေးပွဲအတွက် အနှောင့်အယှက်မဖြစ်ရအောင် သူ အားပေးမှဖြစ်မှာပါ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

"ဟိတ်ကောင် လူရိုင်း၊ မင်းတို့ဟာက ဘယ်လိုလဲ ကွ"

"ဘာလဲ"

လူရိုင်းက မုံ့ချဉ်ရန့် ကုလားထိုင်ကျောမှီပြားတွေကို ဆွဲမ လာရင်း မေးဆတ်မေးသည်။

"မင်းကောင်မလေး ယောက်ျားယူတော့မှာဆို"

"မင်းကောင်မလေးလို့ မပြောပါနဲ့ကွာ၊ မင်းတို့ကလည်း ငါတို့က သူငယ်ချင်းပါ"

"အေးပါ၊ မင်းပဲ သူငယ်ချင်းနေ၊ ဟိုက သူများ နောက် ပါတော့မယ်"

လူရိုင်း ငြိမ်သွားသည်။





"ဟိုကောင်က ဒီနေ့ ခန်းဝင်ပစ္စည်းတွေတောင် ဝယ် လာတာတွေ့တယ်"

"ဟုတ်တယ်၊ ဘာလဲ... မင်း မသိဘူးလား"

"အဲဒါ မသိဘူး"

"အသက်နဲ့လည်း မတွေ့ရတော့ဘူး မဟုတ်လား"

"ဟုတ်တယ်"

တင်မောင်လွင်က အနားမှာ ဝင်ထိုင်၍ စီးကရက် ထုတ် သောက်သည်။

"ဒီကောင်က အသက်ကို တော်တော်ကြီးကိုလိုချင်နေ ဘာကွ၊ အဘိုးကြီးကို ကားတစ်စီးလုံးထိုးပေးပစ်တာ ကြည့်ပါ လား"

"ခု ပေးပြီးပြီလား"

"ပေးမယ်လို့ပြောတာပဲ၊ လူတိုင်းသိနေတဲ့ဟာ၊ အသက်နဲ့ သက်ထပ်တဲ့နေ့ တစ်ခါတည်းလွှဲဖို့ပါတဲ့ဆို၊ ဒါတွေ လက်လွှတ် ခံနိုင်လို့ အသက်ကို မင်းနဲ့ မတွေ့ရအောင် အပြင် လုံးဝထွက်ခွင့် ပေးတာ ကြည့်ပါလား"

လူရိုင်း အလုပ်လုပ်ဖို့ စိတ်မပါဖြစ်ကာ တန်းလျားပေါ်မှာ သွားထိုင်၍ ငိုင်နေမိသည်။ ထိုစဉ် အောင်ကြီးတို့အုပ်စုဝင်လာကာ လူရိုင်းနားမှာ ဝင်ထိုင်လိုက်ကြပြီး

"ဘာလဲ... မင်းသားကြီး ဆွေးခန်းရောက်နေပြီလား"

"ဟုတ်တယ်ဟော့၊ အဲဒီမသာက ခုထိ သူငယ်ချင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောတုန်း၊ လူကြည့်တော့ ကြက်ကြီးလည်လိမ်ခံထားရသလိုပဲ"

အောင်ကြီးက တဟားဟားရယ်၍ လူရိုင်းပခုံးကို ဖတ်ခဲ့ ရိုက်ပစ်လိုက်သည်။

"မင်းကလည်း မင်းပဲ၊ နေရာတကာ သူပဲ စိတ်ဆတ် ဒေါသထွက်၊ ဒါမျိုးကျမှ မြုံ့စိစိနဲ့လုပ်နေရသလား၊ ချစ်ရင် ချစ်တယ် ကြိုက်ရင် ကြိုက်တယ်ပေါ့"

"အေးလေ... အသက်က သူ့အပြောကို စောင့်နေ တာရော မဖြစ်နိုင်ဘူးလား"

"ပြောတော့ ငါက ဘာလုပ်ရမှာလဲ"

"ဟ... သူများနောက်မပါအောင် ကြိုးစားပေါ့ကွ"

"ငါတောင် အလုပ်ရုံမှာအိပ်၊ အလုပ်လုပ်မှစားရတဲ့ ဟာ"

"မင်းကလည်းကွာ၊ ဒီအလုပ်ရုံမှာ လူပျိုတွေချည်း မဟုတ်ပါဘူး၊ ကိုစိန်မြင့်တို့၊ ဦးလှတို့ဆို ဘယ်နှယ့်လုပ်မလဲ၊ သား တွေ၊ သမီးတွေနဲ့ ဒီအလုပ်နဲ့ပဲ ဒီလိုပဲ လှည့်ဖယ်စားသောက်နေ ကြရတာ၊ မိုးပြိုမှာ တွေးကြောက်နေရင် ခံလိုက်"

လူရိုင်းက အောင်ကြီးလက်ထဲက စီးကရက်ကို ဆွဲယူ၍ နှစ်ရှိုက် သုံးရှိုက် ဖွာပစ်လိုက်သည်။

"မင်းတို့က မသိဘူးကွ၊ အသက်နဲ့ငါက တကယ့် ရိုးရိုး သားသား"

"လာပြန်ပြီ၊ ဒီရိုးရိုးသားသား"

"ဒါဆို ငါတို့မေးမယ်၊ မင်း အသက်လင်ယူတော့မ





ဆိုတော့ ဘယ်လိုမှမခံစားရဘူးလား၊ မညာကြေးနော်၊ ညာတဲ့လူ ထမင်းစားတိုင်း လည်နှင်ပါစေ"

"ငါ ခံစားရတာက အသက်ကို သနားတာ၊ ဆန်းထူး ရုပ်ကြီးက အသားမည်း၊ ခါးကိုင်း၊ သွားခေါ"

"အဲဒီတော့ မင်းရုပ်ကလေးနဲ့ ရအောင်ယူပေါ့ကွ"

"ငါတို့က ချစ်သူတွေမှမဟုတ်ဘဲ"

"အစကမဟုတ်ရင် ခုဟုတ်လိုက်ကွာ"

"အဲဒါကိုက ခက်နေတာ"

လူရိုင်း တကယ့်ကို ညည်းညူပြောရင်း မျက်နှာက ညှို့မှဲ့နေသည်။ အသက် သူ့ကို ရိုးသားစွာ အားကိုးနေတာ သူအသိ။

ဘယ်လိုလုပ် ချစ်ပါတယ်လို့ ဖွင့်ပြောရမလဲ... ပြီးတော့ လင်ယူတော့မယ်ဆိုမှ ဖုတ်ပူမီးတိုက် ကောက်ပြောရမယ့်အဖြစ်...

"အသက်ကို မင်း မချစ်ဘူးလား"

လူရိုင်း အသံမထွက်ပေ။

အားလုံးက သူ့ကို ပြုံးစိစိနှင့် ဝိုင်းကြည့်နေကြသည်။

"မချစ်ဘူးဆိုရင် တစ်ခွန်းတည်းပြောကွာ၊ ယောကျ်ားပဲ"

"ချစ်တယ်"

"အေး... အဲဒါ လိုရင်းပဲ၊ ခုလောက်ဆို မင်းအသက် လည်း ဒါကြီးကို နှလုံးနာပြီး ငိုရယ်နေမှာပဲ၊ ရအောင်ခိုးကွာ"

အားလုံးက ဝိုင်းမြှောက်ပေးနေကြပေမယ့် လူရိုင်း ဆွေးမကြွပေ။ ဆန်းထူးက ရုပ်ဆိုးပေမယ့် အဘိုးကြီးအောင့်လောက်



www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိ။ ပြီးတော့ လူပျို။

အသက်ကို ရွှေပေါ်မြတင်ထားနိုင်သလို မြတ်မြတ် နိုးနိုး ချစ်မယ့်သူဆိုတာလည်း သေချာနေသည်။ ရုပ်မလှလို့ လောလောဆယ် အသက် စိတ်ဆင်းရဲရတာမျိုး ရှိချင်ရှိမည်။ ဘဝမှာ ပူပင်ကြောင့်ကြကင်းစွာ နေရမည်သာ။

သူ့မှာ လက်နှစ်ဖက်မှလွဲ၍ တစ်ကိုယ်စာတောင် မတတ်အိပ်ရတဲ့ဘဝ။ အသက်ကို တင့်တင့်တယ်တယ် ဘယ်လိုထားမလဲ။

သူ့ခေါ်လို့ အသက်က လိုက်ပါပြီတဲ့။ အသက်ကို တင့်တယ်အောင် ဘယ်လိုထားမလဲ။ ဘယ်ခေါ်သွားမလဲ။

ကိုယ်တိုင်တောင် လမ်းပျောက်နေတဲ့သူ…

အသက်ကို ဘယ်လိုဦးဆောင်လက်တွဲခေါ်ရမလဲ။

လူရိုင်း သတ္တိမရှိတာတော့ မဟုတ်ပါ။

အားလုံးဟာ အသက်အတွက် သူ ငဲ့ညှာနေမိခြင်း ဖြင့်သည်။ အသက်ကို ဆင်းရဲတွင်းထဲ ဆွဲမခေါ်ရက်ဘဲရှိနေတာက တစ်ပိုင်း… တစ်ပါးသူရင်ခွင်ထဲ ရောက်တော့မည့်အတွက် ကြေကွဲနေမိတာက သပ်သပ်…

ခံစားချက်တို့က လွန်ဆွဲ ရုန်းကြွလျက်… ဘယ်နောက်လိုက်၍ ဆုံးဖြတ်ရမှန်းမသိ။ ချစ်တယ် အသကာရယ်…

စွန့်လွှတ်ရတော့မယ်ဆိုမှ အချစ်စိတ်က ပို၍ပီပြင်လာသည်။ အသက်မျက်နှာလေးကို မြင်ယောင်နေသည်။

ဒီနေ့ဆို အသက်စာမေးပွဲ နောက်ဆုံးနေ့…

သစ္စာမွန်စာပေ



ကျောင်းမှာတွေ့ဖို့သွားတော့လည်း ဓါတ်စိန်ရင်က စာမေးပွဲခန်းထဲက ပြန်ထွက်တဲ့အထိ ထိုင်စောင့်နေသည်မို့ အခွင့်မသာ။

အိမ်မှာကျတော့လည်း ခါတိုင်းလိုများ ထွက်လာမလားမျှော်ပေမယ့် ပေါ်မလာ။ အသက် စာမေးပွဲ ဖြေနိုင်ရဲ့လား။

ကျောင်းစိမ်းဝတ်စုံလေးနှင့် အသက်ပုံစံလေးကို မြင်ယောင်ကာ နှမြောလိုက်ပါဘိ။

* * *

www.burmeseclassic.com

## အခန်း ⏩ ၃

ဆန်းထူးက အသက်လက်ကလေးကို ဆွဲ၍ ခေါ်တဲ့ သွားကြီးကို ပြန်မစေ့နိုင်အောင် ပီတိတွေ ဖြာနေလေသည်။

"အသက်… ဒီဇာအရောင်လေးက မလှဘူးလားဟင်၊ သစ္စာရောင်လေးဆိုတော့ အသက်နဲ့ သိပ်လိုက်မှာ"

"ကဲ… ရှင့်ဟာရှင် ကြိုက်တာဝယ်၊ ဘာမှလာမေးမနေနဲ့"

အထည်ဆိုင်က ကောင်မလေးတွေက ပြုံးနေကြသည်။

ဖြူဖြူလေးနဲ့ မည်းမည်း၊ အကြည်းတန်နဲ့ ချောချောလေး…

ဆန်းထူး မရှက်နိုင်၊ မကြောက်နိုင် သည်းသည်းလှုပ်နေတာကို နားလည်နေကြပုံရလေသည်။





"အသက်လေးရယ်… အသက်ဝတ်မှာကို အသက်ကိုယ်တိုင်နှစ်သက်မှကောင်းမှာပေါ့၊ ဒါဆို အဖြူလေး ယူမလား"

"ကဲ… ယူလိုက်ပါရှင်၊ စိတ်ကိုညစ်တယ်"

"ဟဲ ဟဲ…"

ဆန်းထူးက အပြုံးမပျက် ကောင်မလေးတွေဘက်လှည့်သည်။

"မင်္ဂလာဝတ်စုံတစ်စုံစာအုပ်လိုက် ညီမလေး၊ အဖြူလေးနော်"

"ဟုတ်ကဲ့"

ပြီးတော့ ဘာတွေလျှောက်ဝယ်မှန်းမသိ။

ဆွဲထားသည့် အသက်လက်ကိုလည်း မလွှတ်။

အသက်လေးအတွက်ဆိုသည့် အထည်တွေ၊ အသုံးအဆောင်တွေကလည်း ဆွဲလို့မနိုင်အောင်ဖြစ်နေပြီ။

"ကိုဆန်းထူး… ရှင် ဒီနေ့ ဝယ်လို့ပြီးဦးမှာလား"

– "အသက်အတွက်လေ"

"မလိုပါဘူး၊ ရှင့်ပစ္စည်းတွေနဲ့ ဖြားယောင်းနေလည်း အသက်က လုံးဝအထင်မကြီးဘူး သိလား၊ လူကို ပျော်ရွှင်စေနိုင်တာ အချစ်ပဲ၊ ရှင့်ကို အသက် လုံးဝမချစ်ဘူး"

"အမလေး… ရန်တွေ့နေပုံလေးကိုက ချစ်ဖို့ကောင်းလိုက်တာ အသက်ရယ်၊ ကိုကိုက အသက်ကို ပိုင်ဆိုင်ရဖို့ပဲလိုတာ၊ အချစ်ရှိရာ အချစ်လာတဲ့၊ မေတ္တာဆိုတာ ရောင်ပြန်ဟပ်တဲ့သဘော



www.burmeseclassic.com

www.burmeseclassic.com



ရှိပါတယ်၊ အသက် ကိုကို့ကို ပြန်ကိုချစ်လာမှာ''

''သွားစမ်းပါ၊ ရုပ်ကြမ်းကြီးနဲ့ နွဲ့မနေနဲ့''

နှစ်ယောက်သား ရန်ကြိုတ်ဖြစ်ကြရင်း ဆိုက္ကားပေါ် ရောက်လာကြသည်။

ဆန်းထူးက ရှေ့ကတက်ထိုင်ရင်း…

''အစက တစ်ယောက်တည်းမို့ ကားသုံးစီးကို စီးမှားရာဖို့ပဲ ပစ်ထားလိုက်တာ၊ နောက်ဆို အသက်နဲ့ကိုကို ဘယ်သွားသွား စီးဖို့ ကားတစ်စီးဖြုတ်မယ်၊ အက်စ်အီးတစ်စီးလောက် ဝယ်လိုက်မယ်''

သူ့မှာ ကြွားလို့မဆုံး…

ထိုစဉ် သူတို့ဆိုက္ကား လမ်းဆုံအရောက် တစ်ဖက်မှ ကွေ့ချလာသောဆိုက္ကားက လမ်းလုံ၍ ရှေ့ကို ကျော်အတက်…

နောက်မှာတင်လာသည့် လက်တစ်ဝါးခန့်ချောပြီးသား ပျဉ်ချောင်းရှည်ကြီးတွေက မလွတ်ဘဲဖြစ်ကာ

''ဟာ… ဟေ့ ဟေ့… သေပါပြီဗျာ''

ဆန်းထူး နာကျင်စွာအော်၍ ကိုယ်ကို နောက်လှန်ချလိုက်လျှင် အသက်ရဲ့ကျောပေါ်ကို ဖိကျလာသဖြင့် အသက်က ခါးလေးကုန်းပစ်ကာ ရှေ့ကအဖြစ်ကို လှမ်းကြည့်လိုက်သည်။

ဆန်းထူးအင်္ကျီရင်ဘတ်ကြယ်သီးတွေ ပြုတ်ထွက်ကာ လက်ဖျံမှာ အစင်းရာကြီးတစ်ခု။

ဆိုက္ကားသမားရော ဆန်းထူးပါ ဒေါနှင့် မောနှင့် ဆင်း





ချသွားကာ တစ်ဖက်က ဆိုက္ကားရှေ့ ရောက်သွားကြ၏။

''ဟိတ်ကောင်… မင်း ဘယ်လိုလုပ်တာလဲ၊ တစ်လမ်းလုံး… ဟင်…''

ဆန်းထူး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ဆိုက္ကားရဲ့ ဟိုဘက်ဘေးမှာ လူရိုင်းနဲ့ ကောင်လေး တစ်ယောက်။

စောစောက ဆိုက္ကားပေါ်က သစ်ပုံကြီးကွယ်နေ၍ မမြင်ခဲ့ခြင်း ဖြစ်သည်။

ခုတော့ ပိုဆိုးသွား၏။

''လက်စသတ်တော့ မင်းလက်ချက်ကိုး''

''ဘာဗျ''

ဆိုက္ကားချင်းချိတ်မိသွားမှန်းသိသိချင်း တောင်းပန်ဖို့ ရှေ့ကို လှမ်းအထွက်မှာ ဆန်းထူးကို မြင်လိုက်ရသဖြင့် အံ့ဩသွားမိဆဲ ကြားလိုက်ရသည့် ရန်လိုစကားကြောင့် လူရိုင်း ဒေါသထွက်သွားလေသည်။

တင်မောင်လွင်က ဘာမှဝင်မပြောဘဲ ရပ်ကြည့်နေ၏။

''ဒါ မင်းတို့အလုပ်ရုံကိုသယ်မယ့် သစ်တွေလား''

''ဟုတ်တယ်''

ဆန်းထူးက ခါးထောက်၍ မေးသည်။

ဟိုတုန်းကဆို လူရိုင်းကိုမြင်လျှင် သူ မသိမသာ ရှောင်ခဲ့သည်သာ။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကိုယ်က နိုင်ပြီးသား…

သူ့ကို နှိပ်ကွပ်ရုံပဲ ရှိတော့တာမို့ မျက်နှာက ထိမထင်ဟန် အပြည့်…

"မင်းက ငါ့ကို မကျေနပ်ချက်နဲ့ တမင်ရန်စတာလား လှရိုင်း"

ဆန်းထူးက တမင်ရန်စလိုက်ခြင်းဖြစ်သည်။

လှရိုင်းကို သူ အလဲထိုးဖို့ အခွင့်သာပြီပဲ။

"ကိုဆန်းထူး၊ ခင်ဗျား စကားပြောတာ ကြည့်ပြောနော်"

ထိုစဉ် သူတို့နှားသို့ တအံ့တသြမျက်နှာလေးနှင့် ရောက်လာသူက အသက်ဖြစ်သည်။

"ရှိုင်း"

လှရိုင်းက အသက်ကိုမြင်သည်နှင့် ဒေါသကို တစ်ထစ် လျှော့ချပစ်လိုက်သည်။

"ခင်ဗျား အသက်နဲ့ပတ်သက်နေတဲ့လူမို့လို့၊ အသက်ရဲ့ ဂုဏ်သိက္ခာကိုငဲ့ပြီး ကျုပ် သည်းခံလိုက်မယ်၊ စကားကို ဆင်ခြင်ပြော"

"ဘာကွ… ဟား ဟား ဟား…"

ဆန်းထူးက သူများမခံချင်အောင် နှာညှစ်သံနှင့် လှပ်ရယ်ရယ်သည်။

"လူကြားကောင်းအောင် မပြောစမ်းပါနဲ့ လှရိုင်းရာ၊ ဘယ်သူ့ကိုငဲ့တယ်၊ ဘယ်ဝါကိုငဲ့တယ် လုပ်မနေစမ်းပါနဲ့၊ အား





မတန်ရင် မာန်လျှော့ရတာပဲ၊ အနိုင်မရရင် ရှုံးတာ ရှက်စရာမှ မဟုတ်ဘဲကွ၊ ဝန်ခံစမ်းပါ"

"ခင်ဗျား"

လှရိုင်း ဖျတ်ခနဲ ရှေ့တက်လိုက်လျှင် တင်မောင်လွင်က ဖမ်းဆွဲထားကာ

"လက်မပါနဲ့ လှရိုင်း၊ သူ ပါးစပ်နဲ့ပြောရင် ကိုယ်လည်း ပါးစပ်နဲ့ပဲပြော"

"မပြောဘူးကွာ၊ မိန်းမလို မိန်းမရ ခနဲ့နေတာ ဒါ ယောက်ျားလား"

သူတို့ချင်းပြောနေတာကို တမင်ပြုံးကြည့်၍ ဆန်းထူးက သွားခေါ်ခေါ်ကြီးကို ခေါင်းမော့ရယ်လိုက်သေးသည်။

"ကာယအားနဲ့ သတ်တယ် ပုတ်တယ်ဆိုတာ အင်မတန် အောက်တန်းကျပါတယ်ကွာ၊ တစ်ပဲ ခြောက်ပြား ကောင်တွေလုပ်တဲ့ အလုပ်ပါ၊ ငါတို့က အဆင့်အတန်းနဲ့ နေတဲ့သူတွေပဲ၊ အဆင့်အတန်း ရှိတာကိုပဲ ပြောမှာပေါ့၊ မင်းခုလုပ်ပုံကို ကြည့်လေ၊ ငါတို့ဇနီးမောင်နှံ ဖြစ်တာကို မြင်လို့…"

"ကိုဆန်းထူး… ရှင် ဘာတွေပြောနေတာလဲ"

အသက်က ပတ်ဝန်းကျင်က ကြည့်နေကြသည့် လူတွေကို မျက်စိကန်နိုင်တော့ဘဲ ဒေါသသံလေးနှင့် ဝင်အော်သည်။

"မနက်ဖြန်၊ သဘက်ခါပဲ မင်္ဂလာဆောင်တော့မယ်၊ ဇနီးမောင်နှံဆိုလည်း ဘာဖြစ်လဲ အသက်ရယ်၊ ကိုကို့ရဲ့ သည်းစိမ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝက်လောက်တောင် အသက်တို့လက်ထဲ ပုံအပ်ထားပြီးပြီပဲ''

''ရှင် မဆိုင်တာတွေလျှောက်မပြောနဲ့နော်၊ ခုကိစ္စ ခုရှင်း''

''ရှင်းနေတာလေ သက်ရဲ့၊ ဒီကောင် မစားရတဲ့အမဲ သဲနဲ့ပက်တဲ့ကိစ္စကို သိလို့ပြောနေတာပဲ''

''ခင်ဗျား ထင်ရာစွတ်မပြောနဲ့လေ၊ ကျွန်တော်တို့က ခင်ဗျားကို လုံးဝမမြင်ဘူး၊ ဒီဘက်ကလျှောက်လာတာ၊ ဆိုက္ကား နဲ့ ချိတ်တာ ဆိုက္ကားသမားကို ပြောပါလား''

တင်မောင်လွင်က ဒေါသသံငွေ့ငွေ့နှင့် ဝင်ပြောသည်။

ဆန်းထူးက လက်မခံ…

''အေး… သူများဆို ဒီအဖြစ်ကို ငါလက်ခံတယ် ဒါပေမယ့် ဒီပစ္စည်းရှင်က မင်းတို့ဖြစ်နေတဲ့အတွက် ငါ မယုံဘူး ဒီကောင် သက်သက် ငါ့ကိုဖဲ့တာ''

''အမိပ္ပါယ်မရှိတာဗျာ''

တင်မောင်လွင် ဒေါသထွက်ပြီး၊ လူရိုင်းက တင်မောင်လွင် ကိုင်ထားသည့်လက်ကို ဖြုတ်ချကာ…

''ကဲ… ခင်ဗျားကို ကျုပ်က ရန်စတယ်လို့ ခင်ဗျား ထင်တယ်ဆိုရင် ထားလိုက်တော့၊ ခင်ဗျား ဘယ်လိုဖြစ်ချင်သလဲ''

ဆန်းထူးက ရှေ့တက်လာသည့် လူရိုင်းကိုကြည့်၍ အနည်းငယ် တွန့်သွားသည်။

''မင်းမရတဲ့ပန်းကို ငါရတယ်၊ ဒီအတွက် မင်းတံခါး ကို မင်း ပြန်သိမ်းပြီး အေးဆေးပြန်သင့်တာပေါ့၊ ဘာဖြစ်လို့ ငါ့





ဖဲ့ဖို့ကြိုးစားရတာလဲ၊ မင်းသာ ဖင်ကျွတ်တက်အောင် လုပ်မှ ထမင်း စားရတဲ့ ကိုယ့်ဘဝကို နားမလည်ဘဲ မတူတာကို တုချင်နေတာ''

''ဒီမှာ ကိုဆန်းထူး၊ ခင်ဗျားလိုချင်တာကို ရအောင် ယူနိုင်တယ်လို့ ဘာဖြစ်လို့ပြောတာလဲ၊ အခု ခင်ဗျား အသက်ကို မပိုင်သေးဘူး၊ နောက်ရှစ်ရက်တောင် ကျန်သေးတယ်''

''အားလုံးစီစဉ်ပြီးနေပြီကွ၊ ဖိတ်စာတွေတောင် ရိုက် ပြီးနေပြီ၊ ဘာလဲ… မင်းက ဒီကြားထဲမှာ အသက်ကို ကြိုးစား ချင်သေးလို့လား၊ ဟား ဟား… မောသွားမယ် ကိုယ့်လူ၊ မင်းလို ကောင်ကို ဘယ်မိန်းမကမှ အားကိုးရဲမှာမဟုတ်ဘူး၊ ဘယ်မိဘမျိုး ကမှလည်း သားမက်တော်ချင်မှာမဟုတ်ဘူး''

ဒေါသဖြစ်လွန်းသဖြင့် လူရိုင်းက မဲ့တဲ့တဲ့ အံကြိတ်ပြုံး သည်။

''တစ်နိုင်ငံလုံးမှာ မိဘသဘောတူ စိတ်ကြိုက်ပေးစား သားတဲ့ လင်မယားတွေချည်းရှိတာ မဟုတ်ပါဘူးဗျာ၊ မိဘအားကိုး နဲ့ယူတယ်ဆိုတာ တစ်ခုခုချို့ယွင်းချက်ရှိလို့၊ ကိုယ့်ကိုယ်ကိုယ် အားမကိုးနိုင်တဲ့လူတွေလုပ်တဲ့ အလုပ်ပါ၊ အသက်ကို ခင်ဗျား အခုပိုင်ပြီလို့ပြောနိုင်တာ အသက်အတွက် ကျုပ် အများကြီးငဲ့ညှာနေ လို့ဆိုတာ ခုချက်ချင်း ခင်ဗျား သဘောပေါက်သွားရမယ်''

လူရိုင်းက အသက်ကို တည့်တည့်ရင်ဆိုင်၍ အသက် မျက်နှာလေးကို စိုက်ကြည့်လိုက်သည်။

''အသက်''



www.burmeseclassic.com

www.burmeseclassic.com



"ဟာင်"

"နင် ငါနဲ့လိုက်ခဲ့"

"အို"

ရုတ်တရက်မို့ ထင်မှတ်မထားသည့် စကားကိုကြားရကာ အသက် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသည်။

ဆန်းထူးလည်း လူရိုင်း ဒီလိုလုပ်မယ်မထင်ခဲ့သဖြင့် မျက်လုံးပြူးသွားလေသည်။

"အသက်... မင်း... မင်းနဲ့ကိုကိုနဲ့ အားလုံးစီစဉ်ပြီးသားနော်၊ ဒီကောင်က အလကား ကလေကချေ"

စကားကို ဆင်ခြင်ရမှန်းမသိတော့ဘဲ စိတ်လှုပ်ရှားစွာ ပြောချလိုက်မိသည်။

လူရိုင်းက ဘယ်သူ့ကိုမှမကြည့်ဘဲ အသက်ကိုပဲ စိုက်ကြည့်နေသည်။

ပတ်ဝန်းကျင်က သတိထားမိသည့် လူအချို့က အကဲခတ်လာကြပြီ။ ဆိုင္ဗားသမားတို့က သူတို့ဆိုင္ဗားတွေကို ဘေးလွှတ်ရာဆွဲချထားကာ ပွဲကြည့်ပရိသတ် လုပ်နေကြ၏။

"အသက်... ငါ လုံးဝမရည်ရွယ်ခဲ့တာ အမှန်ပဲ၊ နင့်မင်္ဂလာပွဲကို ပျက်စေဖို့လည်းငါ စိတ်ကူးမရှိခဲ့ဘူး၊ ဒါပေမယ့် သူက ငါ့ကို စိန်ခေါ်တာ၊ ရှုံးသွားတာပဲဖြစ်ဖြစ်၊ အရှုံးပေးလိုက်တာပဲဖြစ်ဖြစ် အဲဒီသူရဲ့ရှေ့မှာ ဒိုင်းဆုကိုကိုင်ပြီး ကခုန်ပြုံးပြဲပြရင် ရှုံးတဲ့သူ ဘယ်လိုနေမလဲ၊ ငါ မခံစားနိုင်ဘူး အသက်၊ နင်





ငါနဲ့လိုက်ခဲ့ပါ"

"အသက်နော်... မင်းနဲ့ငါ လူသိရှင်ကြား ကြေညာထားပြီးပြီ၊ လုံးဝမလိုက်ရဘူး၊ ဒီကောင့်ကို မင်းယူရဲသလား၊ ဒီကောင်မျိုးက နင့်ကို ထမင်းဝအောင် ကျွေးနိုင်မှာတဲ့လား"

အသက်မျက်နှာ တင်းခနဲဖြစ်သွားကာ ဆန်းထူးကို စူးကြည့်သည်။ ပြီးလျှင် လူရိုင်းဆီ ပြေးသွားကာ

"ငါ လိုက်ခဲ့မယ်"

"အသက်"

ဆန်းထူး ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်သွားသည်။

စောစောက ထိုမထင်ဟန် လှောင်ပြုံးများ မျက်နှာမှာရှိတော့ဘဲ အရှုံးမီးဝိုင်းခံရသလို မျက်နှာက သွေးဆုတ် ခြောက်ခြားလျက်... တင်မောင်လွင်က ပြုံးနေသည်။

လူရိုင်းက အသက်လက်ဖျားလေးကို ဆွဲ၍

"မိန်းမတစ်ယောက်ကို ချမ်းသာတိုင်း မရနိုင်ဘူးဆိုတာ ခင်ဗျား သဘောပေါက်ပြီလား၊ ဟဲ ဟဲ... အိမ်ပြန်ပြီး မင်္ဂလာ ပိတ်စာတွေဖတ်၊ စိတ်ကူးယဉ်လိုက်ဦးပေါ့ဗျာ၊ သွားပြီ"

"ဟိတ်ကောင်... အသက်"

* * *



www.burmeseclassic.com

www.burmeseclassic.com

"ကဲ… ငါတို့ ဘယ်လိုလုပ်ကြမလဲ"

"ဘာလဲ"

လှရိုင်းက အသက်ထမင်းပန်းကန်ထဲကို ကြက်အသည်းဖတ်လေး လှမ်းထည့်ပေး၍ အေးတိအေးစက်…

"ငါတို့ ဘယ်လိုနေကြ၊ ဘာလုပ်ကြမလဲလို့ပေါ့၊ ရိုင်းရယ်… နင်က အေးတိအေးစက်နဲ့"

"မအေးစက်လို့ ငါက နင်နဲ့ရောပြီး ငိုနေရမှာလား။ တစ်ယောက်က ကြောက်နေတာကို မဖြေဘဲ အတူကြောက်နေရင် နှစ်ယောက်လုံးသေမှာပေါ့၊ ပူမနေနဲ့၊ ပြဿနာရှိရင် အဖြေရှိတယ် သူ့ဟာသူ ဖြစ်လာလိမ့်မယ်၊ လောလောဆယ် အဲဒီပန်းကန်ထဲက ထမင်းတွေကုန်အောင်စားလိုက်"

အသက်က နှုတ်ခမ်းရှူသည်။





"မစားနိုင်ပါဘူး၊ ဒီမှာ ရင်ပူနေတဲ့ဟာတွေ၊ ဘယ်လိုမျိုချမလဲ"

"ရင်ပူနေတာကို အစာအိမ်ကမပူမှ ဖြေရှင်းလို့ရမှာပေါ့၊ စားမှာသာစား၊ မစားရင် ငါ နှံ့ကျွေးမှာနော်၊ ထမင်းဆိုင်ထဲမှာဆိုပြီး ရှောင်နေမှာမဟုတ်ဘူး"

လှရိုင်းအကြောင်းကိုသိ၍ အသက် ထမင်းစားလိုက်ရပေမယ့် ရင်ထဲမှာ ပူပြင်းနေလေသည်။

ခုလောက်ဆို ဖေဖေနဲ့ဒေါ်လေး အသက်ကို ဒေါသူပုန်ထနေပြီ။

သူ့ဒွေးယောက္ခမဖြစ်ရတော့မှာမို့ သွေးကြွရွှင်လန်းနေသော အဖေ့မျက်နှာကိုမြင်ယောင်ကာ ရင်ထဲမှာ နင့်သွားမိသည်။

အဖေက ကြာရှည် စိတ်ညစ်မခံတတ်သူမို့ အသက်အပေါ် ဒေါသရေမရှည်နိုင်ပေမယ့်…

'လိမ္မာလိုက်တဲ့သမီး၊ မိဘကို ကျေးဇူးဆပ် သွားတဲ့သမီး' တဲ့ ငေါ့လုံး ထေ့လုံးတွေနဲ့ ဒေါ်စိန်ရင် ပြောလို့ဆုံးမှာ မဟုတ်တော့ဘူး။

မိဘကို ကျေးဇူးဆပ်ချင်ပါသည်။

အဖေ့ကိုလည်း ချမ်းချမ်းသာသာ ထားချင်တာမှန်ပါ၏။ ဒါပေမယ့် ဘဝတစ်ခုလုံးကို မီးလောင်တိုက်အသွင်းခံ၍ ဒီလိုနည်းနဲ့ ထားပြီး ကျေးဇူးဆပ်ရလောက်အောင်တော့ အသက် မစွန့်စားနိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆန်းထူးနဲ့ လက်ထပ်ဖို့ကိစ္စ မငြင်းနိုင်ဘဲ တွေဝေစွာ ရှိခဲ့
မယ့် နောက်ဆုံးအချိန်ထိ စိတ်ကို ဒုံးဒုံးချမိမှာမဟုတ်တာ သေချာ
သည်။

လှရှိန်းနဲ့ တွေ့ချင်နေသည်။

တွေ့ဖို့ကို အကြောင်းက ရှာလို့မရ။

ဒီချိန်မှာ လှရှိန်းနဲ့မှ ပက်ပင်းတိုး၍ ပြဿနာကို မီးခွ
ထွန်းရှာသူက ဆန်းထူး....

သူ့ဒုက္ခနဲ့သူ ခုလောက်ဆို ရူးများရူးနေမလား မသိ

ဒါကို အသက် ဂရုမစိုက်ပါ။

စိတ်ထဲမှာရှိနေတာက အဖေ...

ကိုယ်ထင်ရာလုပ်ခဲ့ပြီဆိုမှ အဖေ့ကို သနားနေမိသည်

အဖေ ငါ့ကို ခွင့်လွှတ်နိုင်ပါ့မလား...

ထွေးလုံးရစ်ပတ်နေသော အတွေးတို့က လှရှိန်းသွား
နောက် လျှောက်လိုက်နေရပေမယ့် စက်ရုပ်တစ်ရုပ်နှယ်...

လှရှိန်းက ရွှေဆိုင်ရှေ့မှာရပ်ကာ သူ့လည်ပင်းနှင့် လက်
ဝတ်ထားသည့် ပစ္စည်းလေးတွေကို ဖြုတ်ရောင်းနေသည်။

တစ်ယောက်တည်းသမားပီပီ အသောက်အစား အ
အဖြုန်းနည်းသူမို့ ပိုသမျှကို စုဆောင်း၍ ပစ္စည်းလုပ်ထားခဲ့သည့်အကျိ
ချက်ချင်းခံစားလာရသည်။

အဲ့ကြိုးနဲ့ လက်စွပ်ရောင်းလိုက်တာ ကိုးသောင်းတ
ရတယ်။





"နင့်ဆွဲကြိုးက အတုတ်ကြီးကို ဒါပဲရသလား"

"ငါးမူးသားတောင် မပြည့်ဘူးတဲ့၊ လက်စွပ်ကလည်း
ပါးပါးသေးသေးလေးကိုး"

"နမြောစရာကြီး ရှိန်းရယ်၊ အဲဒါ ငါ့ကြောင့်"

"ဟောဗျာ"

လှရှိန်းက လှည့်ကြည့်သည်။

"အဲဒါ စုထားကတည်းက မိန်းမယူဖို့ စုထားတာ၊
မိန်းမရလို့ ဖျောပစ်တာ ဘာဖြစ်လဲ"

"ဟင်... ဘယ်မိန်းမကိုယူဖို့လဲ"

အသက်မေးပုံက ပျာပျာသလဲ...

"နင့်ကိုလေ"

"သွားပါ"

အသက် မျက်စောင်းထိုးသည်။

"ဟိုသွားခေါ်ကို မခံချင်လို့ ကောက်ခေါ်လာတာကို
များ"

"တွေ့လား၊ ပြောရင် မယုံဘူး၊ အဲဒါတွေပေါ့၊ နဖူး
နားနားထုချပစ်လိုက်ချင်တာ"

လှရှိန်းက အသက်လက်ဖဝါးလေးကို ခပ်တင်းတင်းဆုပ်
၍ ကြိမ်းသည်။

ငယ်သူတို့သဘာဝ...

နေဖို့လည်း မပူ...



www.burmeseclassic.com

www.burmeseclassic.com



စားဖို့လည်း မတွေးဘဲ...

ရင်ခုန်တာသာ ကဗျာတစ်ပုဒ်ဖြစ်ပါလေသည်။

* * *

"ဟား ဟ္ဘား... ငါထင်သားပဲ၊ လာကြ ဒီကို"

အောင်ကြီးက အပေါက်ဝမှ ဆီးကြို၍ အိမ်ထဲကို ဦးဆောင်ဝင်သွားသည်။

အိမ်ထဲမှာ ဘယ်သူမှမရှိပေ။

အောင်ကြီးက သင်ဖြူးလေး ဖြန့်ခင်းပေးသည်။

"ထိုင်ကြကွာ၊ မနက်က တင်မောင်လွင်ပြောလို့ မင်းတို့ ဒီည ငါ့ဆီလာကြမှာပဲဆိုတာ ငါသိတယ်၊ ဒါကြောင့် အလှပြင်ဆိုင်စောစောသိမ်းပြီး လာစောင့်နေတာ"

"မင်းအမေနဲ့ အစ်မရော"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“အငယ်ဆုံးညီမ အဘောရှင်းဖြစ်လို့ သွားကြတယ်လေ ယောကျ်ားက အလုပ်ထွက်နေတော့ သူ့နားမှာ ဘယ်သူမှ မရှိကြ တာနဲ့ အမေနဲ့အစ်မ ပြေးကြတာ”

“အေး… အဲဒါမှ ဒုက္ခပဲ၊ ငါက မှတ်ပုံတင်ပါတယ် သူက ဘာမှမပါဘူး၊ အိမ်မှာ လူကြီးတွေမရှိတော့ ဖြစ်ပါ့မလားကွ ပြီးတော့ အိမ်ငှားဖို့ကိစ္စတွေ ဘာတွေ ငါက တိုင်ပင်ချင်တာ”

“အဲဒါ နောက်ထားပါ၊ မှတ်ပုံတင်ကိစ္စက ဘာမှမပူနဲ့ ဟောဒီမှာ သူ့မှတ်ပုံတင်”

“ဟင်”

သူတို့နှစ်ယောက်လုံး အံ့သြသွားကြသည်။

အောင်ကြီးက ပြုံး၍ ရှင်းပြ၏။

“ဦးလေး ဦးသန်းနဲ့ လာပေးတာကွ၊ ‘မင်းတို့သူငယ် ချင်းက နေစရာမရှိတော့ မင်းတို့ဆီပဲ လောလောဆယ် ရောက်လာ မှာ ဦးသိတယ်’တဲ့၊ ‘ငါ့သမီးလေး ဒုက္ခရောက်မှာစိုးလို့ ဒီမှတ်ပုံတင် ယူသွားပေးပါ’တဲ့၊ ရှာကြံပြီးပေးပေးပါတဲ့ကွာ”

“အဖေရယ်”

အသက် မျက်ရည်ဝဲပြီ။

“အစက သူ့သမီးက သိပ်မငြင်းလို့ လက်ခံနိုင်လောက် တယ်ထင်ပြီး သူ ကြည့်နေခဲ့တာတဲ့၊ ကလေး စိတ်ချမ်းသာရင် ပြီးတာပါပဲတဲ့၊ ဆင်းရဲဖူးနေတဲ့သူပဲ၊ ဆင်းရဲဒဏ်ခံနိုင်မှာပါတဲ့ ဦးလေးပုံစံကြည့်ရတာ တကယ့်ကို ဒေါသမရှိဘူး၊ ဒါပေမဲ့





သူ့မိန်းမအကြောင်းလည်း သူသိပုံပဲ”

“သူ့မှာလည်း မိဘရှိရှာတာမဟုတ်ဘူး၊ ဟောင်းဖို့ ရမ်းဖို့ ထုံးစံအရ ဘာတွေညာတွေ လုပ်မနေနဲ့တော့၊ ပြောချင်တဲ့သူတွေ ကတော့ အပြစ်လွှတ်အောင်နေလည်း မလွှတ်တာကို ကြည့်ပြောမှာပဲ၊ မိဘကိုရိုသေရင် အဲဒီကပဲ ကန်တော့ကြပါစေ၊ အိမ်ထောင်တစ်ခု တူတူတန်တန် ထူထောင်နိုင်ဖို့ပဲ ကြိုးစားကြပါလို့ မင်းတို့ သူငယ်ချင်းကို ပြောပေးပါ”

အောင်ကြီးက ဦးသန်းနှင့်ပြောသမျှကို သေချာ ပြန်ပြော ပြသည်။

အသက် ဝမ်းနည်းလာကာ ကြိတ်၍ရှိုက်၏။

အဖေက ဒီလောက်ထိခွင့်လွှတ်နေလေ… ရင်ထဲမှာ မချိလေ…

“မင်းတို့ ညစာစားခဲ့ပြီးပြီလား”

“ပြီးပြီ”

“ဒါဆို အိပ်ဖို့ အခန်းထဲမှာ ပြင်ပေးခဲ့ပြီ၊ ညှော်စာရင်း တိုင်ဖို့ ငါသွားဦးမယ်၊ ခေါင်းအေးအေးထားကြပါကွာ၊ နေဖို့ ထိုင်ဖို့ နောက်မှကြံကြတာပေါ့”

အောင်ကြီးက အိပ်ရာကအစ ပြင်ပေးခဲ့ပြီးမှ မှတ်ပုံတင် နှစ်ခုကိုယူ၍ အပြင်ထွက်သွားလေသည်။

နှစ်ယောက်လုံး စကားမပြောမိကြဘဲ ငုတ်တုတ်လေးတွေ ထိုင်ကာ ငြိမ်သက်နေကြသည်။ လူရိုင်းက ဆံပင်တွေထဲ လက်



www.burmeseclassic.com

www.burmeseclassic.com



ထိုးဖွလိုက်၊ အသက်ကို ငုံ့ကြည့်လိုက်နှင့် ဘာပြောရမှန်းမသိ။

အသက်မျက်နှာလေးငုံ့ကာ ကျောက်ဆစ်ရုပ်လေးအတိုင်း၊ ညဆိုသည့် တိတ်ဆိတ်ခြင်းက တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ရဲတဲ့အဖြစ်···

"ဟောဗျာ··· အဲဒါ ဘာလုပ်နေကြတာတုန်း၊ ကိုးနာရီ ကျော်နေပြီ၊ အိပ်ကြတော့လေ၊ ပြဿနာပဲ"

အောင်ကြီးက ညှော်စာရင်းတွေ ကိုင်တက်လာရင်း ရယ်မောဟန်ပြောတော့ နှစ်ယောက်လုံး မျက်နှာတွေနီလျက်···

"ကဲ··· ထကြ၊ အခန်းထဲ သွားအိပ်ကြ၊ ဒါ ဘုရားခန်း၊ လင်မယား ငုတ်တုတ်ထိုင်မနေကောင်းဘူး၊ ဟဲ ဟဲ··· ငါက ခေါင်းရင်းအိမ်က လလည်အွမ်းကျွေးအတွက် သွားဝိုင်းကူရဦးမှာ"

အခန်းထဲမှာ သင်ဖြူးလေးခင်းလျက် ဖြူလွလွ မွေးပုံ့နေသော ခေါင်းအုံးစွပ်ကလေးများနှင့် ခေါင်းအုံးနှစ်လုံး။

အသက်က တစ်ဖက်ခြမ်းမှာ ဝင်ထိုင်ကာ ဒူးလေးနှစ်လုံးကို ပြန်ဖက်ထား၍ ငုတ်တုတ်ကလေးအတိုင်းနေသည်။

လူရိုင်းက အသက်ဘေးမှာ အသာဝင်ထိုင်၍

"ငိုနေတာလား"

တိုးတိုးလေး ကပ်မေးသည်။

"မငိုပါဘူး"

"စောစောက ဘာလို့ငိုတာလဲ"

သစ္စာမွန်စာပေ



"ငိုချင်လို့ပေါ့"

"ငါသိတယ်၊ ငါ့ကြောင့် အမေ သူဌေးယောက္ခမ မဖြစ်ရတော့ဘူးဆိုပြီး ငိုတာ"

အသက်က ဒေါသမျက်ဝန်းလေးများနှင့် ဆတ်ခနဲ လှည့်ကြည့်သည်။

"သိရင်လည်း ဘာလို့ခေါ်လာသလဲ"

"နင်ကရော ဘာလို့လိုက်လာတာလဲ"

"နင်က ဖွတ်ခေါ်နေတာကိုး"

"အဲဒီလိုပဲ ခေါ်ရင်လိုက်တတ်လား"

"ရိုင်းနော်"

အသက် သူ့ဘက်ကိုလှည့်၍ ပခုံးကို လက်သီးဆုပ်နှင့် ထုအားပိတ်ထုပစ်လိုက်လျှင် လူရိုင်းက လက်သီးဆုပ်ကလေးတွေကို ဆွဲချုပ်ထားလိုက်သည်။

"အသက်"

"ဘာလဲ"

"ငါ့ကိုချစ်လား"

"မချစ်ဘူး"

"မဟုတ်ဘဲနဲ့ကွာ"

လူရိုင်းက မျက်နှာနား အတင်းကပ်၍ ငုံ့ကြည့်နေသည် အသက်က မျက်နှာနီနီလေးကို အတင်းကွယ်ဝှက်နေကာ

"ရိုင်း··· ဘယ်လိုဖြစ်နေတာလဲ"

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာလေးမော့စမ်းပါ အသက်ရယ်"

"ဟင့်အင်း"

အသက်က အတင်းငုံ့ထားမြဲ…

လှရိုင်းက အသက်ကို ဆွဲဖက်ထားလိုက်ပြီ။

"နှင့်ကို ငါ သိပ်ချစ်တာပဲ၊ သိလား"

တုန်လှိုက်သော အသံနှင့်ပြောသည်။

အသက် စကားလည်း ပြောလို့မရ။ လက်ဖျားတွေလည်း အေးစက်နေကာ သတိလစ်ချင်သလိုလို ဖြစ်နေမိတဲ့အထိ။

"နှင် ငါ့ကိုချစ်တယ်မဟုတ်လားဟင်၊ ငါလေ… နှင့်ကို ဟိုးအရင်ကတည်းက ချစ်နေတာ၊ ဒါပေမယ့် ငါ့ဘဝက အခြေအမြစ်မရှိတော့ နှင့်ကို မဆင်းရဲစေချင်လို့"

အသက်က မျက်နှာလေးငုံ့ချကာ ဘာမှမပြောဘဲ နေ၏။

"အသက် မော့စမ်းပါကွာ၊ ဘယ်လိုဖြစ်နေတာလဲ"

လှရိုင်းက အသက်ကိုဖက်ထား၍ မျက်နှာလေးကို အတင်းဆွဲမော့နေသည်။

အသက်ကလည်း ဖွတ်ပဲရုန်းကာ လှရိုင်းရင်ဘတ်ကို ထု၍

"သူများရှက်လို့ပါဆို၊ ရိုင်းနော်… ငိုပစ်လိုက်မှာ"

"ငိုလေ… ချော့မှာပေါ့၊ အသက်… ငါ့ရင်ဘတ်ကို စမ်းကြည့်စမ်း၊ ရင်တွေခုန်နေတာ တအားပဲ"

အသက်လက်ကလေးကိုဆွဲကာ သူ့ရင်ဘတ်မှာ ကပ်ပြနေပြန်သည်။





"သွားတွေထဲက ယားကျိကျိ၊ လက်ဖဝါးတွေက ကျိန်းပြစပ်နဲ့၊ ဘယ်လိုကြီးလည်းမသိဘူး၊ မင်္ဂလာဦးည ရင်ခုန်တယ်ဆိုတာ ဒါလားမသိဘူးနော်"

"မသိဘူး၊ သွား… ခုန်ဖူးတဲ့လူ သွားမေး"

"ဟင်… နှင်ရော အဲဒီလိုမဖြစ်ဘူးလား"

"မဖြစ်ဘူး"

"မဖြစ်လို့ ဘယ်ရမလဲ၊ ရင်ခုန်သံဆိုတာ စည်းချက်ညီမှ ခိုင်မာတဲ့ချစ်ခြင်းကို တည်ဆောက်လို့ရတာ၊ မခုန်တတ်ရင် သင်ပေးမယ်"

"ရိုင်း… ရိုင်းနော်"

အသက် ရှက်ရွံ့စွာ ရုန်းဖယ်နေလျက်….

"လူကဲလေး"

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

"အိမ်ကတော့ စပေါ်မယူဘူး၊ လခက တစ်လ ငါးထောင်၊ အနည်းဆုံး ခြောက်လစာ စာချုပ်ချုပ်ရမယ်"

"မီးပါရဲ့လား၊ ရေလွယ်ရဲ့လား"

"အားလုံး အိုကေပဲ၊ အိမ်ကလည်း တောင့်တောင့်တင်းတင်းပဲ၊ ခေါင်းရင်းခန်းမှာ အိမ်ငှားရှိတယ်၊ မင်းတို့က ခြေရင်းခန်း၊ လာလေ... မင်းတို့လည်း လိုက်ကြည့်ကြဦးပေါ့"

အောင်ကြီးက အလုပ်ပင်မဆင်းနိုင်ဘဲ သူတို့အတွက် အိမ်ရှာပေးဟဲ့အလုပ်ကို အပြေးအလွှား လုပ်နေသည်။ နောက်ဆုံး အဲဒီအိမ်ကိုပဲ ငှားဖြစ်ခဲ့ပါသည်။

နေစရာရတော့ အိပ်ရာ၊ ခြင်ထောင်ကအစ ဝယ်ရသည်။





"မင်္ဂလာဆွမ်းလေးတော့ ကျွေးချင်တယ်ကွာ"

"ကိုယ့်မှာ ခုချိန် ငွေကအဓိကကွ၊ လှူတာက နောက်တော့ ပြည့်စုံရင် လှူလို့ရတာပဲကွာ"

အောင်ကြီးက စေတနာနဲ့ အကြံပေးပေမယ့် လူရှိုင်းက လက်မခံ။

"လှူတာသက်သက် မဟုတ်ဘူးကွ၊ အသက်အတွက် တစ်သက်မှာ တစ်မင်္ဂလာ၊ ဒါလေးတော့ ငါလုပ်ပေးချင်တယ်၊ မင်္ဂလာဆွမ်းကျွေးမယ်၊ ငါတို့နေမယ့်အိမ်နီးပါးနီးဖိတ်ပြီး မင်္ဂလာလက်ဖက်ရည်လည်း တိုက်ချင်တယ်"

"မင်းရှိတာလေး ကုန်သွားမှာပေါ့ကွာ၊ လက်မှတ်ထိုးပြီးကြပြီပဲ"

"ဘာဖြစ်လဲ၊ အသက်ရှိနေသမျှ စားဖို့က ရှာရမှာပဲ၊ ဒါကို တွေးပူနေဖို့မလိုပါဘူး"

"ဟုတ်ပါတယ် ရှိုင်းရယ်၊ ကိုအောင်ကြီးပြောတာ သဘာဝကျပါတယ်၊ နောက်မှပဲ..."

"ဟာ... နောက်မှ မင်္ဂလာပြန်ဆောင်လို့ရတာတဲ့သလား၊ အဓိပ္ပါယ်မရှိတာကို၊ အောင်ကြီး... ငါ ဖြစ်အောင်လုပ်မှာနော်၊ အဲဒါ မင်း စီစဉ်ပေး"

အောင်ကြီးက သက်ပြင်းရှည်ကြီးချကာ...

"ပြောမရလည်း သဘောပါပဲဗျာ၊ စိတ်သာချ၊ အားလုံးဖြစ်စေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီးက ပြောတဲ့အတိုင်း သူ့ပတ်ဝန်းကျင်မှာ ချက်ပြုတ်ကျွေးမွေးဖို့ အိုးခွက်ပန်းကန်ကအစ အားလုံးငှားပေး စီစဉ်ပေးခဲ့သည်။

အိမ်နီးချင်းတို့က ဖြူဖြူချောချော၊ ခပ်ငယ်ငယ် စုံတွဲလေးကို လူငယ်လေးတွေမို့လည်း ချစ်ကြသလို အစစ အကူအညီပေးမယ့်အကြောင်းလည်း ပြောပြသည်။

ခဏလေးအတွင်းမှာပဲ ပတ်ဝန်းကျင်နှင့် ရင်းနှီးသွားခဲ့လေသည်။

"ကဲ… ကျွေးချင်လိုက်ရတဲ့ မင်္ဂလာဆွမ်း၊ အခု အိုးခွက်ပန်းကန်ဝယ်ဖို့ ဘယ်မှာလဲ ပိုက်ဆံ"

ပိုက်ဆံကို ရေတွက်၍ အသက်က စိတ်ညစ်ပုံလေးနှင့် ပြောတော့ လှူရိုင်းက သူ့ပုံစံအတိုင်း ခပ်အေးအေးပဲ ရှိနေသည်။

"အခု ပိုက်ဆံကုန်ပြီလား"

"ကုန်တော့ ဘယ်ကုန်မှာလဲ၊ စားဖို့ သောက်ဖို့ ဝယ်ခြမ်းထားဖို့ ဘယ်လိုလုပ်မလဲ"

လှူရိုင်းက အသက်ဘေးမှာ ထိုင်ချလိုက်ပြီး အသက်ရဲ့ ပခုံးလေးကို ခပ်ဖွဖွဖက်ကာ

"စားဖို့ သောက်ဖို့ ဝယ်ခြမ်းသိုလှောင်ထားရအောင် လှူရိုင်းဆိုတဲ့ကောင်က မီလျှံနာမှမဟုတ်ဘဲ အသက်ရဲ့၊ ဝယ်စရာ ရှိတာ ဝယ်လိုက်၊ နင် မငတ်စေရပါဘူး၊ ပူမနေနဲ့"

"ငတ်မှာစိုးလို့ မဟုတ်ဘူး၊ လူတော သူတောထဲမှာ





နေပြီး သူများချက်တဲ့အချိန် ကိုယ်မချက်နိုင်ရင် ရှက်စရာကြီး"

"အဲဒါလည်း မပူနဲ့၊ လာ… ဈေးသွားမယ်၊ ဝယ်စရာရှိတာ ရဲရဲဝယ်၊ နောက်မှာ မင်းလင်တစ်ယောက်လုံး ရှိတယ်၊ မကြောက်နဲ့"

"ဟင်း… ပြောပုံကိုက"

"ဩော်… ခက်ပါလား"

လှူရိုင်းက အသက်ပါးလေးကို မနာအောင် ဆွဲလိမ်၍ ရယ်လေသည်။

ဘောကဆိုတာ မွေးမြူထားသင့်တဲ့အရာမှ မဟုတ်ဘဲလေ…။

* * *

www.burmeseclassic.com

www.burmeseclassic.com

"ရှိုင်း… နှင် ဘာတွေလျှောက်လုပ်နေတာလဲ၊ စိတ်ညစ်တယ်"

"ဘာလုပ်လို့လဲ၊ ညစ်မနေနဲ့"

"အဲဒီအင်္ကျီနဲ့ ထမိက ဘာလုပ်ဖို့လဲ"

"ဘာလဲ… လက်ဆောင်ပေးဖို့လို့များ ထင်လို့လား"

ဈေးတန်းထဲမှာပဲ လမ်းလျှောက်ရင်း နှစ်ယောက်သား ကျိတ်ရန်ဖြစ်နေကြပြန်သည်။

အသက်က လက်မောင်းဆွဲဆိတ်လိုက်၊ လူရိုင်းက အသက်လက်ကို ဖယ်ချ၍ နာတဲ့နေရာကိုပွတ်…

သူတို့အဖြစ်ကို ဘယ်သူမှမသိ။





"ဟိုနေ့ကလည်း နှစ်ထည်ဝယ်ပြီးပြီ၊ ဘာလို့ ထပ်ဝယ်ဘာလဲ၊ ဒီမှာ ထမင်းစားဖို့ ပန်းကန်ဝယ်ရဦးမှာပါဆို"

"အဝတ်အထည် သုံးလေးစုံမှမရှိရင် ဘယ်လိုလုပ်မလဲ၊ နှင် သိပ်ကိုမှားပူတာပဲ အသက်ရာ၊ ငြိမ်ငြိမ်လေးနေရင် အိမ်ကျတော့ ပဲလှော်ဝယ်ကျွေးမယ်"

"အရေးထဲက သူက ပြောင်ချော်ချော်နဲ့၊ ငါ အဖေ့ဆီမှာ ငါ့အထည်လေးတွေ ကပ်တောင်းမလို့ စဉ်းစားထားတာ"

"လုပ်မနေစမ်းပါနဲ့၊ အဲဒီနောက်ကြောင်းကဟာတွေ၊ တော်ကြာ ဒီကောင် အလကားကောင် ထပ်ဖြစ်ဦးမယ်"

"အဖေက နင့်ကို ချစ်ပြီးသားပါ"

"အဖေ့ဟာကြီးက သေချင်အောင် မုန်းနေတာလေ၊ တော်စမ်းပါ အသက်ရာ၊ စိတ်ကူးမနေစမ်းပါနဲ့၊ နင်နဲ့ငါ အခု နှစ်ယောက်လုံး လက်ချည်းပဲဘဝကို စရမှာ၊ ဘယ်လောက် ပျော်စရာကောင်းလဲ"

"နင်က ပျော်နေ၊ ငါတော့ လမ်းပျောက်နေတဲ့လူလိုပဲ"

"ဘာလို့ပျောက်ရမှာလဲ၊ ကိုယ်မျက်နှာမူတဲ့အရပ်ဟာ လမ်းပဲ၊ ကိုယ်သွားမယ့်လမ်းဟာ သားရဲတွင်းကြီးပဲဖြစ်ဖြစ်၊ မီးတောင်ကြီးပဲဖြစ်ဖြစ် သွားကိုသွားရမယ်"

လူရိုင်းတို့က ဒုက္ခဆိုတာကို ကြိုတွေးငေးငိုင်နေမည့် အစားထဲက မဟုတ်ပေ။

အလုပ်တစ်ခုကို မလုပ်ခင်က စဉ်းစား…



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီးပြီဆို နောက်ကြောင်းပြန်မကြည့်ကြေးပဲ။ နောင်တ
တွေ၊ တွေဝေတာတွေ လူရှိုင်းမှာမရှိ။

ရန်ဖြစ်ရင်း၊ ဆွေးနွေးရင်းနဲ့ပဲ အိမ်ပြန်ရောက်လာတော့
ဒန်အိုးတစ်လုံး၊ ဒယ်အိုးသေးသေးလေးတစ်လုံးနဲ့ ဟင်းသောက်
ပန်းကန်လေးတစ်လုံး၊ ကြွေပန်းကန်ပြားတစ်ချပ်...

"ပိုက်ဆံလည်း တစ်ရာပဲရှိတော့တယ်၊ ဘယ်လိုလုပ်
မလဲ"

နေရာတကာ ပူပင်တတ်လွန်းသည့် အသက်ကို စေ့စေ့
ကြည့်၍ လူရှိုင်းက ရယ်သည်။

"အခုချက်ဖို့ ဝယ်လာပြီးပြီ မဟုတ်လား၊ အဲဒါ ချက်
ထားလိုက်၊ ငါသွားမယ်"

"ဘယ်ကိုလဲ"

"အလုပ်သွားလုပ်မှာပေါ့၊ ခင်ဗျားမျက်နှာထိုင်ကြည့်နေလို့
ပိုက်ဆံရမှာမှမဟုတ်ဘဲ"

"ရှိုင်းနော်"

လူရှိုင်းက ဟားခနဲရယ်၍ အသက်ခေါင်းလေးကို ပုတ်
သည်။

"အလကား ချစ်လို့စတာ၊ ငါသွားမယ်၊ မိုးမချုပ်ခင်
ပြန်လာခဲ့မယ်"

အသက်က ကိုင်ထားပြီးသည့် ချဉ်ပေါင်ရွက်စည်းကို
ပစ်ချကာ





"အဲဒါကြောင့် ပြောတာပေါ့၊ မနေ့တစ်နေ့ကမှ သွား
တယ်၊ ဒီနေ့ အလုပ်သွားတယ်၊ ငါ့မှာကျတော့ တစ်ယောက်တည်း၊
အဲဒါ နင် ပိုက်ဆံတွေ လျှောက်လျှောက်သုံးလို့၊ မဟုတ်ရင် စားဖို့
မပူရသေးဘူး"

လူရှိုင်းက ထွက်သွားမယ်လုပ်ပြီးမှ အသက်ဘေးမှာ ထိုင်ချ
လိုက်ကာ

"ဆင်းရဲသားဆိုတာ ဒီလိုပေါ့ အသက်ရယ်၊ သူများ
တွေလို ဟန်းနီးမွန်းထွက်ဖို့၊ အပန်းဖြေဖို့ ဘယ်ရှိပါ့မလဲ၊ အား
ငယ်မနေပါနဲ့၊ ငါ စောစောပြန်ခဲ့မှာပါ"

ဘာမှမဟုတ်ပါပဲ အသက်မျက်ရည်ကျတော့ ချော့ရသေး
သည်။

ချစ်စခင်စမို့ မီးဖိုထဲမှာလည်း အတူတူ၊ အဝတ်လျှော်
တော့လည်း ခေါင်းချင်းဆိုင်၊ စားသောက်ကြတော့ ရယ်ရယ်
မောမော...

အသက် ခုတော့ ရင်ထဲမှာ ဟာသွားသည်။

လူရှိုင်းထွက်သွားသည်နှင့် ဘာတစ်ခုမှမလုပ်ချင်တော့
သလို အရုပ်ကြိုးပြတ်ထိုင်ရင်း မျက်ရည်တွေ ဆက်ကျနေမိ၏။

ချော့မယ့်သူမရှိလည်း အဲဒီမျက်ရည်က အလိုက်ကမ်းဆိုး
မသိ ကျနေမြဲသာ။

ရှိုင်းနဲ့အသက် ငွေကြေးပြည့်စုံတဲ့ဘဝလေးနဲ့များ အတူနေ
ကြရရင် ဘယ်လောက်ကောင်းမလဲ...



www.burmeseclassic.com

www.burmeseclassic.com



ဟု တောင့်တမိလေသည်။
ခုတော့…

* * *

# အခန်း ➤ ၄

"ဒီထဲက သမီးအဝတ်အစားတွေ ဘယ်ရောက်သွားလဲ မယ်စိန်"

ဦးသန်းနွဲ့က သံသေတ္တာလေးထဲက နွမ်းဖတ်ဖတ် ထမီ အင်္ကျီလေးတွေကို ဘေးဆွဲချကာ အထဲမှာ ဖွရှာသည်။

ဒေါ်စိန်ရင်က 'ဘာရယ်' ဟုဆို၍ အသက်အခန်းထဲ ဝင်လာသည်။

"ရှင် ခုနက ဘာမေးလိုက်တာလဲ"

"ငါ့သမီး အဝတ်အစားတွေလေ"

"ရှင့်သမီးအဝတ်အစားတွေက ဘာများရှိလို့လဲ၊ အဲဒီမှာ ရှင် ကိုင်ထားတာပဲ"

"ဟာ… မင်းကလည်း၊ မဟုတ်သေးပါဘူးကွာ"

ဦးသန်းနွဲ့က မကျေနပ်။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မာလာတို့ မင်္ဂလာဆောင် ပန်းကမ်းသွားတုန်းက ချုပ်ထားတဲ့ ဖာအဝါလေးဝမ်းဆက်ဟာ အသစ်ကြီးဥစ္စာ၊ အဲဒီဝမ်းဆက်လှူရှင်းချုပ်ပေးလို့ မင်းတောင် အသက်ကို ဆူသေးတယ်လေ"

"အဲဒါ ရှင့်သမီး ပေါင်စားတာ ဖြစ်မှာပေါ့၊ သူ့ကျောင်းမှာ ငွေလိုတိုင်း သူ့ပစ္စည်း သူပေါင်သုံးနေတာပဲ၊ အစကတည်းက အသစ်ရှိလို့လား"

"အေးလေ… မရှိဆို ငါတို့က ဘာဝယ်ဆင်နိုင်လို့လဲ၊ သမီးဝတ်ဝတ်နေတဲ့ ပါတိတ်ဝမ်းဆက်လေးတွေ လတ်လတ်လေးတွေပါ၊ ခု တစ်ထည်မှမရှိတော့ဘူး"

ဦးသန်းနွဲ့က အသက်အကြောင်းကို သိသည်။

အပျိုလေးတန်မဲ့ ဘယ်သူက အရှက်မရှိ ပေါင်နှံချင်ပါ့မလဲ။

မဖြစ်လွန်းတဲ့အခါ ပေါင်ရတာပဲ ရှိမှာပေါ့။

ခုတော့ သေတ္တာထဲမှာ တကယ့်ကို အစုတ်တွေပဲ ရှိတော့သည့်အဖြစ်၊

"နေပါဦး၊ ရှင်က ကျွန်မကိုများ သံသယမျက်လုံးကြီးနဲ့ ကြည့်လို့၊ ရှင့်သမီးရဲ့ အစုတ်အနုတ်တွေကို ကျွန်မက ပေါင်စားတယ်များ ထင်နေလား"

"အိမ်မှာ မင်းနဲ့ငါ နှစ်ယောက်ပဲရှိတဲ့ကိစ္စ၊ ငါက မင်းကို မမေးလို့ ဘယ်သူ့သွားမေးရမှာလဲ"

ဦးသန်းနွဲ့မျက်နှာတင်းလာတော့ ဒေါ်စိန်ရင်က အနည်းငယ်





လေသံလျှော့ကာ

"ရှင်က ဘာလုပ်မလို့တုန်း"

"သူ့အဝတ်အစား သူ့ကို ပေးလိုက်ချင်လို့ပေါ့၊ ခါးဝတ်ခါးစားနဲ့ ယောက်ျားနောက်ပါသွားတဲ့ကိစ္စ၊ ဟိုမှာရော ဖူလုံအောင် ဘယ်ဝယ်နိုင်မှာလဲ"

ဒေါ်စိန်ရင်က ခပ်ထေ့ထေ့ရယ်ကာ

"ဒီလိုဖအေမျိုးတော့ ရှားပါ့နော်၊ ကိုယ့်ကို ခွေးလုံးလုံးဖြစ်အောင် အရှက်ခွဲသွားတဲ့သမီးကို အဝတ်အစားထုပ် လိုက်ပေးဦးမလို့တဲ့၊ ရှားပါ့"

ဦးသန်းနွဲ့က သေတ္တာနားက ထလာ၍ ဒေါ်စိန်ရင်ကို ကြည့်၍

"ကိုယ်လုပ်ယူလို့မရတဲ့ဟာကို လုပ်ရက်လေခြင်းဆိုပြီး သားသမီးကို ပစ်ထားတော့ရော အကောင်းတိုင်းပြန်ဖြစ်လာမှာမို့လို့လား၊ ကိုယ့်စိတ်ကိုယ်တောင် မနိုင်တဲ့ဟာ၊ သူများကို ချုပ်ကိုင်ချင်လို့ရမလား"

"ကဲပါ… ရှင့်သမီးကို ရှင် ကြဲဖန်ခွင့်လွှတ်ပေးလိုက်စမ်းပါ၊ အခု ထုံးစံအရ လာအပ်သလား၊ လာတောင်းသလား၊ မိန်းကလေးတစ်ယောက်ကို ဟင်းရွက်ကန်စွန်းလို ကောက်ယူသွားတာ ကြည့်စမ်း"

"အဲဒါ… ငါ ခွင့်ပြုလိုက်တာပဲ"

"အလိုတော်"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်၊ ငါ့သမီးကို ငါခွင့်လွှတ်တယ်၊ ငါကိုယ်တိုင် ကြည်ဖြူစွာခွင့်လွှတ်ပေးလိုက်တာမို့ ပြန်အပ်ဖို့မလိုဘူးလို့ ပြောလိုက်တာ၊ ကောင်လေးမှာ မိဘလည်းမရှိဘူး၊ ငွေကြေးပြည့်စုံတာလည်း မဟုတ်ဘူး၊ ပြီးတော့ ဒီနားမှာ ဆန်းထူးက ရှိသေးတယ်၊ ပြန်အပ်ရမယ်ဆိုလို့ သူတို့ ဘယ်လောက်ပဲ တင့်တင့်တယ်တယ် ဖြစ်အောင်လုပ်လာလာ၊ စောင့်ကြည့် လှောင်ရယ်မည့်လူတွေက ရယ်ကြမှာပဲ၊ ဆန်းထူးနဲ့နှိုင်းပြီး နှိမ့်ချကြမှာပဲ၊ အဲဒါကို မမြင်စေချင်လို့ သမီးနဲ့ပတ်သက်တော့ သားပဲကွ၊ သူ သိက္ခာမရှိမှတော့ ငါ့သမီး ဘယ်လိုနေမလဲ၊ အဲဒါကြောင့် မနိုင်တဲ့ဝန်ကို မထမ်းနိုင်းတာ၊ ဘယ်သူဘာပြောပြော ငါ့သမီးကို ငါ ခွင့်လွှတ်တယ်''

ဦးသန်းနွဲ့က ပြတ်သားလာတော့ ဒေါ်စိန်ရင်က တစ်ဖက်လှည့်၍ နှုတ်ခမ်းမဲ့သည်။

''အခု ဟိုက ယူထားတဲ့ငွေတွေ ပြန်တောင်းနေပြီ၊ အဲဒါဘယ်လိုလုပ်မလဲ''

''ရှိရင်ပေးမယ်၊ မရှိရင် မတတ်နိုင်ဘူးပေါ့၊ ငါနဲ့မတည့်လို့ ငါ့အိုးပုတ်ပြန်လာစိတ်မျိုးနဲ့ တော်တော်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ထူးပဲ''

''ဒါကတော့ သူကလည်း ကျားနာခဲခဲမှာပဲ၊ အရှက်ကွဲအကျိုးနည်းခံထားရတာကိုး''

''ဟာ… သူ မြင့်မြတ်တဲ့စိတ်ထားရှိရင် ငါတို့ကို ပိုပြီး





ကိုယ်ချင်းစာသင့်တာပေါ့၊ ငါတို့ကရော ဒီလိုဖြစ်စေချင်ပါ့မလား၊ ကိုယ့်သားသမီးကို ပြည့်စုံချမ်းသာတာပဲ မြင်ချင်တာပေါ့၊ မြေနိမ့်ရာ လှံစိုက်ချင်တဲ့စိတ်မျိုးနဲ့၊ ဒီလိုလူမျိုးနဲ့ကွဲသွားတာ ငါ့သမီးကံကောင်းတာ''

ဦးသန်းနွဲ့က မျက်နှာတည်တည်ကြီးနှင့် အပြင်ထွက်သွားလေသည်။

ဒေါ်စိန်ရင်က ပွင့်ဟကျန်ခဲ့သော သံသေတ္တာလေးကို မလုံမလဲ လှမ်းကြည့်လိုက်သည်။

ဘာရမလဲ။

အသက်ပါသွားပြီဆိုကတည်းက အထည်တွေ ထုတ်ယူ၍ ရောင်းစားပစ်လိုက်သည်။

အသက်ကိုယ်တိုင် ပေါင်နှံထားတာတွေလည်းရှိတာ မို့ ဒီကိစ္စက ပြဿနာမရှိနိုင်တာကို သိပြီးသား။

ပြီးတော့ ဒီပတ်ဝန်းကျင်ကို အသက် တော်တော်နှင့် ကပ်ရဲမှာမှမဟုတ်တာ။

ဒါတွေရင်းပြီး ဒေါ်စိန်ရင့်မှာ ပါတိတ်ဝမ်းဆက် နှစ်စုံတောင် ဖြစ်ထွန်းခဲ့ပြီးပြီ။

ကိုသန်းနွဲ့…

ရှင် ဘာတတ်နိုင်မှာလဲ…။

* * *



www.burmeseclassic.com

www.burmeseclassic.com

"အသက်"

"ဟင်"

"ငါတို့ဘဝ ဘယ်လောက်ပျော်စရာကောင်းလဲ၊ ကြည့်စမ်း"

အသက်က ထမင်းငုံ့စားရင်း ရယ်နေသည်။

လူရှိင်းက ဓွန်းနဲ့၊ အသက်က လက်နဲ့…

ပန်းကန် တစ်ချပ်တည်းမှာ နှစ်ယောက်အတူစားနေကြရတဲ့အဖြစ်…

တကယ်လိုအပ်လာပြီဆိုကာမှ အလုပ်က မကောင်း။

တစ်နေကုန်အောင် ခြေတိုအောင်ရှာပါမှ နေ့တစ်ပိုင်းလောက်ပဲ လုပ်ချိန်ရသည်။





အရင်အလုပ်ရုံမှာပဲ ဝင်လုပ်ပါလားဆိုတော့လည်း မိဘကို မလေးစားရာရောက်မှာစိုးတာနှင့်၊ အဲဒီလမ်းထဲ၊ ရပ်ကွက်ထဲ မဝင်လိုတာနှင့်။

ဟိုရုံ၊ ဒီရုံ အလုပ်လိုက်ရှာတော့ ကုသိုလ်ကံက မလိုက်။

လူမလိုတာကတစ်မျိုး၊ လူလိုပြန်တော့ လုပ်ခနှိမ်လွန်း၍ အဆမတန် ပင်ပန်းပါမှ တစ်ပဲခြောက်ပြားပဲရသည်။

လူလူချင်း အညှာမခံတတ်သော ကိုယ့်စိတ်ကိုသိနေသဖြင့် အဲဒီလိုရုံမျိုးမှာ လူရှိင်းက မလုပ်ချင်။

လောလောဆယ် အလုပ်က နေရာတကျမရသေးတာကြောင့် စားဖို့ကို မနည်းရှာနေရသည်။

လိုအပ်နေသည့် ပန်းကန်လေးတစ်ချပ်ကို မဝယ်နိုင်။

ထမင်းစားတော့လည်း ဘယ်သူကမှ အရင်မစားချင်ကြ။

ဒါကြောင့် ထမင်းစားတိုင်း နဖူးချင်းတိုက်၊ လက်ချင်းတိုက်၊ ပြီးတော့ ရယ်ကြ…

ပျော်စရာလည်း ကောင်းသည်။ စိတ်လည်း ညစ်ပါသည်။

ထမင်းကတော့ ဗိုက်ပြည့်တာ၊ မပြည့်တာ မသိ။

စားတော့ စားနေတာပဲဖြစ်သည်။

"ဓွန်းကြီးကလည်း ရုပ်တယ်ကွာ၊ အသက် ငါ့ကို ခွံ့ကျွေး"

လူရှိင်းက ဓွန်းကိုဘေးချ၍ ပါးစပ်ဟပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရိုင်းကလည်း၊ ငါက ငရုတ်သီးနဲ့စားနေတဲ့ဟာ၊ စပ်မှာပေါ့"

"နည်းနည်းပါးပါးတော့ ဖြစ်ပါတယ်၊ ခွံ့ဟာ၊ ဒီမှာဟပေးထားရတာ ယင်ကြီးဝင်ဥတော့မယ်"

အသက်က ထမင်းလုတ်လေးပုံကာ ဝက်သားတုံးလေးကိုဖဲ့တင်၊ သရက်ချဉ်သုပ်လေးပါထည့်၍ လှရိုင်းပါးစပ်ထဲ ခွံ့ပေး၏။

လှရိုင်းက ထမင်းဝါးနေရင်း

"ကောင်းတယ်၊ နောက်ကို မိန်းမခွံ့ကျွေးတာပဲ စားတော့မယ်"

"အံမယ်... လှကို ပဒုမများ မှတ်နေလား"

"မှတ်စရာလား၊ နင်က ပဒုမဆိုရင် ငါက ကိုပေါင်တို ဖြစ်သွားမှာပေါ့"

အသက်က တစ်ယောက်တစ်လုတ်စားနေရင်း ရယ်သည်။

"ဟား... အား... သွားပြီ"

လှရိုင်း ပါးစပ်ကိုအုပ်၍အော်လျှင် အသက် အလန့်တကြား ထမင်းပန်းကန်ကို ချပစ်လိုက်သည်။

"င... ငရုတ်သီးပါသွားပြီထင်တယ်"

"ဟုတ်တယ်၊ အား... စပ်လိုက်တာ"

အသက်က လက် ကပျာကယာဆေးကာ သောက်ရေအိုးက ရေပြေးခပ်၍ လှရိုင်းကို လှမ်းပေးသည်။

ရေသောက်ပြီးတဲ့အထိ လှရိုင်း ရှူးရှဲ ရှူးရှဲဖြစ်နေဆဲ...





"အဲဒါကြောင့်ပြောတာပေါ့၊ ဖြစ်လိုက်ရင် အသည်းအသန်"

"ဘာဖြစ်လို့လဲ"

"နင်ပဲ အခု ငရုတ်သီးဝါးမိပြီး စပ်ပြီလေ"

"ဘယ်သူက စပ်တယ်ပြောလဲ"

"ဟင်"

"အဲဒီလိုလူလည်ကျမှ မိန်းမပြုစုတာ ခံရမှာပေါ့၊ ဘယ့်နှယ့်လဲ မကောင်းဘူးလား"

"ကြည့်စမ်း"

အသက် ရယ်လည်းရယ်ချင်၊ ဒေါသလည်းဖြစ်ကာ

"ကဲ... ကဲ... အဲဒါ လူလည်ကျချင်ဦး၊ ကျဦး"

အသက်က ပန်းကို တအားထုပစ်နေသည်။

လှရိုင်းက တဟားဟားရယ်၍ အသက်ခါးလေးကို ဆွဲဖက်ထားလိုက်သည်။

"ငါ့မိန်းမက သိပ်ချစ်ဖို့ကောင်းတာပဲ"

"မချစ်နဲ့၊ ဖယ်... သူ့ကိုယ်သူ ကလေးလေးမှတ်နေလား မသိဘူး"

"ကွယ်ရာမှာဆို လူကြီး၊ အသက်ရဲ့ရင်ခွင်ထဲမှာကျတော့ ကလေး"

"သွားပါ"

အသက်က မျက်စောင်းကလေးထိုး၍ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖယ်… ဟိုမှာ ထမင်းပွဲသိမ်းရဦးမယ်"

"အသက်"

အသက် ပန်းကန်ဆေးနေတဲ့နားမှာ လှုရိုင်းက ကပ်ထိုင်၍

"ညစာ မချက်နဲ့ကွာ၊ အပြန် ခေါက်ဆွဲကြော် ဝယ်လာမယ်"

"မဝယ်ပါနဲ့ ရိုင်းရယ်၊ ခေါက်ဆွဲကြော်တစ်ပွဲကို ခြောက်ရာ၊ အဲဒီခြောက်ရာက ဆန်ဖိုးနဲ့ ဟင်းစားဖို့ရတယ်၊ ခေါက်ဆွဲ ဝယ်လာရင် တစ်နပ်ပဲစားပြီး ကုန်သွားမှာပေါ့"

လှုရိုင်းက ခေါင်းကုတ်နေသည်။

"ခက်တာပဲကွာ၊ မိန်းမကို ပြည့်ပြည့်စုံစုံထားနိုင်အောင် ဘာလုပ်ရမှန်းကိုမသိတော့ဘူး၊ ငါနဲ့လိုက်လာမှ မိဘ လက်ထဲမှာ ထက်တောင် ဆင်းရဲနေရသေးတယ်"

အသက်က လက်ကို လက်သုတ်ပဝါလေးနှင့်သုတ်၍ လှုရိုင်း့ဘက်ကို လှည့်လာသည်။

"ဆင်းရဲပါစေ ရိုင်းရယ်၊ ငါ ဆင်းရဲတာကို မကြောက်ပါဘူး၊ နင် ငွေမက်ပြီး ဘာမှလျှောက်မလုပ်နဲ့နော်၊ နင်တစ်ခုခု ဖြစ်သွားမှ ငါ ဘဝပျက်မှာသိလား"

"မဟုတ်ကဟုတ်ကတွေ လုပ်မှာတော့ မပူနဲ့၊ ဒီအလုပ်မျိုး ငါ ဘယ်တော့မှမလုပ်ဘူး၊ လူဆိုတာ တိုးတက်ဖို့ကို နေ့ရှိသရွေ့ ကြိုးစားနေရတယ်ဟ၊ ငါကတော့ ချမ်းသာဖို့ ကြိုးစားမှာပဲ"

"ငါတို့အခြေအနေမျိုးနဲ့ နေ့ချင်းညချင်း ချမ်းသာဖို့ဆိုတာ





သမ္မာအာဇီဝနဲ့လွယ်မတဲ့လား၊ ငါတောင်းပန်ပါတယ် ရိုင်းရယ်နော်၊ န်းကန်တစ်ချပ်ကို နှစ်ယောက်အတူစားရတဲ့ ဘဝလေးကိုပဲ ငါ က်တွယ်ရင်ခုန်နေပါ့မယ်"

တစ်ယောက်မျက်နှာ တစ်ယောက်စိုက်ကြည့်၍ ငြိမ် သက်သွားမိကြသည်။

ဒုက္ခနဲ့ သုခရဲ့အလယ်မှာ ဘာလဲ…

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ➤ ၅

"သွားရအောင်ဟော့"

"ကျွန်တော်က သွားလို့မရသေးဘူး"

"ဘာလဲ… မင်းလုပ်ခတောင်းမလို့လား"

"အင်း"

မျိုးဝင်းက ချိတ်ထားသည့်အင်္ကျီကို ကောက်ဝတ်လိုက်ပြီး ပြုံးသည်။

"ငါတို့အလုပ်ရုံမှာ လုပ်ခကို နေ့တိုင်းရှင်းတာ နည်းတယ်ကွ၊ တစ်ခါတလေ ငါးရက်၊ ခြောက်ရက်ကြာမှ သူဌေးမာတ်ကျမှရတာ"

"ဟာ… ဒီလိုဘယ်ဖြစ်မလဲ၊ ကျွန်တော်က ဒီကရမှ ဒါနဲ့စားရမှာ"





ဘေးမှနေ၍ စန်းမြင့်က သက်ပြင်းချသည်။

"သူဌေးတွေက ဒီလိုပါပဲကွာ၊ ငါတို့ကတော့ စိတ်ဆိုးစိတ်ကောက်နေလို့ရတာမှမဟုတ်ဘဲ၊ ကျေနပ်လည်းလုပ်၊ မကျေနပ်လည်း လုပ်ပဲ"

စန်းမြင့်က သူလည်း အိမ်ထောင်သည်မို့ လူရိုင်းလိုပဲခံစားချက်ရှိနေသူဖြစ်သည်။

ဒါကြောင့် ဖေးဖေးမမ ဝင်ပြောပေးသည်။

"ဒါဖြင့် ကိုစန်းမြင့်က ဒီပြင်အလုပ်ရှိတယ်ပေါ့"

"ဘယ်ကရှိရမှာလဲ၊ ငါ့မိန်းမကဆို ခြေတစ်ဖက်မသန်တာ သုံးနှစ်လောက်ရှိပြီ၊ ဈေးတောင် မသွားနိုင်ဘူး"

"ဒါဆို ဘယ်လိုစားကြလဲ"

"ကြွေးယူစားရတာပေါ့ကွာ၊ ဒီက ပိုက်ဆံလေးထုတ်တော့ပြန်ဆပ်၊ ပြီးတော့ ကြွေးပြန်ယူ၊ ပိုက်ဆံပေးရတာချင်း အတူတူ၊ သူလူချင်း အောက်ကျမျက်နှာငယ်ရတာပေါ့၊ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ၊ ဒီပြင်ပညာမှ ကိုယ်ကမတတ်ဘဲ"

"ဘာလို့မတတ်နိုင်ရမှာလဲ ကိုစန်းမြင့်ရာ၊ ဆန့်ပေးလို့သိရတာပဲ၊ သူတို့လည်း အလကားပေးတာမဟုတ်ဘူး၊ ကျွန်တော်တို့ဘက်ကလည်း ပညာနဲ့ တန်ရာတန်ကြေးအတိုင်း ယူထားတာ၊ ငွေအောင်းမထားနိုင်လို့ ဒီအလုပ်ဝင်လုပ်တာပေါ့၊ မဟုတ်ရင် ပုဂ္ဂလိကက လခစားအလုပ်တွေ ပေါလွန်းလို့"

"မင်း ဒီလိုမပြောနဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



ပြန်းခနဲရောက်လာသူက…

အလုပ်မန်နေဂျာ ကိုငွေခင်။

အားလုံး မျက်နှာပျက်သွားကြပေမယ့် လူရိုင်းက လုံး[ဝ] အမူအရာမပျက်ဘဲ ကိုငွေခင်ဘက် တည့်တည့်လှည့်ရပ်ကာ

"ဦးငွေ… ဒီနေ့လုပ်ခ ကျွန်တော့်ကိုရှင်းပေးပါ"

"ပိုက်ဆံရှင်းတာ ငါ့အလုပ်မှမဟုတ်ဘဲ၊ ပြီးတော့ အလုပ်သမားအားလုံး မရှင်းရသေးတဲ့ကိစ္စ၊ မင်းတစ်ယောက်တည်း အသံထွက်နေတာ"

"သူတို့ကရပေမယ့် ကျွန်တော် မရလို့ပေါ့ဗျ။ ကျွန်တော့် အိမ်မှာ ဒီအလုပ်ကရမှ စားရတာ"

"လူတိုင်း ဒီလိုချည်းပါပဲ၊ မင်းလည်း သူတို့လိုပဲ ဖြေရှင်း လိုက်ပေါ့"

မန်နေဂျာ ကိုငွေခင်က မျက်လုံးမှေးမှေးတို့ကို မျက်ခုံး ပင့်၍ တမင်ပြုံးအောင် ဖြဲထားသည်။

လူရိုင်းက ခါးနှစ်ဖက်ထောက်၍ မဲ့သည်။

"အဲဒါ နှစ်ခါနာတာပဲ၊ ကိုယ်လုပ်တဲ့လုပ်အားခကိုတ[ောင်း] တော့လည်း ခေါင်းပုံဖြတ်ခံထားရတယ်၊ ဟိုတစ်ဖက်မှာလည်း အောက်ကျနောက်ကျ ကြွေးယူ၊ ချေးငှား၊ ဒါ လုံးဝသဘာဝမကျဘူး ခင်ဗျားတို့ဟာ ခင်ဗျားတို့ အစက ဘယ်လိုထုံးစံပေ့ ပဲရှိခဲ့ရှိခဲ့ အခု ကျွန်တော့်လုပ်ခကိုရှင်းပေး"

ကိုငွေခင်က ရွံရှာဖွယ်ကောင်းအောင် ခပ်ညှင်းညှင်း ရယ်





နေပြန်သည်။

"ခက်ပါလား၊ ငါ့မှာ ပိုက်ဆံမရှိဘူးလေ၊ မင်းမကျေနပ် ရင် သူဌေးကိုတက်ပြော၊ ဘယ်နှယ့်လဲ… ပြောရဲလား"

"သူဌေးမကလို့ သူဌေးနားရွက်ကိုဆွဲရ ဆွဲရ၊ လူရိုင်း တို့က မှန်တယ်ထင်ရင် မိုလ်မထားဘူး"

မန်နေဂျာက ဘောင်းဘီအိတ်ထဲက ဖုန်းကိုလှမ်းပေးကာ နံပါတ်တစ်ခုကို ရွတ်ပြသည်။

လူရိုင်းက အဲဒီအတိုင်းပဲနှိပ်၍

"ဟုတ်ပါတယ်၊ ကျွန်တော် လူရိုင်းပါ သူဌေး၊ ကျွန်တော့် လုပ်ခရှင်းဖို့ စောင့်နေတာကြာလှပြီ၊ ဘယ်သူရှင်းပေးမှာလဲ"

"… …"

"လုံးဝမစောင့်နိုင်ဘူး၊ ကျွန်တော် ခုလိုချင်တယ်"

"… … …"

"ဘယ်ထိလာယူရမလဲပြောပါ၊ ဟင်… ဟုတ်တယ်"

လူရိုင်းကိုကြည့်၍ တစ်စတစ်စ စုရုံးလာသော အလုပ်ရုံထဲ က အလုပ်သမားတွေ ခေါင်းခါတဲ့လူက ခါ…

ပြုံးတဲ့လူကပြုံး…

"ကျန်တဲ့လူတွေ ကျွန်တော် မသိဘူး၊ ကျွန်တော်က စမိတာ ဘဂျမ်းလို အားလုံးရဲ့သူရဲကောင်းလုပ်နေတာမှ မဟုတ် ဘဲ၊ သူတို့ကလည်း သူဌေးနဲ့ ပဋိပက္ခဖြစ်ချင်ကြပုံမပေါ်ပါဘူး"

"… … …"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ကျွန်တော်ကတော့ မခံနိုင်ဘူးလေ၊ ကြောက်ရင် နှစ်ခါသေတယ်၊ သူတို့ခံနိုင်လို့ သူတို့မပြောတာ ကျွန်တော့်အလုပ်မဟုတ်ပါဘူး၊ ကျွန်တော့်လုပ်ခအားလုံး ရှစ်ရာ သုံးဆယ်၊ နောက်ရောက်တဲ့ ဆိုကရေးတီး ပန်းတန်းတွေ ဆယ့် ရှစ်တန်းတိတိ ကျွန်တော်ထုတာ..."

"... ... ..."

"ဟုတ်တယ်၊ ရှစ်ရာ့သုံးဆယ်"

လူရိုင်းက ဖုန်းပြောရင်း မန်နေဂျာကို လှည့်ကြည့်သည်။

"စိတ်ချပါ၊ ပါးဖက်ကိုက်ပြီးမှ ခင်ဗျားကို ဘယ်သူမှ လက်ဆွဲနှုတ်ဆက်ဖို့မကြိုးစားဘူး၊ ဒါဆို မန်နေဂျာကို ခင်ဗျား ကိုယ်တိုင်ပြောပေးပါ"

လူရိုင်းက ဖုန်းကို ဒီတိုင်းလှမ်းပေးတော့ ကိုငွေခင်က နားထောင်သည်။

မျက်နှာကလည်း တင်းနေ၏။

ပြီးတော့ ဖုန်းကိုပိတ်၍ အိတ်ထဲ ပြန်ထည့်ကာ...

"မင်း နောက်နေ့လာစရာမလိုတော့ဘူးနော်"

ပြော၍ ပိုက်ဆံထုတ်ပေးသည်။

လူရိုင်းက ဟင်းခနဲရယ်သည်။

"ထပ်မပြောပါနဲ့၊ ခင်ဗျားကိုယ်တိုင် လာခေါ်တောင် ကျုပ်မလိုက်ဘူး၊ ကျုပ်မှာ ခေါင်းရှိတယ်၊ လက်နှစ်ဖက်လည်း ရှိသေးတယ်၊ မွေးကတည်းက အမေက မှာထားတာ ဘာလဲ၊





သိလား"

လူရိုင်းက ပိုက်ဆံကို ဘောင်းဘီအိတ်ထဲ ထိုးထည့် ရင်း...

"ငါ့သား 'မအေနဲ့'တဲ့"

အားလုံး ငြိမ်သက်ကျန်ခဲ့ကြလေသည်။

လူရိုင်းက ခြေလှမ်းမှန်မှန်နှင့် ထွက်၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ဆိုင်မှာ သူငယ်ချင်းတွေဆုံဖြစ်ကြတော့ လူရှိုင်းအဖြစ်ကို စိတ်မကောင်းဖြစ်ကြသည်။

"သူတို့က ကုမ္ပဏီကြီးဖြစ်နေပြီး လက်ခွဲရုံလေးတွေလို အလုပ်သမားတွေကို ပစ္စည်းတင်မှရှင်းမယ်ဆိုတဲ့သဘော လုပ်နေတာပေါ့"

"အဲဒီလို ပစ္စည်းတင်မှ၊ ငွေပေါ်မှရှင်းမယ်ဆိုလည်း ငါ လက်ခံပါတယ်၊ ခုဟာက ငါကလည်း တစ်နေ့လုပ်ခ တစ်နေ့ လိုချင်လို့ အဲဒီလိုရှင်းတဲ့ ကုမ္ပဏီပဲဆိုပြီး ဝင်လုပ်တာကွ၊ သူတို့လို မန်နေဂျာကိုတောင် ဆယ်လူလာနဲ့ထားတဲ့ သူဌေးတွေက အလုပ်သမားကျတော့ နည်းနည်းမှဂရုမစိုက်တာ ဘယ်လောက်မခံချင်စရာကောင်းလဲ၊ ဒီအလုပ်သမားတွေရဲ့လုပ်အားနဲ့ သူတို့က တိုက်ဆောက်ထားပြီးပြီ၊ နောက်ပိုင်းဖြစ်ချင်ရာဖြစ်၊ သက်သက်ရင့်တာ"





"ငါတို့ရုံမှာပဲ ပြန်လုပ်ကွာ၊ ဆရာမိုးဝင်းကလည်း မင်းအကြောင်းပဲ ပြောနေတာ"

လူရှိုင်းက ခေါင်းခါသည်။

"အဲဒီလမ်းထဲတော့ ငါ ပြန်မလာချင်ဘူးကွာ၊ အသက်နဲ့သူ့မိသားစုက ရှိသေးတယ်"

"ဘာဆိုင်လဲကွ၊ မင်း အခု စားဖို့ပြဿနာ ဘယ်လိုရှင်းမလဲ၊ အသက်က သနားဖို့ကောင်းတယ်နော်၊ မင်းက လိုက်ခဲ့ဆိုတာနဲ့ ကောက်ခနဲ ထလိုက်လာတဲ့ မိန်းကလေး"

"ငါသိတယ်၊ အဲဒါကြောင့်ပဲ အသက်အတွက် ငါ ငိုနေတာ"

"ငိုနေလည်း ငါတို့နဲ့လာလုပ်ကွာ၊ မင်းစိတ်နဲ့ ဘယ်ရုံနဲ့မှလည်း ဖြစ်မှာမဟုတ်ဘူး၊ အလုပ်ရှင်တော်တော်များများက ဒီတိုင်းပဲကွ၊ ငါတို့လိုလူမျိုးတွေက တခြားပညာလည်း မတတ်တော့ ဒါလုပ်မှငွေရမှာ"

တင်မောင်လွင်က ရေနွေးအိုးကို ဒိုင်းခနဲဆောင့်ချကာ

"တခြားပညာတတ်လည်း သူများအနိုင်းခံရတာပါပဲကွာ၊ အစိုးရဝန်ထမ်းတွေလည်း အစိုးရအလုပ်လုပ်နေကြရတာပဲ၊ မင်းအများတကာလို မိုးခါးရေလိုက်မသောက်နိုင်ရင် ဘယ်အလုပ်မှ မလုပ်နဲ့၊ ဈေးရောင်း"

"ဘာလဲ... မိုးခါးရေ"

"ဟုတ်တယ်လေ၊ အလုပ်ရှင် အလုပ်သမားဆိုတာ ခေတ်



www.burmeseclassic.com

www.burmeseclassic.com



အဆက်ဆက်ရှိလာခဲ့ကြတာပဲ၊ သေးသေးနဲ့ကြီးကြီးမဲ့ ကွာတယ်၊ ခိုင်းတဲ့လူနဲ့ အခိုင်းခံရတဲ့လူတန်းစား ဒီနှစ်ရပ်ကြားမှာ အဖုအထစ်လေးတွေကတော့ ရှိနေကြမှာပဲ၊ ဒါကို အများ မိုးခါးရေသောက်ရင် ကိုယ်လည်းသောက်နိုင်မှ အားလုံးနဲ့ အံဝင်ခွင်ကျဖြစ်မှာပေါ့၊ မဟုတ်ရင် မင်းလိုလူ တော်မှာပဲ"

တင်မောင်လွင်က ကရုဏာဒေါသနှင့် ဝင်ပြောသည်။

လှရိုင်း မျက်မှောင်ကုတ်လျက် ငြိမ်နေသည်။

"ပန်းရံလက်သမား ဝင်လုပ်မလား၊ ပိုတောင်ဆိုးသေးတယ်၊ ကန်ထရိုက်တာက မယားငယ်အိမ်ကို ကားနဲ့ပြေး၊ ငွေရှင်းတဲ့ခေါင်းဆောင်က ဘုံဆိုင်ရောက်၊ ညနေစောင်းလို့ ပြန်ခါနီးကျတော့ အလုပ်သမားတွေက ဘီလပ်မြေအဖွေးသား မျောက်ရုပ်လေးတွေနဲ့ ဆင့်ဟိုဒင်း ခွေးမျှော်သလို မရတဲ့အဆုံးလက်ချည်းပြန်၊ အိမ်ကျတော့ မယားတွေက ထမီအင်္ကျီ ပြေးပေါင် ချက်၊ လုပ်ခက လေးငါးရက်ကြာမှ စုပေါင်းထုတ်၊ ရတဲ့ပိုက်ဆံတွက်ကြည့်လိုက်တော့ ကြွေးက သုံးထောင်၊ ရတာက နှစ်ထောင်၊ ဒီလိုနဲ့ပဲ ချာလပတ်ရမ်းနေကြရတာ၊ ကျေနပ်လည်း လုပ်ရတာပဲ၊ မကျေနပ်လည်း လုပ်ရတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ မကျေနပ်မလုပ်နဲ့လေ၊ သူဌေးက တစ်ယောက်၊ ဆင်းရဲသားကတစ်ထောင်၊ မင်းတို့ ငါတို့မလုပ်လည်း လုပ်ချင်ကြတဲ့ ဆင်းရဲသားအလုပ်သမားတွေက ရိုက်သတ်လို့တောင် မကုန်ဘူး၊ အမှတ်မရှိနိုင်တဲ့ ဆင်းရဲသားတွေ အငတ်မခံနိုင်သမျှ သူတို့ကတော့ နေသာသလိုနေမှာပဲ"





"နေပါဦး၊ မင်းက သိလှချေလား"

"သိဆို ငါ့အဖေက ပန်းရံသမားလေ၊ ခုဆို ဆိုက္ကား အုံနာလေးဖြစ်လို့ ကိုယ့်ဆိုက္ကား ကိုယ်နင်းပြီး ဣန္ဒြေရသွားတာ၊ အစကဆို အိမ်မှာ တော်တစ်လှည့်၊ ပြတ်တစ်လှည့်ပဲ၊ တစ်နေ့ ငါးရာရတဲ့အလုပ်၊ ငါးရာပုံမှန်ရရင် မျှတခွဲခြမ်းသုံးလို့ရတာပေါ့၊ လောက်တာလည်းသိတယ်၊ မလောက်တာလည်းသိတယ်၊ တစ်နေ့ခ တစ်နေ့မရတော့ သွားရော၊ မိသားစုတွေက တစ်ပြုံကြီး၊ အလုပ်က မရှိ၊ ဒီအလုပ်မဟန်လို့ နောက်တစ်လုပ်ပြောင်းမယ်ကြံတော့လည်း ခေါ်မည့်သူမရှိ၊ ခေါ်လို့လိုက်လုပ်တော့လည်း ထိုနည်းနှင်နှင်ပဲ"

"ဟုတ်တယ်၊ ငါတော့ တွေ့ဖူးသမျှ အလုပ်ရုံတွေထဲမှာ ငါတို့ဆရာမိုးဝင်းလောက် စာနာတတ်တဲ့ အလုပ်ရှင် မတွေ့ဖူးဘူး"

"ဟုတ်တယ်၊ ငါတို့အမြို့မြို့ရောက်ခဲ့ဖူးတယ်၊ ဘယ်မှာမှ မမြဲဘူး၊ တစ်ယောက်ကို အဆိုးတစ်မျိုးစီချည်းပဲ၊ ငါတို့က လည်း မလိမ္မာဘူးလေ၊ ဒါပေမယ့် ဆရာမိုးဝင်းကတော့ ဘယ်သူ ဆိုးဆိုး သူက နားလည်ပေးတယ်၊ သူ့ဘက်က မဆိုးအောင် ကြိုးစားပေးတယ်၊ နေစရာမရှိတဲ့လူကို နေရာပေးတယ်၊ အဲဒီအတွက် အခွင့်အရေးမယူဘူး၊ စားစရာမရှိလို့တောင်းတိုင်း မညည်းညူဘူး၊ သူ့ငွေတွေ ပိုပါသွားတဲ့လူတွေလည်း ရှိတာပဲ၊ ဒါပေမယ့် အပြုံး မပျက်ဘူး၊ တစ်ခါတလေ ကိုယ်ကဖြောင့်မတ်ပေမယ့် အခြေအနေကြောင့် လူလိမ်ဖြစ်သွားရတာမျိုးတွေ ရှိတယ်တဲ့၊ အဲဒီလောက်ထိ သည်းခံတတ်တဲ့လူ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် သူ့ကို ဆရာမိုးဝင်းဆီမှာပဲ လာလုပ်ဖို့ ခေါ်တာပေါ့၊ ဘယ်လိုလဲ လှုရိုင်း"

"ငါစဉ်းစားဦးမယ်ကွာ၊ အဲဒီ ဒေါ်စိန်ရင်ကြီးနဲ့ငါ ဒီတစ်ခါ ထိပ်တိုက်တွေ့လိုက်ရင် မလွယ်ဘူးကွ၊ သူကလည်း ဖြုတ်မှာပဲ၊ ငါ အဲဒါကို သည်းခံနိုင်မှာမဟုတ်ဘူး"

အားလုံး ငြိမ်သွားကြသည်။

ခုဓောင် အလုပ်ရုံရှေ့ကဖြတ်သွားတိုင်း ဒေါ်စိန်ရင် မျက်လုံးကြီးတဝင်းဝင်းနှင့် လှုရိုင်းကို လှမ်းရှာနေတတ်တာ သူတို့ အသိ…

"ဘာဖြစ်ဖြစ်… ဖြစ်မယ့်ဟာ ပြေးတွေ့ပစ်လိုက်ပေါ့၊ မင်း ဒီလိုပဲ တစ်သက်လုံးလိုက်ရှောင်နေမှာလား"

"ဘယ်ပြဿနာမှ ငါ ခေါင်းမရှောင်ဘူး အောင်ကြီး၊ ခုဟာက အသက်နဲ့ သူ့အဖေ ငါ့ကြောင့် ထပ်ပြီးသိက္ခာမကျစေ ချင်လို့"

"အခု မင်း ဘာလုပ်မလဲ"

"မသိဘူး"

"သုံးဖို့ရောရှိလား"

"မရှိဘူး"

အားလုံး ကိုယ့်အိတ်ထဲ ကိုယ်ပြန်စမ်းကြသည်။

တင်မောင်လွင်ရယ်၊ အောင်ကြီးရယ်၊ နေဝင်းရယ် သုံးယောက်ပေါင်း ငွေတစ်ထောင်ထွက်လာသည်။





"ရော့"

"ဘာလုပ်ဖို့လဲ"

"မင်း ဒီနေ့ အလုပ်မရဘဲ ဘာနဲ့သွားစားမှာလဲ"

လှုရိုင်းက တိုတိုလေးကျန်တော့သည့် စီးကရက်ကို ...ာက်ထုတ်ပစ်လိုက်၍ နေရာမှ ထရပ်လိုက်သည်။

"မင်းတို့ကို ငါ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ...လိုချင်ဘူး၊ အရင်တုန်းက တစ်ယောက်ပါးစပ်ထဲက တစ်ယောက် ...က်စားခဲ့ကြတာမှန်ပေမယ့် အခု အရင်တုန်းကလို မဟုတ်တော့ဘူး၊ ...ါ ဘယ်သူ့အားကိုးနဲ့မှ မရပ်တည်ဘူးလို့ ဆုံးဖြတ်ထားတာ"

"လှုရိုင်း… မင်း ငါတို့လိုလူတွေဆီကမှ မယူရင် ဒုက္ခ ...ရောက်သွားမှာပေါ့၊ ဘယ်သူမဆို အခက်အခဲဆိုတာ ရှိတတ်ကြ ...ာပဲ၊ ဒီလိုပဲ အခိုက်အတန့်တော့ မှီသင့်ရင် မှီရတာပဲကွ"

လှုရိုင်းက ခေါင်းခါသည်။

"ငါ အတျွင့်ပျက်မှာစိုးလို့ပါ"

လှုရိုင်း အားလုံးကို ကျောခိုင်းခဲ့သည်။

လှုရိုင်းဘဝမှာ အားကိုးတယ်ဆိုတာ မရှိစေရ။

မာနကြီးတယ်လို့ပြောကြမလား၊ ဘဝင်မြင့်တယ်လို့ ...င်ကြမလား။

ဘယ်သူဘာပြောပြော ကိုယ်ပြောတဲ့အတိုင်းဖြစ်အောင် ...ပ်ဖို့က ကိုယ့်အပိုင်း။

အချိန်ကိုကြည့်တော့ မနက်ကိုးနာရီ ထိုးပြီ။



www.burmeseclassic.com

www.burmeseclassic.com



အသက်လက်ထဲမှာ ငွေလေးနှစ်ရာပဲ ကျန်ခဲ့သည်။

အချိန်မီ ဘယ်လိုရှာမလဲ…

ဦးနောက်ကို အပြေးအလွှား အလုပ်ပေးရင်း လမ်းလျှောက်နေမိကာ ခြေထောက်သယ်ဆောင်ရာ ပါနေမိတဲ့ အဖြစ်။

"ဟဲ့… သြော်… အလုပ်သမားသွားခေါ်ပါဆိုမှ အအေးသောက်နေပြန်ပြီ ကိုဦးရယ်၊ နင်တို့ မိဘအလုပ်ကို ကူညီထမ်းပေးလို့ ထမ်းမယ့်လူသွားခေါ်ပေးဖို့လေးတောင် ပျာပျာသလဲ မရှိပါလားဟင်"

လူရှိင်းမျက်လုံးတွေက အသံကြားတဲ့ဆီ အလိုလို ရောက်သွားသည်။

အမိုးဖွင့်ဒတ်ဆန်းကားလေးပေါ်မှာ ဆန်အိတ်တွေ အပြည့်

လက်သန်းလုံးခန့် အမ်စီကြိုးကြီးနှင့် လက်ကောက်တွေ ထပ်ညှပ်နေအောင်ဝတ်ထားသည့် အမျိုးသမီးက ပက်စီမော့နေသည့် လျှော့ပင်နှင့်ကောင်လေးတစ်ယောက်ကို ဆူနေခြင်း ဖြစ်သည်။

လူရှိင်းခေါင်းထဲမှာ အလင်းရောင်တစ်ချက်ဝင်လာသည်။

ဆုံးဖြတ်ခြင်းနှင့် ခြေဦးလှည့်လိုက်ခြင်းက တစ်ပြိုင်နက်…

"အစ်မ… ဒီအိတ်တွေထမ်းဖို့ အလုပ်သမားငှားမှာလားဟင်"

အမျိုးသမီးက လူရှိင်းကို မျက်မှောင်ကုတ်ကုတ်နှင့် လှည့်ကြည့်သည်။





"ဟုတ်တယ်၊ ဒီပြင်လူငှားလို့မရဘူး၊ ဟိုသုံးယောက်က လိုသလောက်ပဲ ခွဲခေါ်လို့ရတာမဟုတ်ဘူး"

"ဒါတွေ တိုက်ထဲသွင်းမှာမဟုတ်လား၊ ကျွန်တော်တစ်ယောက်တည်း သွင်းနိုင်ပါတယ်၊ ကျွန်တော် ထမ်းပါရစေ"

"အို… မဟုတ်တာ၊ ဆန်အိတ်အလုံးအစိတ်တောင်"

"ဟုတ်ကဲ့ပါ၊ ဖြစ်ပါတယ်၊ အားလုံးထမ်းပြီးမှ ပိုက်ဆံပေးပါ၊ မပြီးသေးဘဲ ကျွန်တော်မထမ်းနိုင်ရင် တစ်ပြားမှမယူဘဲ ပြန်သွားပါ့မယ်"

အမျိုးသမီးက အံ့သြဟန်နှင့် စူးစိုက်ကြည့်နေသည်။

"ဟုတ်သားပဲ မေမေရာ၊ သူထမ်းနိုင်လို့ပြောတာပေါ့၊ အလုပ်သမားတွေက သွားခေါ်ရင် သူတို့အားမှလာတာ၊ ကြီးကြီးကျယ်ကျယ်နဲ့"

"အေးလေ… ထမ်းကြည့်ပေါ့၊ မင်း ထမ်းဖူးလို့လား"

"ရပါတယ်"

လူရှိင်းက အပေါ်က ဂျင်းအင်္ကျီကိုချွတ်ကာ တိုက်ရှေ့ကန်းခြေလေးအစပ်မှာ သွားတင်ထားလိုက်သည်။

"ရော့… ရော့… ဒီပုဆိုးလေး ပခုံးပေါ်မှာခြုံလိုက်"

အမျိုးသမီးက ပုဆိုးအနွမ်းလေးတစ်ထည် ထုတ်ပေးသည်။

"သားငယ်… မင်းအပေါ်ကနေ နည်းနည်းချပေး လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ကျွန်တော့်ဘာသာပဲ လုပ်ပါ့မယ်"

လှရိုင်းက ဆန်အိတ်ကို ကိုယ့်ဘာသာကိုယ် တက်ထောင် ကပျာကယာပြန်ဆင်း၍ ပခုံးထိုးခံကာ လက်နောက်ပြန်မိအောင် ကိုင်၍ ရအောင်ထမ်းသည်။

ကူမည့်သူမရှိ၊ လုပ်နေမကျတော့ ဒယိမ်းဒယိုင် ပုံစံမကျ အမျိုးသမီးက ရှုံ့မဲ့နေသည်။

"မင်းဟာ မဟုတ်သေးပါဘူး၊ တော်ပြီ... တော်ပြီ မထမ်းနဲ့တော့"

"ဟာ... ရ... ရပါတယ် အစ်မရယ်၊ ဒါ အစမို့ ပါ"

ချက်ချင်းလုပ်၊ ချက်ချင်းငွေရမည့်အလုပ်ကို လှရိုင်း လုံးဝ လက်လွှတ်မခံနိုင်ပါ။ တောင်းပန်၍ မရမကဘဲ ဖြစ်အောင်ထမ်းသွင်း တာ နှစ်လုံးဝင်သွားပြီ။

ကောင်လေးက တဟားဟားရယ်၍ ကားပေါ် ရွေ့ခန် ခုန်တက်လိုက်သည်။

"အစ်ကို့ကိုကြည့်ရတာ စိတ်မချမ်းသာပါဘူးဗျာ ကျွန်တော် ကူပါ့မယ်"

"ရပါတယ်ကွာ၊ ဖယ်ပါ"

လှရိုင်းက အကူမခံ။

တော်ကြာ လုပ်ခထဲက လျှော့သွားရင် ဘယ့်နှယ့်လုပ် မလဲ။ ကောင်လေးကလည်း နပ်သည်။





"အစ်ကို့လုပ်အားခထဲက ဝေစုမတောင်းပါဘူးဗျ၊ ကျွန်တော်က ကူတာပါ"

အဟုတ်ပဲ ကားပေါ်ကနေ ပခုံးပေါ် တွန်းတင်ပေးမယ့် သူရှိမှ လှရိုင်း အဆင်ပြေသွားသည်။

တစ်ချက်ကုန်းလိုက်တိုင်း ခါးထဲက အောင့်ခနဲ၊ ရှူးခနဲ၊ ပခုံးပေါ် ဆန်အိတ်တင်၍ လျှောက်သည့်ခြေလှမ်းက တစ်ချက် တစ်ချက် ခွင်ကျသွားမတတ်။

"ဟဲ့... ကောင်လေး၊ ခဏနားဦး၊ လာထိုင်"

"မနားတော့ဘူး အစ်မ၊ တော်ကြာ ပြန်မကိုင်ချင်မှာ စိုးလို့၊ လက်စနဲ့ တစ်ခါတည်းလုပ်လိုက်တော့မယ်"

"ဟာ... အစ်ကို၊ ကျွန်တော် မောပြီဗျ"

"ရပါတယ်၊ ညီလေး သွားနားပါ"

"ကျိုင်ပဲဗျာ"

ကောင်လေးကလည်း မနေတတ်ရှာပေ။

လှရိုင်း မနားတော့ သူပါ မနားရတော့။

မအေလုပ်သူက သားကိုထွက်ကြည့်လိုက်၊ ဝင်သွားလိုက်။

အထဲမှာ ထပ်ထားပြီးသည့် ဆန်အိတ်တွေကို ဆူးထိုး၍ ဆန်ကိုကြည့်ရတာပင် ဖြောင့်ပုံမပေါ်။

အားလုံးပြီးသွားတော့ ဆယ့်တစ်နာရီခွဲတော့မည်။

ဆန်အိတ်တစ်လုံးကို ငါးဆယ်၊ အလုံးအစိတ်အတွက် ထောင့်နှစ်ရာ့ငါးဆယ်ကို ထောင့်သုံးရာပေး၍



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ နှစ်ရက်ခြားတစ်ခါ ဒီအချိန်ပဲ ဆန်အမြဲချတယ်၊ နောက် မင်းထမ်းချင်ရင် အဖော်ခေါ်လာခဲ့ သိလား"

"ဟုတ်ကဲ့"

"အဖော်မပါရင်တော့ အစ်ကိုနောက်တစ်ခါလာရင် ကျွန်တော် ပုန်းနေမှာနော်"

ကောင်လေးက ရယ်မောပြောရင်း လှူရိုင်းလက်ထဲကို ပက်စီတစ်လုံး လာထည့်ပေးသည်။

"သောက်လိုက်ဦး အစ်ကို၊ အမောပြေ"

ခဏလေးအတွင်းမှာပဲ ကောင်လေးနဲ့ လှူရိုင်း နွေးထွေးစွာ ခင်မင်ခဲ့လေသည်။

ကားပေါ်ပြေးတက်၊ ရောက်တော့ ပြန်ဆင်း။ အိမ်မှား ရောက်တော့ ဆယ့်နှစ်နာရီထိုးသွားပြီ။

အသက် ဝမ်းနည်းအားငယ်နေရှာပေမည်။

* * *

အသက်မျက်နှာလေးက ပြုံးနေသည်။

သနပ်ခါးပါးကွက်ကလေးနှစ်ဖက်နှင့် ဇေဒါရောင် အင်္ကျီ သက်ပြတ်လေးဝတ်ထားသည့် အသက်ပုံစံလေးက ကျစ်ဆံမြီး နှစ်ဖက်ကျစ်ချထားတော့ နုနုငယ်ငယ်လေးနှင့် ဝင်းစက်နေသည်။

ရင်ထဲမှာ မောမောသမျှ ပြေသွား၏။

"အသက် ရေချိုးထားတာလား"

"အင်းလေ ရိုင်းရဲ့၊ အားလုံးချက်ပြီးသွားပြီ"

"ဟင်"

ရိုင်းက အင်္ကျီချွတ်၍ ချိတ်မှာချိတ်လိုက်ရင်း မီးဖိုခန်း ထဲ ဝင်သွားကာ ဟင်းအိုးကို ဖွင့်ကြည့်လိုက်၏။

အချဉ်ဆီပြန်လေးချက်ထားသော ငါးဟင်းက မွှေးကြိုင်စွာ စားချင်စဖွယ် ဖြစ်နေ၏။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ယန်းကန်ထဲမှာ ငါးပိရည်ဖျော်ပြီးသား ငရုတ်သီးမှုန့်လေးနှံ့ ပျစ်ပျစ်လေးရှိနေသည်။

ကော်ပန်းကန်ဝိုင်းသေးသေးလေးထဲက အကွင်းလိုက် ရှိနေသည့် သခွားသီးစိတ်လေးတွေက အဆင်သင့်။

"မနက်က ငွေနှစ်ရာတည်းကျန်ခဲ့တာ၊ နင် ဒါတွေ ဘယ်လိုလုပ်ချက်လိုက်တာလဲ အသက်"

အသက်က ရယ်နေရာမှ မျက်နှာလေး အနည်းငယ်တည် သွားကာ မျက်လွှာချ၏။

"ငါ… ငါ ဟိုဘက်က ဖိုးခွားလေးကိုခေါ်ပြီး ထမ်း ပေါင်နိုင်းလိုက်တာ"

"ဟာကွာ… လုပ်ချလိုက်ပြန်ပြီ"

လူရိုင်း ခြေခါခါ လက်ခါခါ ဖြစ်သွားလေသည်။

"ထစ်ခနဲရှိ ပြေးပြေးပေါင်တတ်တဲ့အကျင့်ကို ငါ မကြိုက် တာ၊ မင်းယောက်ျား အပြင်ထွက်နေတာ လက်ဖက်ရည်ဆိုင်ထိုင်ပြီး ငေါင်နေတာမဟုတ်ဘူး၊ ဘီလီယက်ခုံမှာ အချိန်ဖြုန်းနေတာမဟုတ် ဘူး၊ မင်းစားဖို့ သွားရှာနေတာ"

"သိတယ်လေ၊ ဒါပေမယ့် အချိန်ကိုလည်း ကြည့်ပါဦး ခု နင်ပြန်လာမှချက်ရမယ်ဆိုရင် ဘယ်လောက်ရက်ဖို့ ကောင်းလဲ ဘေးလူတွေ…"

"တော်စမ်းပါ"

လူရိုင်းက တအားအော်ပြီးမှ အသံကိုနှိမ့်ချကာ





"ဘာဖြစ်လို့ အဲဒီပတ်ဝန်းကျင်ကိုပဲ ထည့်ထည့်ပြောနေရ တာလဲ၊ နင့်မှာမရှိတော့ ဘယ်သူကလာပေးလို့လဲ၊ ကိုယ်ရှိမှ ကိုယ် စားရတာ၊ နေရာတကာ သူတို့ကိုပဲ ငဲ့ကြည့်နေစရာ မလိုပါဘူး၊ နေပါဦး… နင် အဲဒီလိုပေါင်နှံတာကို သိပ်ဝါသနာပါတယ် ဟုတ်လား"

"ရိုင်းနော်"

လူရိုင်းက မျက်နှာကြီးတင်းမာနေကာ အသက်ကို စူးစူးရဲရဲ ကြည့်နေသည်။

"နင် ငါနဲ့ယူရင် ငတ်မှာပဲဆိုတာ သိထားခဲ့တာပဲ၊ ဒီလောက်လေးတောင် အကျပ်အတည်းမခံနိုင်ဘူးလား၊ အငတ် မခံနိုင်ဘူးလား၊ ပြော"

အသက် မျက်လုံးပြူးလေးများနှင့် မော့ကြည့်ကာ မျက်ရည် တွေ ဝဲတက်လာသည်။

"နင် ငါ့ကိုမစော်ကားနဲ့ရိုင်း၊ နင် အပြင်ကပြန်လာရင် မောမောပန်းပန်းနဲ့ ချက်ချင်းမစားရမှာစိုးလို့ ချက်ထားတာ"

"အေးလေ… နင် ခု အထည်ပေါင်တော့ရော အဲဒီ ပတ်ဝန်းကျင်က မပြောဘူးတဲ့လား၊ အထင်ကြီးသွားရောလား"

အသက် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာ လေသည်။

"ဒီပတ်ဝန်းကျင်မှာ ဒီလိုလူတွေချည်းပဲ၊ အဓိကက အချိန်နဲ့အခါနဲ့ ချက်နိုင်ဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး… ဒါဆို နှင် အမြဲပြည့်စုံနေအောင် ငါ ခါးပိုက်နှိုက် လုပ်ကျွေးမယ်၊ စိတ်ချ"

"ရှိုင်း… နှင်…"

အသက် ဟီးခနဲ ငိုချကာ ပြေးထွက်သွားလေသည်။

လှူရှိုင်း ငိုင်ငိုင်ကြီး ကျန်နေခဲ့သည်။ အခန်းထဲက အသက်ရဲ့ရှိုက်သံလေးက ပျံ့လွင့်လာ၏။

ရင်ထဲမှာ ဒေါသက ဟုတ်ခနဲ ငြိမ်းကျသွားကာ စိတ်မကောင်းခြင်းတို့က ကြီးစိုးလာ၏။

တကယ်ဆို သူ့အတွက် ကိုယ် ဒေါသဖြစ်ရတာ…

အဝတ်အစားဆို ဘယ်မှာပြည့်စုံအောင်ရှိလို့လဲ။

အသစ်ဝယ်ပေးထားတော့လည်း အသစ်မို့လို့ မဝတ်ရက်ဘူးဆိုပြီး သိမ်းထားသည်။ အဟောင်းကရော ရှိလို့လား…

ခုတော့ မဝတ်ရက်၊ မကိုင်ရက်ထားတဲ့ အထည်လေးက အပေါင်ဆိုင်ရောက်ပြီ။

ကရုဏာဒေါသကြောင့် ဘာတွေပြောပစ်လိုက်မိမှန်း ပင်မသိ။ လှူရှိုင်း အခန်းထဲ ချက်ချင်းဝင်လိုက်လာခဲ့သည်။

"အသက်"

အသက်က ခေါင်းအုံးကို ဆွဲထုတ်၍ မျက်နှာပေါ် အုပ်ချကာ တစ်ဖက်လှည့်ပစ်လိုက်သည်။

တအင့်အင့်ရှိုက်နေတာ ပခုံးလေးတွေပင် လှုပ်နေ၏။

"အသက်"





"သွားနော်… လာမခေါ်နဲ့"

"ငါ နှင့်အတွက်ပြောတာပါ အသက်ရယ်"

"မသိဘူး၊ သွား"

လှူရှိုင်းက ခေါင်းအုံးကို အတင်းဆွဲဖယ်၊ အသက်က အတင်းဖိထားနှင့် ခေါင်းအုံးက ဘယ်ဘက်မှမပါ။

လှူရှိုင်းက အသက်ကိုယ်လုံးလေးကို ပခုံးကနေ ဆွဲမယူလိုက်သည်။

အသက်က အတင်းရုန်းနေသည်။

လှူရှိုင်းက ခေါင်းအုံးကို ဆွဲလွှင့်ပစ်လိုက်ကာ

"ငါ နှင့်ကိုချစ်လို့ပါ အသက်ရယ်၊ နှင် ဆင်းရဲမှာ ကိုသိပ်စိုးတာ၊ ငါလေ နှင့်ကို လှလှပပလေး နေစေချင်တယ်၊ အကောင်းစားတွေ စားစေချင်တယ်၊ ခုတော့ ဘာမှမစုဆောင်းနိုင်သေးဘူး၊ ရှိတာ ထပ်ပုံရတယ်ဆိုတော့ ငါ စိတ်မကောင်းဖြစ်သွားမိတာ"

အသက်က လှူရှိုင်းကို မော့ကြည့်၍ ရုန်းဖယ်ခြင်းတွေ ငြိမ်သက်သွားသည်။ လှူရှိုင်းက အသက်ကိုယ်လုံးလေးကို ခပ်တင်းတင်း ဖက်ထားလိုက်ပြီး

"ပြီးတော့ ပေါင်နှံတာ၊ ချေးငှားတာဟာ အဲဒီထဲမှာ နစ်သွားမိရင် တောက်လျှောက်နစ်တော့တာ၊ ငါ အဲဒီလို စားကြွေးတွေ မတင်ချင်ဘူး၊ ဒီနေ့စားဖို့မရှိရင် ဒီနေ့မစားနဲ့၊ ငတ်တာမဆန်းပါဘူးဟာ၊ ငွေကိုင်နိုင်တဲ့ လူတန်းစားအောက်ကို မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



အောက်ကျခံမည့်အစား ဇော်တာက ဝုဏ်ရှိတယ်"

ကြာရှည်စိတ်မကောက်တတ်တဲ့ အသက်မျက်နှာလေး လှရှိုင်းရင်ခွင်ထဲ ရောက်သွားသည်။

"ငါလည်း နင် အချိန်မီမစားရမှာစိုးလို့ လုပ်လိုက်တာပါ၊ နောက်မပေါင်တော့ဘူး"

"ငါ့အိတ်ထဲမှာ ပိုက်ဆံပါတယ်၊ ညနေကျ သွားပြီး ရွေးလိုက်နော်"

"အင်း"

လှရှိုင်းက အသက်မျက်နှာလေးကို ဆွဲမော့ကာ မျက်ရည်တွေသုတ်ပေးသည်။

"သနပ်ခါးတွေ ပျက်ကုန်ပြီကွာ၊ ဂုလေးကျနေတာပဲ သိပ်အင်္ဂါသည်းတဲ့ မိသက်"

"နင်က တအားကြီးအော်နေတာကိုး"

"အဲဒါ ချစ်လို့"

"သွားပါ"

လှရှိုင်းက အသက်ပါးလေးနှစ်ဖက်ကို နမ်း၍ရယ်သည်

"ထမင်းသွားစားမယ်"

"ဟင့်အင်း… မစားချင်တော့ဘူး"

"ဘာလဲ… စိတ်ကောက်တာလား"

"မဟုတ်ပါဘူး ရှိုင်းရဲ့၊ ငါက အဲဒီလိုပဲ၊ စားခါနီး သောက်ခါနီး တစ်ခုခုစိတ်လှုပ်ရှားလိုက်ရင် ဘာမှမစားချင်တော့ဘူး"





"ဒါဆို ငါလည်းမစားတော့ဘူး"

"ငါ နဲ့ကျွေးမယ်လေ"

"ဟင့်အင်းကွာ"

လှရှိုင်းက အိပ်ရာထဲ ဖျတ်ခနဲလှဲချကာ နဖူးပေါ် လက်တင်၍ အိပ်တော့မလိုပုံစံ လုပ်ပစ်သည်။

"ရှိုင်းနော်… ယောကျ်ားဆိုတာ စိတ်မကောက်ရဘူး၊ ထ▲. ငါပါစားမယ်"

"ကောက်မှာပဲ၊ ယောကျ်ားလည်း စိတ်ရှိတာပဲ"

လှရှိုင်း ပြောပြောဆိုဆို အသက်လက်ကလေးကို လှမ်းဆွဲချလိုက်သည်။

"အမေ့"

အသက် သူ့ဘေးမှာ လဲကျသွားလေသည်။

ချစ်ခြင်း၊ ရင်ခုန်၊ ကြည်ဖြူခြင်းဖြင့်…

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ▸ ၆

တစ်ရာ…

နှစ်ရာ…

လေးရာ…

ရှစ်ရာ…

နှစ်ရာတန်သုံးရွက်နှင့် တစ်ရာတန်လေးနှစ်ရွက်ကို ပွတ်ရေနေမိတာ နှစ်ခါရှိပြီ။

ဆူးလေ၊ မြောက်ဥက္ကလာဆွဲသည့် ၄၃ အဲယားကွန်းကြီးနှင့် ဘော်ဒါသဘောမျိုးပဲ လိုက်ခွင့်ရသည်။

နောက်နေ့ခါချင်အောင် အော်လိုက်၊ ခေါ်လိုက်ရတာ လည်ချောင်းတွေလည်း ကွဲနေသည်။

တစ်နေကုန် မတ်တတ်မို့ ပေါင်တွေလည်း တောင့်နေပြီ။

ဘော်ဒါမို့ ရှစ်ရာတဲ့…





စပယ်ယာတွေရှိပါလျက်နှင့် ကိုယ့်ကို တမင်ခေါ်သွားတာကို ကျေးဇူးတင်ပါသည်။

ရှစ်ရာက နည်းလည်းမနည်းပါ။

ဒါပေမယ့် လှရှိန်း ဘယ်လောက်ရရ မတင်းတိမ်နိုင်။

အချိန်တိုင်း၊ နာရီတိုင်း ခေါင်းထဲမှာရှိနေတာက ဘယ်လို ကြီးပွားအောင်လုပ်ရမလဲဆိုတာ…

"အား… ကျွတ်… ကျွတ်…"

နားထဲမှာ ထူးဆန်းစွာဝင်လာသည့် အသံ…

လှရှိန်း ခြေချောင်းတွေတန့်သွားကာ ပတ်ဝန်းကျင်ကို မျက်လုံးကစားကြည့်လိုက်မိသည်။

တွေ့ပြီ။

လမ်းရဲ့ဘေး ကုက္ကိုပင်ကြီးရဲ့နောက် ခပ်နိမ့်နိမ့်ချိုင့်ထဲမှာ လူတစ်ယောက်…

"အား"

ညည်းသံက ဆက်တိုက်ကြားလာရသဖြင့် လှရှိန်း အဲဒီနေရာကို ပြေးသွားလိုက်မိသည်။

သူ့ကို ဒရိုင်ဘာကခိုင်းလိုက်၍ အုံနာအိမ်လာခဲ့ခြင်း ဖြစ်သည်။

လူကုန်ထံရပ်ကွက်တွေက အဲဒီလောက်ပဲ လူပြတ်ရသတဲ့လား။

ချိုင့်ဝှမ်းချုံထဲမှာ၊ ခေါင်းမှာ သွေးချင်းချင်းနီနေသော



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်က ခေါင်းကို လက်နှစ်ဖက်နှင့်ဆုပ်ကိုင်ကာ ထထိုင်ဖို့ ကြိုးစားနေ၏။

"ဦး… ဦးလေး ဘာဖြစ်တာလဲ"

လူရိုင်းက ကမန်းကတန်း ပြေးထူ၍မေးလိုက်သည်။

ဖြူဖြူခန့်ခန့်မျက်နှာနှင့် အသက်လေးဆယ်ကျော်ခန့် ရှိသော လူကြီးက ရှုံ့မဲ့ညည်းညူရင်း လူရိုင်းကို မော့ကြည့် သည်။

"ဦးကို ကူညီပါ မောင်ရင်ရယ်၊ ဦးရဲ့ဒဏ်ရာ… အား…"

လူကြီး မျက်နှာရှုံ့မဲ့သွားပြန်သည်။

"ဒဏ်… ဒဏ်ရာက သွေးထွက်လွန်နေပြီ၊ ဦးကို ဆေးခန်းတစ်ခုခုကို ပို့ပေးပါကွာ"

"ဗျာ"

လူရိုင်း ကူညီချင်စိတ်နဲ့ ပြေးလာမိပေမယ့် ရုတ်တရက် ဆုံးဖြတ်ရခက်သွားမိသည်။

လူကြီးမျက်နှာကြည့်ရသည်မှာ လူကောင်းတစ်ဦး ဖြစ်ဖို့တော့ များပါသည်။ ဒါပေမယ့် ဒီဒဏ်ရာက ဘယ်လို ရလာမှန်းလည်း မသိ။

ဒဏ်ရာ ဘယ်လိုပဲရလာလာ ဒုက္ခရောက်နေသူကို ကူညီသင့်တာမို့ ကူညီရအောင်က ကိုယ့်မှာ အပိုငွေမပါ။

ဒီနေ့ရတာက မနက်ဖြန်စားဖို့ဖြစ်နေသည်။

"ဦးကို ကူညီပါ လူလေးရယ်၊ ဦး… အား"

သစ္စာမွန်စာပေ



လူကြီးမျက်နှာ ရှေ့ကို စိုက်ခနဲကျသွားလျှင် လူရိုင်း အလန့်တကြား ဖမ်းထိန်းထားလိုက်ကာ ဆုံးဖြတ်ချက်ကို အလျှင်အမြန် ချပစ်လိုက်၏။

"ဦး… ဦးနာမည် ဘယ်သူလဲဟင်"

"ဦးမိုးကောင်းပါ"

ကိုယ် ဆေးခန်းပို့ရမည့်သူကို နာမည်တော့သိမှဖြစ်မှာမို့ မေးရခြင်းရယ်ပါ။

မဟုတ်လျှင် ပြဿနာတက်ရင် ဘယ်လိုရှင်းမလဲ။

* * *

www.burmeseclassic.com

“ကျွန်တော့်စက်ဘီးနဲ့ တိုက်မိလို့ပါဆရာ၊ ဘာပြဿနာမှမရှိပါဘူး၊ သွေးထွက်လွန်မှာစိုးလို့ မြန်မြန်ကုပေးပါ ခင်ဗျာ”

ဆရာဝန်က ဒဏ်ရာကိုကြည့်၍ မှုခင်းမှုရာဖြစ်မည် စိုးကာ သိပ်ကုချင်ပုံမပေါ်။

လှရှိုင်းက အတင်းတောင်းပန်ပြောပြတော့မှ ဒဏ်ရာရထားသည့်တစ်ဝိုက်က ဆံပင်တွေကို ညှပ်ထုတ်ကာ ဒဏ်ရာကို သေချာချုပ်ပေးသည်။

ဦးမိုးကောင်းကတော့ ဆေးထိုးခံပြီး ထတောင်မထနိုင်တော့ပေ။

လှရှိုင်းက သောက်ဆေးတွေကို အိတ်ထဲထည့်လိုက်ပြီး ဦးမိုးကောင်းကို ထူပေးသည်။

“ဦးလေး… ဦး… မူးနေလား”





ဦးမိုးကောင်းက ခေါင်းအသာညိတ်ကာ သူ့ပခုံးကို နမူးနှင့် ထိ၍ အတန်ကြာမှိန်းနေလေသည်။

သူတို့ အပြင်ထွက်လာကြတော့ လမ်းပေါ်မှာ မိုးစုပ် စုပ်ချုပ်နေပြီ။

“ဘယ်နှယ်နာရီလောက်ရှိပြီလဲ ငါ့တူ”

“ခုနစ်နာရီကျော်ကျော်လောက်ရှိရောပေါ့၊ ဦး… ဦးကို ကျွန်တော် ဘယ်ပို့ပေးရမလဲ”

ဦးမိုးကောင်းက သူ့ကိုယ်သူ မဟန်နိုင်တော့သလို ခြံဝန်းတံတိုင်းကို မှီချလိုက်ကာ

“ဦးကို ဟိုလမ်းထိပ်က ကွမ်းယာဆိုင်ဆားက သစ်ပင်ရိပ်ထဲမှာ ထားခဲ့ပါတော့ကွာ၊ မင်းကိုလည်း ဒုက္ခပေးရတာ အားနာလှပါပြီ”

“ဟာ… ဦး လမ်းမှမလျှောက်နိုင်တော့တာ၊ တစ်ယောက်တည်းနေခဲ့လို့ ဘယ်ဖြစ်ပါ့မလဲ၊ ဦးရဲ့အိမ်ဘယ်မှာလဲ သာပြောပါ”

“နေပါစေတော့ မောင်ရင်၊ မင်းမှာလည်း ပြန်စရာစရိတ်တောင် ဆရာဝန်ဆီက တောင်းပန်တောင်းလာရတာ ဦးသိပါတယ်”

“ဒါက ဒါပေါ့ ဦးရယ်၊ ကူညီမိကာမှတော့ အစအဆုံး ကူညီရမှာပေါ့၊ ကျွန်တော့်ကို အားမနာပါနဲ့”

ပြောရင်း လှရှိုင်းက သူ့အပေါ်အင်္ကျီကို ချွတ်၍



www.burmeseclassic.com

www.burmeseclassic.com



ဦးမိုးကောင်းကို လှမ်းပေးလိုက်သည်။

ဦးမိုးကောင်း၏ ရုပ်အင်္ကျီအပြာကွက်ပေါ်မှာ သွေးချေ
စွန်းပေနေတာ မြင်လို့မကောင်း။

"ဒါ ထပ်ဝတ်လိုက် ဦးလေး၊ ဦးလေးကို လူချေ
ဂရုစိုက်လာကြလိမ့်မယ်"

ဦးမိုးကောင်းက လေးကန်သော လှုပ်ရှားမှုများန
လူရိုင်းအင်္ကျီကို ထပ်ဝတ်လိုက်သည်။

"မင်း ဦးကို ဘာဖြစ်တာလဲလို့ မမေးတော့ဘူးလား"

အားနည်းသောအသံနှင့် လူရိုင်းကို စေ့စေ့ကြည့်၍
မေးသည်။

လူရိုင်းက ခေါင်းခါလျက်...

"ဦး ဘာဖြစ်ခဲ့ ဖြစ်ခဲ့ ဒဏ်ရာနဲ့ဒုက္ခရောက်နေတဲ့လူ
တစ်ယောက်အဖြစ် ကျွန်တော်က ကူညီတာပါ၊ လူဆိုး လူ ကောင်း
ဆိုတာကို ကူညီတာမဟုတ်ပါဘူး"

ဦးမိုးကောင်းမျက်လုံးတွေက ခပ်မှိန်မှိန် အလင်းရောင်
ထဲမှာ ရီဝေနေပေမယ့် ကိုယ့်ကိုစူးစိုက်ကြည့်နေတာတော့ သိ သည်။

"ဦးကို အင်းလျားလမ်းထိပဲ ပို့ပေးခဲ့ပါ"

"ဟုတ်ကဲ့"

ဦးမိုးကောင်းက သူ့ကို တွဲပိုးလိုက်သည့် လူရိုင်း
အသာမှီ၍

"ငါ့တူက ဘယ်မှာနေတာတုန်း"





"မြောက်ဥက္ကလာ (၄)ရပ်ကွက်ထဲမှာပါ"

"ဘယ်လမ်းလဲ"

"ကရုဏာ သုံးလမ်း"

လူရိုင်းက ကားလာတဲ့ဆီ မျှော်ကြည့်ကာ...

"နည်းနည်းတော့ တောင့်ထားပါဦး ဦးရယ်၊ ကားပေါ်
မှာ မူးမိုက်လဲနေပါ့မယ်၊ ဦးကို ကျွန်တော် ကကင်္ဂါးပြီး ပို့ချင်
ပေမယ့် ကျွန်တော့်မှာ လမ်းစရိတ်ကမရှိတော့ဘူး"

"ရပါတယ် မောင်ရင်ရယ်၊ မင်း... မင်းနာမည်
ဘယ်သူ"

"လူရိုင်း"

***

www.burmeseclassic.com

www.burmeseclassic.com

အိမ်ကို လှမ်းမြင်ရသည့် နေရာလောက်ကတည်းက ထူးခြားနေတာကို သိလိုက်၏။

ခြေလှမ်းကျဲများနှင့် မပြေးရုံတမယ် လျှောက်သွားလိုက်မိ၏။

"ဟော... ဟိုမှာ လူရှိင်းပြန်လာပြီဟဲ့"

"ရှိင်း"

အိမ်ပေါ်မှ အပြေးဆင်းလာသူက အသက်...

အသက်ရဲ့နောက်မှာ လူတွေ တစ်ပြုံတစ်မကြီးရယ်...

အားလုံးကတော့ ပြုံးရယ်နေသည်သာ။

ငိုကြီးချက်မနှင့် သူ့ကို တအားပြေးဖက်လာသူက အသက်ဖြစ်သည်။





"ရှိင်းရယ်၊ ဆယ့်တစ်နာရီထိုးတော့မယ်၊ ဘယ်တွေလျှောက်သွားနေတာလဲဟင်၊ ဘာတွေလျှောက်လုပ်နေတာလဲ၊ ငါရင်ပူလွန်းလို့ မြေကြီးပေါ် ပြေးလိမ့်မိတော့မှာ သိလား"

အသက်ပခုံးလေးကို အသာကိုင်၍ သူပြောမည် ကြံတာရှိသေး...

"ဟုတ်ပါ့ကွယ်၊ မင်းပြန်လာလို့ပဲ၊ မဟုတ်ရင် တစ်ရပ်ကွက်လုံး ဘယ်သူမှ ဒီညအိပ်ရတော့မှာမဟုတ်ဘူး၊ ဘယ်လိုမှ နှစ်သိမ့်ဖျောင်းဖျလို့ကို မရဘူး၊ ထွက်ပါမယ်၊ ရှာပါမယ် ဆိုပြီး ငိုတည်းငိုနေလို့၊ ဒီမှာ အားလုံး မကြံ့တတ်၊ မစည်တတ်တွေ ဖြစ်ကုန်ကြတာ"

"အဲဒါ ဆယ့်နှစ်နာရီကျော်ရင် စခန်းမှာ သွားတိုင်ပေးပါ့မယ် ပြောထားရတာ"

တစ်ယောက်တစ်ပေါက် ဆင်းလာကြရင်း ဝမ်းသာတစ်ဝက်နှင့် သက်မချရင်း ပြောပြကြသည်။

လူရှိင်း ခေါင်းတစ်ချက်ကုတ်၍ ရယ်ကာ

"ကျွန်တော် လူနာတစ်ယောက်ကို ဆေးခန်းလိုက်ပြပေးနေရလို့ပါ၊ ဘာမှမဖြစ်ပါဘူး"

"အေးပါ၊ မင်းမိန်းမကိုပဲ ရှင်းပြလိုက်ပါ၊ ငါတို့က ပြန်လာမှာပဲဆိုတာ သိပြီးသား"

"အမလေး... မလေ့ရှား စုန်းကားထက်တောင် သည်းယားဖို့ကောင်းနေသေးတယ်၊ လန့်စရာကြီးပေ့"



www.burmeseclassic.com

www.burmeseclassic.com



အသီးသီး ရယ်မောပခုံးတွန့် နောက်ပြောင်ကြရင်း ပြန်သွားကြသည်။

လှရိုင်းက တံခါးကိုဆွဲပိတ်ပစ်လိုက်ပြီး အသက်ပါးပေါ်က မျက်ရည်စလေးတွေကို သုတ်ပစ်လိုက်သည်။

"အသက်က ကလေးကျနေတာပဲကွာ၊ နင့်ကိုထားခဲ့ပြီး ငါက ဘယ်ထွက်သွားမှာတဲ့လဲ"

"ထားခဲ့ပြီးမသွားမှန်းသိလို့ ပူတာပေါ့၊ နင် မိုးချုပ်အောင် ဘယ်တုန်းကနေဖူးလို့လဲ၊ လူကလည်း စိတ်ကဆတ်ဆတ်နဲ့ ဘယ်နေရာမှာများ ရန်ဖြစ်လို့ အရိုက်ခံရပြီး လဲနေသလဲ၊ ရဲများ ဆွဲသွားပြီလားနဲ့"

"ဟာကွာ… ကြဲဖန်ပြီး၊ အဘွားအိုပေါက်စလေးကျ နေတာပဲ၊ ဘေးအိမ်တွေ အားနာစရာကြီး"

"မနာပါဘူး၊ ငါတစ်ယောက်တည်းဥစ္စာ၊ သူတို့ကို အကူအညီမတောင်းလို့ ဘယ်သူ့ကို သွားတောင်းရမှာလဲ"

"ကဲပါ၊ ထားပါတော့… ဒီမှာ အင်းလျားလမ်းက ဒီထိလမ်းလျှောက်လာရတာ၊ ဗိုက်ထဲမှာ ဟာနေပြီ၊ ထမင်း စားမယ်"

"ဟင်… ဘယ်လို၊ နင်… နင် မြို့ထဲကနေ ဒီထိ လမ်းလျှောက်လာရတယ်"

"ဟုတ်ပ"

အစချီ၍ ဖြစ်ပုံကို လှရိုင်းက သေချာပြောပြသည်။





အသက်က ထမင်းခူးထည့်ရင်း လှည့်တကြည့်ကြည့်နှင့် အားထောင်၏။

"ဒါဆို အကျီပါ ကျန်ခဲ့ပြီပေါ့"

"ဟုတ်တယ်၊ ငါ သတိတော့ရတယ်၊ ဒါပေမယ့် ဒုက္ခ ရောက်နေတဲ့သူကို မပြောရက်တာနဲ့ ထားခဲ့တော့တာ၊ သူ့ကိုပို့ဖို့ပဲ ငွေစားပေးလိုက်ရတော့ ဆေးဖိုးနဲ့ အဲဒီစရိတ်နဲ့၊ ငါပြန်ဖို့က မရှိတော့ဘူးလေ၊ အချိန်ကလည်း လင့်နေပြီ၊ သိတဲ့ကားကလည်း မရှိဘူး၊ အဲဒါနဲ့ ခြေလျင်ပဲ လျှောက်လာခဲ့တာ"

"အမလေး… ပိုက်ဆံပဲ မပါမပါ၊ အကျီပဲ ကျန်ခဲ့ ကျန်ခဲ့၊ ထားလိုက်စမ်းပါ၊ ငါ နင့်ကို ခုလိုလေး ပြန်ရောက်တာကိုပဲ ဘာနဲ့မှမလဲနိုင်တဲ့ ဆုလာဘ်ပဲ၊ ငါ အရမ်းစိတ်ပူတာ သိလား"

လှရိုင်းက အသက်နှာခေါင်းဖျားလေးကို ဆွဲ၍ ရယ်သည်။

"မနက် ဘာနဲ့စားမလဲလို့ မပူဘူးလား"

"မပူဘူး"

အသက်က ဟင်းပန်းကန်နဲ့ ထမင်းပွဲကို လှရိုင်းရှေ့ချပေးကာ

"အဲဒီမှာ နင်ကြိုက်တဲ့ ငါးသလောက်ဆီပြန်လေ"

"နင်က စားပြီးပြီလား"

"ဟင့်အင်း… ဒီလောက်ပူနေတဲ့ ရင်ဘတ်ကြီးက ဘယ်အစားကို ဖြတ်သန်းခွင့်ပြုမှာလဲ ရိုင်းရယ်၊ ခုလည်း မျိုချ



www.burmeseclassic.com

www.burmeseclassic.com



လို့ ရမှာမဟုတ်ဘူး၊ ရိုင်းပဲစားနော်"

"ဟာ"

"စားလိုက်ပါ ရိုင်းရယ်၊ စောစောကတော့ ရင်ပူလို့ ခုတော့ ဝမ်းသာလို့ ရင်တွေတုန်နေတယ်၊ မစားချင်တော့လို့ပါ ငါ အရိုးထွင်ပေးမယ်နော်"

"မရဘူး၊ မရမက မျိုချ၊ လာ··· အတူတူစားမယ်"

အတူတူစားမယ်ဆိုပေမယ့် ကိုယ့်လက်နဲ့ ကိုယ်ယူ မသွင်းဘဲ လိုက်ဟပေးနေသည့် ပါးစပ်ကြီးထဲကို အသက်ကပဲ ကြည်နူး ရင်ခုန်ခြင်းတို့နှင့်အတူ ခွံ့ကျွေးရပါလေ၏။

ပိုက်ဆံလေးရလို့ ပန်းကန်တစ်ချပ်လောက်ဝယ်ရအောင် ရိုင်းရယ်ဆိုတော့လည်း···

"မဝယ်နဲ့ကွာ၊ ပန်းကန်တစ်ချပ် နှစ်ယောက်အတူစားတာ ဘာဖြစ်လဲ၊ တော်ကြာ မိန်းမခွံ့ကျွေးတာစားရတဲ့ ဖီးလ် လေး ဆုံးရှုံးသွားဦးမယ်၊ မဝယ်ဘူး" တဲ့···။

* * *

## အခန်း ⏩ ၇

"မေးချင်တာမေးပါလား ညီမရဲ့၊ အရမ်းမှန်တာ၊ ကိုယ့်မှာရှိသလောက်ပဲ ကန်တော့လို့ရတာပဲဟာ"

နဖူးပြန့်ပြန့်၊ မျက်ခုံးထူထူနှင့် ဗေဒင်ဆရာကြီးကို တစ်ချက်ကြည့်၍ အသက်ခေါင်းခါလိုက်သည်။

မညီကြိုက်ဟောနေတာ မှန်နေတာပဲ၊ မိန်းမသားပီပီ မေးချင်သည့်ဆန္ဒ ပြင်းပြနေပေမယ့် မညီ ချကန်တော့လိုက်သည့် ငါးရာတန် အသစ်ကလေးကို မဝံ့မရဲကြည့်ဖြစ်သည်။

ကိုယ့်မှာ စားဖို့တောင်မှ အနိုင်နိုင်။

"ကဲ··· လက်စနဲ့ မေးလိုက်ပါကွယ်၊ မညီကပဲ စိုက်ပေးပါ့မယ်၊ ပြန်လည်းမပေးရပါဘူး"

မညီက အလိုက်သိတတ်စွာ နှစ်ရာတန်နှစ်ရွက်ထုတ်၍ ဆရာကြီးရှေ့ တိုးပေးကာ

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုဟောပေးပါဦး ဆရာကြီးရယ်၊ အိမ်ထောင်ရေး စီးပွားရေးလေး"

"သမီးက ဘယ်နှယ်ခုမွေးလဲ၊ သက္ကရာဇ်ပြောကွဲ"

အသက်က မွေးတဲ့နာရီထိ တိတိကျကျ ပြောပြလိုက်လျှင် ဆရာကြီးက ကျောက်သင်ပုန်းမှာ တခေါက်ခေါက် ရေးခြစ်နေလေသည်။

အတော်ကြီးကြာမှ…

"ငါ့သမီးရဲ့အိမ်ထောက်ဘက်က ဗုဒ္ဓဟူးသားလား ကွဲ့"

"ဟုတ်… ဟုတ်ပါတယ်ရှင်"

"သမီးလက်ဖဝါးနှစ်ဖက် ခဏပြစမ်း"

ဆရာကြီးက လက်ကိုင်မှန်ဘီလူးဝိုင်းလေးနှင့် သေချာကြည့်နေပြီ။

"သမီးရဲ့အိမ်ထောင်ဘက်က စိတ်ဓာတ်ခက်ထန်တယ် ရိုးသားတယ်၊ သူ့စိတ်ကြောင့် သူ့မှာကောင်းကျိုးမရှိဘဲ ဥပါဒ်ဖြစ်နေ တတ်တယ်၊ သမီးရဲ့အသက် သုံးဆယ်မကျော်မချင်း အိမ်ထောင်ဘက်ကြောင့် စိတ်ညစ်ရလိမ့်မယ်"

"ရှင်"

"သမီးရဲ့လက်ဝါးက ရာဟုလွှင်ပြင့်သိပ်ကျယ်တယ်ကွဲ့ အဲဒီလိုလူမျိုးဟာ စိတ်ဆင်းရဲခြင်းကို ကြံဖန်မွေးတတ်တဲ့ လူမျိုးပဲ ဒါကြောင့် ကိုယ်စိတ်နှစ်ပါးလုံး ချမ်းသာနည်းမယ်၊ အဘကတော့ ကြည့်လိုက်လို့ အဆိုးနဲ့အကောင်းမြင်ရင် ဆိုးတာကိုပဲ အဓိက





ဟောမှာနော်၊ ကောင်းမှာက သူ့အလိုလိုဖြစ် လာမယ့်ကိစ္စ၊ ဆိုးတာကို ကြိုသိထားဖို့ပဲလိုတာ၊ ဒါမှ ခံနိုင်ရည်ရှိမယ်၊ ရှောင်နိုင် ဆောင်နိုင် မယ်၊ ဆိုးတာကို သိလိုက်ရလို့ စိတ္တဇကြီးစွဲနေဖို့မဟုတ်ဘူး"

"ဟုတ်ကဲ့၊ မြင်သမျှ၊ တွေ့သမျှ ဟောသာဟောပါ အဘရယ်၊ အသက် နားလည်ပါတယ်"

ဗေဒင်ဆရာကြီးက ခေါင်းညိတ်လိုက်သည်။

မညိုက ဆေးကနေဝင်၍

"သူ့ယောက်ျားလေးက စိတ်ဆတ်တာတော့ အရမ်းပဲ ဆရာ၊ ဒါပေမယ့် လူရိုးလေးပါ၊ ဟို ပြဿနာတွေ ဘာတွေ ဖြစ်ပြီး အချုပ်အနှောင် ဘာညာတွေများမြင်သလား ဆရာကြီး ရယ်"

အသက် မေးချင်ပါလျက် မေးလို့မထွက်တဲ့မေးခွန်းကို မညိုက မေးပေးလေသည်။

အသက် ရင်မောစွာ ငေးကြည့်နေဆဲ ဗေဒင်ဆရာကြီးက ဆတ်ခနဲ ခေါင်းညိတ်လိုက်လျှင် ရင်ဝတည့်တည့်ကို လက်ပစ်ဗုံးနှင့် ပစ်ပေါက်ခံလိုက်ရသည့်အတိုင်း အုန်းခနဲ ဆောင့်ခါသွားလေသည်။

လူသည် ငုတ်တုတ်အတိုင်း မပျက်မစီးရှိနေသော်လည်း ရင်ဘတ်တစ်ပြင်လုံး မီးလောင်ပြင်ကြီးဖြစ်သွား၏။

"တွေ့ထားတယ်၊ အဲဒီအပြစ်ပေါ့အောင် အဘ ယတြာ ပေးလိုက်မယ်၊ သမီးကလည်း အိမ်မှာ ဘာသာရေးလေး မလုပ် ရမယ်၊ ကိုယ့်အတိတ်ကံက ဆိုးဆိုးဝါးဝါးပါလာရင်တောင်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စုပ္ပန်ကောင်းမှုအကျိုးလေးရှိတော့ ပစ်စလက်ခတ် မဖြစ်ဘူးပေါ့ကွယ်”

“ဟုတ်… ဟုတ်ကဲ့”

အသက် မျက်ရည်ဝဲနေပါပြီ။

မညိုက အသက်လက်ဖျားလေးကို ဆုပ်ညှစ်၍ အားပေးသည်။

“ဒါပေမယ့် သမီးတို့အိမ်ထောင်သက်က ရာသက်ပန် မြဲသွားမှာကွဲ့၊ ပြီးတော့ ငါ့သမီး အိုဇာတာကောင်းတယ်၊ အသက်ကြီးလေ ပြည့်စုံလေ ဖြစ်လာမယ်”

“အသက်ကြီးမှ ပြည့်စုံချမ်းသာတာက ပိုကောင်းတာကွဲ့၊ ဒါန သီလ ပိုမြဲသွားတာပေါ့”

အသက်ကတော့ ဆရာကြီးပြောတဲ့စကားတွေကို လုံးစေ့ပတ်စေ့ မကြားတော့ပါ။

ရင်ထဲက မီးတောက်တို့က အားကောင်းစွာ လောင်မြိုက်နေသည်။

လူရှိုင်းကို ခုချက်ချင်း ပြေး၍ဆွဲခေါ်လာကာ အခန်းထဲ ထည့်ပိတ်ထားလို့ရလျှင် ဘယ်လောက်ကောင်းလိုက်မည်နည်း။

တိုဆန္ဒက ရင်မှာ ပြင်းပြစွာ…

* * *



ကားက မှတ်တိုင်မှာ ထိုးရပ်လိုက်သည်နှင့် ဆင်းသူကနည်းနည်း၊ တက်မည့်လူတွေက တံခါးဝမှာ စုပြုံးတိုးကြိတ်နေသည်။

“လှာ လှာ‥ ချောင်တယ်၊ မြန်တယ်၊ ဝေဘာဂီ လမ်းဆုံ၊ ရုံး၊ ဥက္ကာ၊ မြရတနာ၊ နှပ်သာဂီ၊ ဈ ဈေးရောက် တယ်၊ လှာ…”

စပယ်ယာကခေါ်၊ ခရီးသည်တွေက တိုး…

“အို… မဆင်းရသေးဘူး၊ ဖွတ်မတိုးနဲ့လေ”

“ဆင်း ဆင်း… လက်ကလေးတွေဖြုတ်ဆင်းပါဗျာ၊ နော်… ကားမှာရှိသမျှ ဘီးတွေအားလုံး ရပ်ပေးထားပါတယ်၊ ပြုတ်မကျပါဘူး၊ လက်ဖြုတ်ဆင်းကြပါ၊ နောက်လူလိုက်ဆင်းလို့ရအောင် ကူညီပါဗျာ”

“အဘွား၊ အဘွားမတက်နဲ့လေ၊ မရတော့ဘူး၊ ဒီမှာကျပ်နေပြီ”



www.burmeseclassic.com

www.burmeseclassic.com



အဘွားအိုက လွယ်အိတ်စုတ်လေးကို ဖက်၍ အတင်းပဲ ခြေနင်းခုံပေါ်တိုးတက်နေသည်။

ကားက ငြိမ့်ခနဲ ဆောင့်ခုန်၏။

"ခဏလေး ဆရာရေ၊ ဒီမှာ အမယ်အိုကြီး တက်နေလို့"

လှရိုင်းက အောက်ဆင်း၍ အဘွားအိုကြီးကို သေချာတွန်းတင်ပေးနေသည်။

ရှေ့က ဒရိုင်ဘာဆီမှ ဆဲသံသဲ့သဲ့ ထွက်လာ၏။

လှရိုင်း မကြားယောင် ပြုနေလိုက်သည်။

အဲဒီပြဿနာက ဂိတ်မှာ ကားထိုးလိုက်သည်နှင့် စပေါ်တော့သည်။

ဒရိုင်ဘာက ကားပေါ်မှဆင်း၍ တံခါးကို ဂျိမ်းခနဲ ဆောင့်ပိတ်ကာ နောက်ဖက်ကို ဒေါနှင့်မောနှင့် လျှောက်လာ သည်။

"လှရိုင်းဆိုတဲ့ပုဂ္ဂိုလ်၊ လာစမ်းပါဦး ဒီကို"

လှရိုင်းက လွယ်အိတ်ကို စလွယ်သိုင်းလွယ်လိုက်ကာ

"ဘာလဲ ဦးတင်"

"မင်းကို စပယ်ယာလုပ်ဖို့ခန့်လိုက်တာ တစ်ပတ်မပြည့်သေးဘူး၊ မင်းက လူစွာလုပ်တာလား"

"ကျွန်တော် ဘာလုပ်လို့လဲ"

"မှတ်တိုင်မှာ ဒီလောက်လူယက်ပြီး ကားချင်းဖိုက်နေရတဲ့အချိန်ကောင်းကြီးကို မင်းက အဘွားကြီးတွဲတင်နေတာ





ငါတို့ကို ကန့်လန့်လုပ်ပြလိုက်တာပေါ့"

"ဟ… ဘာဆိုင်လဲ၊ အဘွားကြီး တုန်တုန်ချိချိနဲ့ တက်နေတုန်း ကားက ဆွဲလိုက်ရင် နောက်လန်ပြုတ်ကျသွားမှာပေါ့၊ ပြီးတော့ ကားက ဒိုင်နာ၊ အဲယားကွန်းမဟုတ်ဘူး၊ ဒီအဘွားကြီး ပြုတ်ကျသွားမှ အားလုံးခက်ကုန်မှာ"

"မင်းကို ဘယ်သူက မီးနေသည့်တွေ၊ အဘွားကြီးတွေကို တွဲတင်ကူချပေးပါဦး သင်ထားသလဲ"

"မတင်ဘူးပြောတာပဲ၊ သူက ဇွတ်တက်နေတာ ခင်ဗျား မတွေ့ဘူးလား"

"အဲဒါ မင်းအရည်အချင်းမရှိတာပဲ၊ ကျန်တဲ့လူအားလုံး ဒီလိုပဲလှုပ်ရှားလာတာ အံတိုနေပြီ၊ မင်းကျမှ မလွှဲသာတာနဲ့၊ မကြည့်ရက်တာနဲ့၊ ဒီလောက်ကိုယ်ချင်းစာတတ်နေရင် လူအိုရုံထိ လိုက်သွားပြီး ပြုစုချေ၊ ငါ့ကားမှာ မင်းလုပ်ဖို့မလိုတော့ဘူး"

"ရတယ်၊ လှရိုင်းတို့က ဒါမျိုး ဒူးထောက်တောင်းပန်တာ ရာဇဝင်မရှိသေးဘူး"

လှရိုင်းက ပြော၍ သူ့ကို အလုပ်သွင်းပေးသည့် စပယ်ယာ ကိုတူးဆီ လျှောက်သွားကာ လုပ်ခရှင်းလိုက်သည်။

မာနက အရင်းခံထားသည်မို့ မျက်နှာက တစ်ပတ်မည်းပေမယ့် ရင်ထဲမှာတော့ မောလှစွာ…

တစ်လုပ်လည်း ပြုတ်ပြန်ပြီပေါ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

မနက်မိုးလင်းသည်နှင့် ဘာမှလှုဖွယ်မရှိလျှင် သောက်တော် ရေချမ်းကပ်၊ ဘုရားပန်းတွေလဲ။

ဘုရားပန်းလဲဖို့မရှိရင်လည်း ပန်းအိုးကို ရေလဲလိုက်တာပင်။

ပြီးတော့ သောက်ရေအိုးကို ရေလှဲအောင်ဖြည့်။

အိမ်ရှေ့အိမ်နောက် ရှင်းလင်းလှည်းကျင်း...

လူရှိုင်း အိပ်ရာကထလျှင် အသက်မျက်နှာမှာ သနပ်ခါး အဖွေးသားနှင့် မီးဖိုဘေးမှာ ထမင်းကြော်နေပြီဖြစ်သည်။

"ငါ့မိန်းမက သိပ်ကျက်သရေရှိတဲ့မိန်းမ"

လူရှိုင်း ကျေနပ်ကြည်နူးခြင်းများနှင့် ပြောဖြစ်တဲ့အခါရှိသလို မပြောဖြစ်ပေမယ့်လည်း ရင်ထဲမှာ အမြဲအမှတ်ပြည့်ပေးနေမိသည်သာ။





ဘာပဲစားစား၊ ဘာပဲလုပ်လုပ် မသိအောင်မစား၊ မသိဘဲ မလုပ်။

အသက်က စည်းကမ်းလည်းရှိသည်။

တစ်ခါတလေ ထမင်းချက်ဖို့ အချိန်လွန်သွားလျှင် ရေချည်းသက်သက်တည်၍ မီးမွှေးပြီး မီးဖိုပေါ်တင်ထားလိုက်သည်။ မျက်နှာမှာ အပူရုပ်မရှိစေရ။

သူ့စိတ်ပူတတ်တာ ယောက်ျားရှေ့မှာပဲ ဖြစ်သည်။

အဲဒါလေးတွေကို လူရှိုင်းက သဘောကျသည်။

ရှေ့မှာ ဘယ်လောက်ပဲပြင်ပန်းလာလာ၊ မရှိလို့၊ မရလာလို့ အသက်က ဘယ်တော့မှ ငြူစူတတ်ခြင်းမရှိ။

ပေးသလောက်နှင့် ရအောင်ချက်သည်။

ပေါင်တာမကြိုက်ဘူးဆိုတာ သိပြီးကတည်းက လုံးဝမပေါင်နှံဘဲ ဖြစ်အောင်နေခဲ့သည်။

သူငယ်ချင်းတွေမို့ နင်နဲ့ငါနဲ့ ပြောနေပေမယ့် လင်သားရယ်လို့ ရိုသေမှုတော့ ရှိနေသည်။

ဒီတော့ လူရှိုင်းက အပြင်မှာ မာနထောင်နိုင်တာပေါ့။

လူ့အောက်ကျ နည်းနည်းမှမခံ။ မလိုအပ်ဘဲ ကြောလာလျှင် အငတ်ခံ၍ မာနပြသည်။

အသက်ကလည်း ဒါမျိုးဆို အပြစ်မတင်ပါ။

သူ တဖွဖွပြောတတ်တာက မစားရလည်းနေပါစေ၊ ရန်မဖြစ်ဖို့၊ မဟုတ်တဲ့အလုပ်တွေမလုပ်ဖို့။ ဒါပဲ...



www.burmeseclassic.com

www.burmeseclassic.com



"ရှိုင်း"

လူရှိုင်း အိမ်ကထွက်တော့ နောက်ကနေဆွဲထားကာ

"ရှိုင်း... အပြင်မှာရန်မဖြစ်နဲ့နော်၊ သူများဖြစ်တဲ့အထဲ လည်း ဝင်မပါနဲ့"

"နေ့တိုင်းသွားလာနေတာပဲ အသက်ရာ၊ ဘာဖြစ်လို့ ဒီနေ့ ထူးပြီးပူနေရတာလဲ"

ငါ ဗေဒင်မေးထားလို့လို့ မပြောရဲ။

ရွှေတိဂုံဘုရားမှာ မညို့နဲ့အဖော်လိုက်သွားပေးရင်း ဗေဒင် မေးခဲ့တဲ့ကိစ္စကို အနည်းအကျဉ်းပြောပြထားပေမယ့် ဘယ်လို ဟောထားတယ်ဆိုတာကိုတော့ မပြောမိပါ။

ရှိုင်းက ကြောက်လို့ရှောင်မည့်သူမှ မဟုတ်ဘဲ။

ယုံကြည်စိုးရိမ်နေရကောင်းလားလို့ အပြစ်တင်မလာ ရင်ကောင်း။

"ရှိုင်း... အခု ဘာအလုပ်လုပ်နေတာလဲဟင်၊ ငါ နင့် မိန်းမပါဟာ၊ ဒါတော့ ပြောသင့်ပါတယ်"

"ပန်းပုထုရတာ ဘယ်ရုံနဲ့မှအဆင်မပြေလို့ ဒီလိုပဲ ကြုံရာဝင်လုပ်နေရတာ၊ ဘာလုပ်ပါတယ်လို့ ဘယ်လိုလုပ်ပြော မလဲ အသက်ရယ်၊ ငါ မဟုတ်မဟတ် ငြိစွန်းမည့်အလုပ်တွေ ဘာမှမလုပ် ဘူး၊ အဲဒါကို ယုံစမ်းပါ"

အသက်က မကျေနပ်ပေ။

လူရှိုင်းရှေ့က ပိတ်ရပ်၍ မျက်နှာကို သေချာမော့ကြည့်





ကာ

"နင့်မျက်နှာ နည်းနည်းတောင်ရင့်သွားသလိုပဲ၊ နင် အပြင်မှာ သိပ်ပင်ပန်းတာတွေ လုပ်နေရသလား ရှိုင်းရယ်၊ ငါလည်း ထွက်လုပ်ပါရစေ၊ မိန်းမလုပ်လို့ရတဲ့အလုပ်တွေ အများကြီးရှိတယ်"

"ဘာလဲ... ဘာလို့လုပ်ရမှာလဲ၊ နင်နဲ့ငါ ပါးစပ်နှစ် ပေါက်ပဲရှိတာ၊ လင်ရော မယားရော ထွက်လုပ်နေစရာလား၊ ငါ့ဟာ ငါ ဘယ်လောက်ပင်ပန်းပင်ပန်း၊ အဓိကက လူလူချင်း စကားနဲ့ ခွစီးမခံရဖို့၊ အဆင့်အတန်းနဲ့ အဖိမခံရဖို့ပဲ၊ အဆင့်အတန်းမြင့်မြင့် နေနိုင်တဲ့သူဌေးလည်း ကိုယ့်ဆီကမရဘဲ သူ့ အလကား ဘာမှ မပေးဘူး၊ တန်ရာတန်ကြေးပေးကြရတာပဲ၊ အဲဒါကို ငါကလည်း တန်ရာတန်ကြေးအပြင် ပိုပြီးသည်းမခံနိုင်ဘူး၊ လူရှိုင်းကို ခပ်ရိုင်းရိုင်းကောင်လို့ ဘယ်သူပြောပြော ဂရုမစိုက်ဘူး၊ ငါ့အပေါ် နည်းနည်းမှတော့ လာအစွန်းမထွက်နဲ့၊ ဆောရီးပဲ"

အဲဒါကိုပဲ အသက် စိတ်မချဖြစ်နေရတာ...

"ရှိုင်း"

"ပြောလေ"

"ငါ့ရင်ထဲမှာ ဘာတွေပူနေမှန်းကိုမသိဘူး၊ နင် ဒေါသကို လျှော့နော်၊ နေရာတကာ လက်မပါနဲ့သိလား၊ အခု နင့်မှာ အရင်လို တစ်ယောက်တည်းမဟုတ်တော့ဘူး၊ နင့်ကို မှီခိုနေတဲ့သူရှိတယ်၊ ငါ့ကိုချစ်တယ်ဆိုရင် နင် ရန်မဖြစ်နဲ့နော်"

လူရှိုင်းက ဆံပင်ရှည်တွေကို ဆတ်ခနဲ ခါထုတ်၍



www.burmeseclassic.com

www.burmeseclassic.com



ပြုံးသည်။

"ဒီနေ့မှ ငါ့မိန်းမ ထူးထူးခြားခြား ဘုရားမှာ ဆီမီးတွေ ဘာတွေ စောစောစီးစီး ထပူဇော်နေပါတယ် အောက်မေ့တယ်၊ ပြောစမ်း... ဘာဖြစ်လို့ ဒီလောက်မှာနေရတာလဲ၊ ဗေဒင်ဆရာက ဘာတွေဟောလိုက်လို့လဲ"

အသက်က မပြောဘဲ မျက်နှာလေးသာညိုနေလျှင် လူရိုင်းက ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်၍ ပါးလေးတစ်ဖက်ကို ငုံ့နမ်းလိုက်သည်။

"ဗေဒင်တွေ လျှောက်လျှောက်မေးပြီး စိတ်ပူမနေနဲ့ အသက်ရာ၊ ငါ သွားရလာရတာ ခလုတ်တိုက်တယ်ဟ"

လူရိုင်းက ပြော၍ရယ်ရင်း ဖိနပ်စီးသည်။

"ရိုင်း... နင့်ဆံပင်ကြီးလည်း ညှပ်ခဲ့နော်"

လူရိုင်းက သူ့ဆံပင် သူပြန်သပ်၍

"ဆံပင်ညှပ်တာ အချိန်လည်းကုန်တယ်၊ ပိုက်ဆံလည်းကုန်တယ်၊ ဘာဖြစ်လဲ... လူရိုင်းလေ၊ လူယဉ်ကျေးပုံစံ ပေါက်ဖို့ မလိုပါဘူး"

ပြောရင်း ပုဆိုးတိုတိုဝတ်ချလိုက်တာ ခါးပုံစက ရှေ့မှာတင် တော်တော်ကျလာသည်။

ဒါပေမယ့် လူရိုင်းက အရပ်မြင့်သလောက် လမ်းလျှောက်ပုံက စတိုင်လ်ကျသည်။

အဲဒါ သူ့ရဲ့ပင်ကိုစတိုင်လ်အတိုင်း ဖြစ်သည်။





တမင်လုပအောင် ဖြီးလိမ်းပြင်ဆင်တာ၊ မိန်းကလေးတစ်ယောက်ချစ်လာအောင် ဖြားယောင်းတာ လူရိုင်း ဘယ်တော့မှ မလုပ်ခဲ့ပေ။

လူငယ်ချင်းတူလျှင် လူရိုင်းအသည်းက ချစ်ဖို့ထက် ဘဝဖို့သာ ရှေ့ရှုတဲ့သူ။

အဲဒီထဲမှာ တစ်မျှင်တည်းသော ချည်နှောင်မိသည့် သံယောဇဉ်ကြိုးဟာ အသက်ဆိုသည့် မိန်းကလေးတစ်ယောက်တည်း။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၈

လက်ဖက်ရည်ဆိုင်မှာထိုင်ရင်း စီးကရက်တစ်လိပ် သောက်၍ စဉ်းစားနေလိုက်တာ ရေနွေးတစ်ခရားလည်း ကုန် ပြီ။

ကိုယ့်ရှေ့ရေးက မရေရာသေး။

အလုပ်တစ်ခုမှာ တစ်ပတ်လောက်အဆင်ပြေလိုက်ပြီ ဆိုတာနဲ့သွားပြီ။

ပိုလျှံဖို့နေနေသာသာ တစ်နေ့ တစ်နေ့ ထမင်းအိုး တစ်လုံးကို အမြောက်နဲ့ပစ်ချနေရတဲ့အဖြစ်။

လူရယ်လို့ဖြစ်လာပြီးမှ စားသောက်နေ ရုံနဲ့ တင့်တယ် နိုင်ပါ့မလား။

ကိုယ့်ကိုယ်ကို မကျေနပ်စိတ်များနှင့် ခေါင်းထဲမှာ နောက်ကျိရှုပ်ထွေးနေသည်။





သူများနဲ့မကင်းတဲ့အလုပ်ကို လုပ်နေရသမျှ ပြဿနာကတော့ ရှိနေမှာပင်။

ဘာဖြစ်လို့လဲဆိုတော့ လူအများနဲ့လိုက်လျောညီထွေနေပေးဖို့ ကိုယ့်မှာ သည်းခံခြင်းပါရမီက မပါ။

ဒီတော့ ဘာလုပ်မလဲ။

လူရိုင်း စားပွဲပေါ်မှာ စီးကရက်ဖိုးချထားခဲ့ပြီး ထထွက်လာခဲ့သည်။

ကမ်းနားလမ်းဘက်ရောက်လာတော့ ဟိုဒီလျှောက်ကြည့်ရင်း အတွေးလွန်သွားဆဲ...

"ဟဲ့... ပလုတ်တုတ်"

"ဟာ... ဆောရီး"

လူရိုင်း အလန့်တကြားဖြစ်သွားကာ ဝေါခနဲမှောက်ကျသွားသော တောင်းကြီးကို ဆွဲလှန်လိုက်တော့...

"ဟ"

ထိတ်ခနဲဖြစ်သွားသည်။

တောင်းအောက်ဘက်မှာ အပုံလိုက်၊ အခွေလိုက် စုပုံနေပေမယ့် မငြိမ်သက်ဘဲ ပုပုရွရွ တွားသွားနေသည့် သတ္တဝါကြီးတွေက ဂဏန်းကြီးတွေ။

အဘွားကြီးက သူ့ကို ဒေါသဖြစ်ပေမယ့် ရန်တွေ့မနေ အားဘဲ ရှစိရှစိ ပြေးလွှားကုန်သည့် သူ့သတ္တဝါတွေကို သည်းကြီး မည်းကြီး ပြန်လိုက်ကောက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ဂဏန်းကြီးတွေက နည်းတဲ့အကောင်ကြီးတွေ မဟုတ်။

လက်မနှစ်ဖက်ကြားမှ သိုင်းချည်ထားသော ကြိုးစမှ နေ၍ အဘွားကြီးက ဆွဲကိုင်ကာ တောင်းထဲပစ်ပစ်ထည့်နေ သည်။

ခြေကားယား၊ လက်ကားယားကောင်ကြီးတွေကို လူရိုင်း ဘယ်လိုကိုင်ရမှန်းမသိဘဲ ကူညီသိမ်းကောက်ပေးချင် ပေမယ့် မထိကိုင်ရဲဘဲ ဖြစ်နေလေသည်။

ဒါပေမယ့် တချို့ဂဏန်းတွေက အလွန်လျှင်မြန်စွာ ပြေးလွှားကုန်ကြကာ အနီးအနား ရေပုတ်မြောင်းတွေထဲ၊ တချို့ သိမ်းဆည်းထားသော ဈေးဆိုင်ခုံများထဲ တချို့ပြေးဝင်ကုန်ကြ တာဖြစ်၍ လူရိုင်းမနေတတ်တော့ပေ။

ဒါ ကိုယ့်ကြောင့်ဖြစ်ရတာ။

အရဲစွန့်၍ အင်္ကျီလက်မောင်း မတင်ကာ ဂဏန်းကျော ကုန်းက ကြိုးစကိုဆွဲ၍ ကမန်းကတန်း တောင်းထဲလှမ်းအပစ်‥

ချိန်သားမကိုက်ဘဲ ဂဏန်းက တစ်ဖက်မှာ ဈေးဝယ် နေသည့် အမျိုးသမီးတစ်ယောက်ရဲ့ ဆွဲခြင်းထဲကို တန်းတန်း မတ်မတ် ဝင်သွားလေသည်။

နောက်တစ်ကောင်‥‥

ကြောက်ကြောက်လန့်လန့်မို့ အဝကျယ်တောင်းကြီးထဲ တစ်ကောင်မှမဝင်ဘဲ ရှိလေ၏။

"ဟဲ့‥‥ ဟဲ့ ကလေး၊ အမလေး ငါ့ကို အချွန်နဲ့မ





မနေပါနဲ့၊ အရှင်ကနေ အသေတွေဖြစ်ကုန်ရင် ငါ သူတောင်း စား ဖြစ်သွားလိမ့်မယ်၊ မောင်မင်းကြီးသား တောင်းပန်ပါတယ်"

အဘွားကြီးက ထအော်တော့ လူရိုင်း အပြစ်ရှိသူ တစ်ယောက်လို ဟဲခနဲရယ်၍ သားကျကုန်သည့် ဂဏန်းတွေကို ပြန်ပြေးကောက်ကာ တောင်းထဲဝင်အောင် ပြန်ထည့်သည်။

ဆွဲခြင်းထဲဝင်သွားသည့် တစ်ကောင်ကျတော့ ခြင်းနှုတ်ခမ်း ပေါ်ကို သတ္တဝါက တွားတက်နေပြီမို့ ဆတ်ခနဲ လှမ်းဆွဲ၍ တောင်းထဲလွှဲပစ်လိုက်၏။

တော်ပါသေးရဲ့‥‥ ဒီတစ်ခါ တန်းတန်းမတ်မတ် ဝင်သွား လို့။

"ဟယ်‥‥ မင်း မင်း‥‥ ငါ့ခြင်းထဲကို ဘာနှိုက်လိုက် တာလဲ"

အမျိုးသမီးက သူ့ရဲ့ခြင်းထဲကိုလည်း ပြူးပြူးပြဲပြဲ ငုံ့ကြည့်။ လူရိုင်းကိုလည်း သံသယကြီးစွာ ပြန်ကြည့်၍ မေးပုံက စော်စော် ကားကား။

"ခင်ဗျားခြင်းထဲမှာ ဘာတွေပါလို့ ကျုပ်က နှိုက်ရမှာလဲ၊ သေချာစဉ်းစားပြီးမှပြော"

"မနှိုက်ရင် စောစောက ဘာလုပ်လိုက်တာလဲ၊ မင်း ငါ့ခြင်းကို လာထိလိုက်တာတော့ သေချာတယ်"

လူရိုင်းက နီးရာတုတ်တစ်ချောင်း ပြေးကောက်၍ ဂဏန်း တွေ ပြေးတဲ့ရှေ့က အသာထောက်ထားကာ စုပ်စွဲနေတာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းရသေးသည်။

နဂိုကမှ မရှည်တတ်သည့်စိတ်က ဒေါသထွက်လာပြီး

"ခင်ဗျားခြင်းထဲကို ဒီကောင်ဝင်သွားလို့ နှိုက်ယူတာ"

"အို... ဒီဂဏန်းက ခြင်းထဲ ဘယ်လိုလုပ်ဝင်သလဲ မင်း မင်း... ငါ့ခြင်းထဲကိုနှိုက်ပြီးမှ အဖိုးတန်မပါလို့"

"ခင်ဗျား စကားကို ကြည့်ပြောနော်"

လူရိုင်းက လက်သီးဆုပ်၍ အော်သည်။

"မင်း ငါ့ကိုမအော်ပါနဲ့၊ အဓိပ္ပါယ်မရှိပြောတာက မင်း"

လူရိုင်းက စောစောက သူရပ်ခဲ့သည့်နေရာထိ လျှောက်သွားကာ ဂဏန်းတစ်ကောင်ရဲ့ ကြိုးစကိုဆွဲ၍

"ကျုပ်က ဒီကနေ ဟောသလို ပစ်လိုက်တယ်"

ဗိုးခနဲ လွင့်တက်လာသည့်ဂဏန်းက ဆွဲခြင်းထဲတည့်တည့် မဝင်တော့ဘဲ အမျိုးသမီးရဲ့ ပခုံးမှာခြုံထားသည့် သိုးမွေးစောင်မှာ ကပ်ငြိသွားလေသည်။

"အား"

လက်မကြီးတစ်ချောင်းတစ်ချောင်းရဲ့အတွက်က မွေးကင်းကလေး လက်ကောက်ဝတ်ခန့်ရှိသည်မို့ အမျိုးသမီးက ဆွဲခြင်းကို လွှတ်ချ၊ ကိုယ်ပေါ်က စောင်ကိုပါခွာချကာ အတင်းခုန်ပေါက်၍ အော်လေသည်။

"အမလေး... သေပြီ၊ ငါ့ကောင်တွေ သေပါပြီတော်"

ပိုင်ရှင်အဘွားကြီးက ယူကျုံးမရသံနှင့် အော်ပြန်သည်။





ပတ်ဝန်းကျင်မှာ လူတွေလည်း စုရုံးလာသည်။

အသံတွေလည်း ဆူညံသွား၏။

စောင်နှင့် လုံးထွေးနေသော ဂဏန်းကြီးက ရှစ်လုံးပ်ကာ ပက်လက်ဖြစ်နေသည့် လက်ချောင်းတချို့က ချည်စောင်ကြားမှ ထိုးထိုးထောင်ထောင်။

"မင်း မင်း... ငါ့ကို ဒါ သက်သက်လုပ်တာ၊ ယုတ်မာတာ"

"ခင်ဗျားယုံအောင်လုပ်ပြတာလေ၊ အခု ယုံပြီမဟုတ်လား၊ ဒီအမကြီးကို ကျုပ် ဝင်တိုက်မိလို့ အဲဒီတောင်းကြီး မှောက်ကျတယ်၊ ဂဏန်းတွေထွက်ပြေးလို့ လိုက်ကောက်ရင်း တောင်းထဲပစ်ထည့်တော့ ခင်ဗျားခြင်းထဲဝင်သွားလို့ ကျုပ် ပြန်ယူတယ်"

"အဲဒါ အစက ပြောပါလား"

"ပြောတာ ခင်ဗျားယုံလို့လား"

"တော်ပြီ... တော်ပြီ၊ ဟိုမှာ ငါ့စောင်ပြန်ယူပေး"

လူရိုင်းက ပခုံးတွန့်ကာ

"ဒါ ကိုယ့်အကုသိုလ်နဲ့ ကိုယ်ပဲ၊ ကျုပ်လည်း မကိုင်ရဲဘူး"

ကြိုးပြေနေသော ဂဏန်းကြီးက ပက်လက်ကြီးလည်း ဖြစ်နေသဖြင့် ဒေါသကြီးနေ၏။

ဒီလက်မကြီးနဲ့သာ ညှပ်လိုက်မိလျှင် တောက်ခနဲသံများတောင် ထွက်လာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့စောင်ကို ယူပေးနော်"

"မကိုင်ရဲပါဘူးဆို"

"ကဲ ကဲ… ရော့ပါအေ… ရော့ပါ"

အဘွားအိုက အရွယ်နဲ့မလိုက် ဖျတ်ဖျတ်လတ်လတ် ထလာကာ စောင်နဲ့ဂဏန်းကို သူ့ပညာနဲ့သူ နိုင်နင်းစွာ ခွာပေးသည်။

လူရိုင်း သဘောကျသွား၏။

အမျိုးသမီးက စောင်ကိုလည်း လှမ်းယူ၊ လူရိုင်းကိုလည်း မဲ့ရွဲ့ကာ မျက်စောင်းထိုး၍ လှည့်ထွက်သွားသည်။

"ကျွန်တော် တောင်းပန်ပါတယ် အဘွားရယ်နော်၊ အဘွား ဘယ်ထိသယ်မှာလဲဟင်၊ ကျွန်တော် လိုက်ပို့ပါ့မယ်"

"ကလီတောင်ဖျားထိသယ်ရမှာ၊ နေပါစေတော့ကွယ်၊ စိတ်တွေလည်း ညစ်သွားပြီ"

အဘွားအိုက တောင်းကြီးကို ထူထဲသော ဖျတ်ပြားနှင့် ဖိအုပ်လိုက်ပြီး

"ငါ့ကို ပင့်ပေးစမ်း"

"ကျွန်တော် လိုက်ပို့ပေးပါ့မယ် အဘွားရဲ့"

"အမလေး… ထပ်ပြီး အကြံအဖန်မလုပ်ပါနဲ့တော့ မောင်ရင်၊ ရှင့်ကိုလည်း ထမ်းခ ကျွေပ်မပေးနိုင်ပါဘူး"

လူရိုင်းက ရယ်၍ တောင်းကို ပခုံးပေါ်ထမ်းတင်လိုက်သည်။

"တစ်ပြားမှမတောင်းပါဘူး အဘွားရယ်၊ ကျွန်တော့်





ကြောင့် အဘွားဒုက္ခရောက်သွားတာကို ပြန်ကူညီတဲ့သဘောပါ"

အဘွားကြီး ကျေနပ်သွားသည်။

"အဘွားက ဒီဂဏန်းတွေကို ပြန်ရောင်းတာလားဟင်"

"ဟုတ်ပ"

"စောစောက အဘွားပြောတာ၊ အရှင်ကနေ အသေတွေဖြစ်ကုန်ရင် သူတောင်းစားဖြစ်သွားမယ်ဆိုတာ ဘာလဲ၊ ဒီကောင်တွေက သေလို့မရဘူးလား၊ လွတ်မယ့်လူတွေကို ရောင်းဖို့လား"

"ဘယ်ကဟုတ်ရမှာလဲ၊ အဲဒီဂဏန်းကြီးတွေက ရှယ်တွေကွဲ့၊ တစ်ကီလိုကို သုံးထောင်တောင်ပေးရတာ"

"ဟင်"

လူရိုင်းက တောင်းကိုထမ်း၍သွားနေရင်း အဘွားအိုကို သမင်လည်ပြန်လှည့်ကြည့်ကာ

"အဲဒီလောက်တောင်တန်သလား အဘွား၊ တစ်ကီလိုကို ဘယ်နှယ်ကောင်လောက်စီးသလဲ"

"ဘယ်သိပ်စီးမှာလဲ၊ ခပ်သေးသေးအမဆိုရင် ခြောက်ကောင် ခုနစ်ကောင်ပဲစီးတာ၊ အထီးကြီးကြီးဆို သုံးလေးကောင် အလွန်ဆုံးပဲ"

"အဲဒီလောက် အဖိုးတန်သလား၊ အံ့သြစရာပဲနော်၊ အဘွား ဒါ ဘယ်သူတွေက ဝယ်စားသလဲ"

အဘွားအိုက လူရိုင်းကို သနားသည့်မျက်လုံးနှင့် ကြည့်၍ ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ဆင်းရဲသားတွေက အဲဒီလိုမေးကြတာပဲလေ တို့တွေဆို ဒီဈေးကြီးနဲ့ ဘယ်ဝယ်စားမလဲ၊ ဒါပေမယ့် စားတဲ့ လူတွေက စားတာပဲကွဲ့၊ ဟိုတယ်တွေရော သွင်းလို့တောင် မလောက်နိုင်ဘူး"

"သူတို့က အရှင်ကြီးတွေ ဘာလုပ်တာလဲ အဘွား"

"လတ်လတ်ဆတ်ဆတ် ချက်ပြုတ်တော့ အသားပြည့် တယ်၊ ချိုတယ်၊ သေပြီးမှဆိုတော့ အသားလည်းချောင်သွားတယ်၊ အချိုလည်းပေါ့တယ်"

"ဪ"

"အဘွားတောင် ကုမ္ပဏီက သူဌေးကတော်ကိုယ်တိုင် အဘွားကို သနားလို့ အသားနည်းနည်းချောင်တာလေးတွေ၊ ခပ် ပျော့ပျော့အကောင်တွေ ကျွသမျှ အဘွားကိုပေးတာ၊ အလကားတော့ ဘယ်ဟုတ်မလဲ၊ သူများထက်တော့ အများကြီး ချိုတာပေါ့"

"ဟုတ်"

"ဒီနေ့ အကျကောင်သိပ်မရှိလို့ အဘွားကို ရှယ်တွေ ချည်းပဲ ပေးလိုက်တာ"

ကားမှတ်တိုင်နှင့် မလှမ်းမကမ်းလောက်ရောက်လာမှ

"ဒီမှာချ ကလေး၊ ဒီမှာ ချ"

လှရိုင်း တောင်းကို အသာချ၍ ဂဏန်းတွေကို ငုံ့ကြည့် နေမိသည်။

"အဘွား"





"ဟော"

"အဲဒီဂဏန်းအသေတွေရော၊ အရှင်တွေရော ဈေးထဲမှာ ရောင်းနေတာတွေ့တယ်၊ အဲဒါကျတော့ ဘယ်လောက်နဲ့ ရောင်းပြီး ဘယ်လိုမြတ်လဲဟင်"

"ဒါက အကျချည်းသပ်သပ် စောင့်ဝယ်ရတာ၊ သူ့ကျ တော့ တစ်လုံးဘယ်လောက်ဆိုပြီး ရောင်းရတာပေါ့၊ တောင်း တစ်လုံးကုန်ရင်ပဲ နှစ်ထောင်လောက်တော့ အေးဆေးပဲ၊ အဘွားမြေး မောင်ဦးတို့လင်မယားဆို အဘွားနဲ့ပတ်သက်ပြီး အဲဒီမှာ ဆက်မိလို့ အခု အဲဒါပဲရောင်းကြတော့တယ်၊ အစက လင်မယားနှစ်ယောက် လုံး အထည်ချုပ်မှာလုပ်ကြတာ၊ မိုးလင်းက မိုးချုပ်၊ ညကိုးနာရီ၊ ဘယ်မှာရှိလုပ်မှ တစ်နေ့ ခြောက်ရာ ခုနစ်ရာကို ပုံမှန်မဟုတ်ဘူး၊ ပိုတဲ့လပို၊ နည်းတဲ့လနည်း၊ ခုတော့ တစ်ညနေ၊ တစ်မနက်နဲ့ သုံးလေးထောင်မြတ်နေကြတာ"

"အဘွားက အဲဒီလိုမရောင်းဘူးလား"

"မရောင်းနိုင်ပါဘူးကွယ်၊ အဘွားကတော့ ဘေးက ဘားသောက်ဆိုင်သေးလေးတွေမှာပဲ တစ်ခါတည်း သွင်းလိုက်တယ်"

လှရိုင်း စိတ်ထက်သန်သွားကာ

"ဒါဆို ကျွန်တော့်ကိုလည်း ကူညီပါ အဘွားရယ်၊ ကျွန်တော့်မှာ ဘယ်အလုပ်မှအဆင်မပြေလို့ စားစရာတောင် အခက် အခဲ ဖြစ်နေတာ၊ ဂဏန်းရောင်းပါရစေ"

အဘွားအိုက လှရိုင်းကို အံ့သြသလိုကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"လက်စသပ်တော့ မင်းက ဒါကြောင့် စိတ်ဝင်တစား မေးနေတာကိုး၊ မင်းမှာ အရင်းအနှီး ဘယ်လောက်ရှိသလဲ"

"တစ်ပြားမှမရှိဘူး အဘွား၊ ဒါပေမယ့် ရပါတယ် ကျွန်တော် ရအောင်ရှာမယ်၊ ဘယ်လောက်လိုလဲဟင်"

အဘွားအိုက ရယ်သည်။

"မင်းကိုလည်း ငါက မြင်မြင်ချင်း သံယောဇဉ် ဖြစ်မိပါတယ်၊ မင်း တကယ် စိတ်ပါလက်ပါလုပ်ချင်တယ် ဆိုရင်တော့ မနက်ဖြန်လာခဲ့၊ ငွေမလိုဘူး၊ လူချည်းပဲလာ၊ ဒီမှာရောင်းပြီးရင် ငွေချေပြီး အမြတ်ယူပြီးပြန်ပေါ့"

"ဟာ... တ... တကယ်လား အဘွား၊ ဝမ်းသာလိုက်တာ အဘွားရယ်"

"အေး... ကိုယ့်ရှေ့ရေး တိုးတက်ချင်ရင်တော့ ကတ်သစ္စာရှိမှဖြစ်မယ်"

အဘွားအိုစကားက တိုတိုတုတ်တုတ်ပေမယ့် အဓိပ္ပါယ် ပြည့်ဝလှပါပေသည်။

* * *

လူရိုင်း နေ့ချင်း ညချင်း ဈေးသည်ကြီးဖြစ်သွားလေသည်။

ဒါကမှ တကယ့်လူမှန် နေရာမှန်ဟု စိတ်ထဲတွင် တွေးဖြစ်သည်။

ကိုယ်လည်း သူတို့ဈေးဆစ်လို့ ကြိုက်ရင်ရောင်းမည်။ မရောင်းနိုင်လျှင် မရောင်းဘဲနေမည်။

ဘယ်သူ့မျက်နှာကိုမှ ကြည့်နေဖို့မလို။

ဘာကြောင့်မှ မျက်နှာငယ်ဖို့မရှိ။

ကျေးဇူးရှင် အဘွားအိုကိုတော့ လူရိုင်းက ပြုစုမပျက်။

အဘွားအိုကို ပြေးကြိုသည်။

အဘွားအိုရဲ့ကုန်တွေ အားလုံးကို ပို့ချပေးပြီးမှ ကိုယ်ရောင်းဖို့ လုပ်၏။

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဘယ်နှစ်ရာယူထားလဲ သားရဲ့"

"ရှယ် လုံးဝမယူဘူး အဘွား၊ အကျချည်း တစ်ထောင်ကျော် ယူထားတယ်"

"အို… များလှချေလား သားရဲ့၊ အကျတွေက အချိန်မီမရောင်းနိုင်ရန် ပြဿနာနော်"

"ကျွန်တော် ကုန်အောင်ရောင်းမှာပါ"

အဘွားအိုက ခေါင်းညိတ်နေ၏။

"ငါ့သားက ခွဲတော့ရှိတယ်၊ ကောင်းတာပေါ့ကွယ်၊ သူဌေးကတော်ကတောင် ဟိုနေ့က သူ့ ကုမ္ပဏီကိုရောက်လာတော့ သားကိုမြင်သွားလို့ မေးသေးတယ်၊ သူက သဘောကောင်းပါတယ်"

ဈေးချိန်က စောသေးတာမို့ လှရိုင်းက ဂျာနယ်အသေးတွေကို အကြီးနဲ့အသေး ခွဲထည့်နေရင်း

"ရှယ်တွေက အမြင်လှပေမယ့် ကိုယ်လည်း ပေါပေါမပေးနိုင်ဘူး၊ မြန်မြန်လည်း မထွက်ဘူး အဘွားရဲ့၊ ဒီလို ခပ်ပျော့ပျော့ အကျတွေကျတော့ ပိုလည်းပေးလို့ရတယ်၊ ဈေးသိပ်မများတော့ လူတိုင်းစားနိုင်တယ်၊ အော်ရောင်းလိုက်ရင် ခဏလေးပဲ"

လှရိုင်းက ရောင်းဖို့ အဆင်သင့်ပြင်ဆင်ပြီး

"ဩော်… ဟို… အဘွားနာမည်က ဒေါ်ငွေယုံနော်"

"ဟုတ်ပ… မင်းနာမည်ကရော"

"လှရိုင်း"





"အလို… အဆန်းပါလား"

နှစ်ယောက်သား ရယ်မိကြသည်။

"ငါတို့မလဲ လူချင်းရင်းနှီးနေကြတာ သားသမီးတွေလိုပဲ၊ မည်တွေကျတော့ ခုမှပဲ မေးဖြစ်ကြတော့တယ်"

"ဘာဖြစ်လဲ အဘွားရာ၊ သားရေ… အဘွားရေဆိုလည်း ပြီးတာပဲ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

သူတို့စကားပြောနေကြဆဲ အနားမှာ ကားတစ်စီးလာ ပ်ကာ

"အဘွားငွေ… နေကောင်းရဲ့လား"

ဒေါ်ငွေယုံက လှမ်းကြည့်၍ နှစ်ခြိုက်စွာ ပြုံးလိုက် သည်။

"ကောင်းပါ့တော်… ကောင်းပါ့"

လှရိုင်းက ကားပေါ်က မျက်မှန်နှင့် သားသားနားနား တစ်ယောက်ကို လိုက်ကြည့်နေ၍

"အဲဒီလူကို မနက်က ကုမ္ပဏီအောက်ထပ်မှာ ကျွန်တော် တွေ့လိုက်တယ်"

"သူက ဂျာနယ်တွေ နယ်ကိုပြန်ပေးတဲ့ ကိုရီယာလေ၊ သူဌေးကိုယ်စားလှယ်ပေါ့၊ အဘွားကို သူတို့က စနေ နောက်နေ ကြတွဲ၊ ခင်လည်း ခင်ကြတယ်"

ကိုရီယာတဲ့…

လှရိုင်း စိတ်ဝင်စားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ တစ်နေ့တစ်လံ ပုဂံဘယ်မရွှေ့ဆိုသည့် စကား အတိုင်း ထူးထက်ရှေ့တက်ဖို့ကို ကြိုးစားနေရမည် မဟုတ်လား

လူရှိင်းတို့က လူထက် စိတ်က ရှေ့ရောက်နေတတ် သူ…

ဈေးလူကျလာသည်နှင့် တစ်ရာဖိုး ဘယ်နှယ်လုံး အော် လူရှိင်း ရောင်းပစ်လိုက်သည်။

အစကတော့ အော်ရောင်းရမှာ ရှုံ့တွန့်တွန့်…

နောက်တော့… ဒါကမှ ကိုယ်ပိုင်အလုပ်ဆိုသည့်အ နှင့် အော်ရဲ ပြောရဲလာသည်။ ခုတော့ အားလုံး အဆင်ပြေနေပါ ရောင်းချပြီးတော့ ညခုနစ်နာရီထိုးနေပြီ။

ပစ္စည်းထုတ်လာသည့် စာရင်းဘောက်ချာကို ကိုင် စာရင်းကိုင် မန်နေဂျာရုံးခန်းထဲ ဝင်လာခဲ့သည်။

မနက်၊ ည ပစ္စည်းထုတ်တာက ကုန်လှောင်ရုံထဲမှာ ဖြစ် ငွေပြန်သွင်းတော့ ရုံးခန်းမှာ သပ်သပ်လာသွင်းရသည်။

"မင်း ဒီနေ့များတယ်နော်"

"ဟုတ်ကဲ့ ဦး"

မန်နေဂျာ ဦးထွန်းမြင့်က ပြုံးနေသည်။

လက်လီရောင်းမည့် ဈေးသည်တွေကလည်း အကျ ပေမယ့် မျက်နှာပန်းလှဖို့ ရှယ်ဆိုတာကိုပဲ လိုချင်တတ်ကြသည်

ပစ္စည်းထုတ်ရ၊ စာရင်းမှတ်ရ၊ အဲဒီ အကျန့်ရှယ်က ပြောရနှင့် ဒုက္ခရောက်နေချိန်မှာ လူရှိင်းအတွက်ဆို သူတို့ ဦးနှော





ခခြောက်ရပေ။

လူရှိင်းက ရှိသမျှအကျ အကုန်ယူသည်။

လက်မပဲကျိုးကျိုး ဘယ်အချောင်းမှမပါပါ ပါပါ အားလုံး သိမ်းယူ၍ ကုန်အောင်ရောင်းသည်။

ငွေလာသွင်းတော့လည်း အတိအကျပဲဖြစ်သည်။

ဒါကြောင့် လူရှိင်းကို သူတို့ သတိထားမိကာ ခင်မင် နေကြခြင်း ဖြစ်သည်။

"တကယ်ဆို လူတွေက အကောင်းသိပ်မက်တာကွ၊ ပစ္စည်းတစ်ခုကို တစ်ရာအမြတ်တင်ပြီး နှစ်ရက်လောက်ရောင်း နေမယ့်အစား ငါးဆယ်အမြတ်လောက်နဲ့ တစ်ရက်တည်းကုန် သွားတော့ စိတ်မချမ်းသာရဘူးလား၊ ဒါ ဘာများထူးလို့လဲ၊ ငါတို့ကို ဦးတို့က သဘောကျတယ်၊ ကြိုးစားကွ၊ မင်း ဖွဲ့ရှိတယ်၊ ဖြစ်အောင် လုပ်တတ်တဲ့ ညဉ်လေးလည်း မဆိုးဘူး၊ ပြီးတော့ တိကျမှုရှိတယ်၊ မင်း တိုးတက်မှာပါ"

"ဟုတ်ကဲ့ ဦး၊ ခုလို အားပေးတာ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"အေး အေး"

လူရှိင်း ဈေးရောင်းကာမှ ရင်ထဲမှာ လမင်းသာနေသည်။

တချို့က မနက်ဖြစ်ဖြစ်၊ ညနေဖြစ်ဖြစ် တစ်ချိန်ပဲ ရောင်းသည်။

လူရှိင်းက နေ့ခင်းဘက်ပါမပြန်ဘဲ နှစ်ချိန်လုံးရောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ပြီဆို အိတ်ထဲမှာ ငွေသုံးထောင်ကျော် သုံးထောင်ပါပြီးသား။

ကျပ်ကျပ်တည်းတည်းနှင့် ရှန်းကန်လာခဲ့ရတာ၊ ထင်နပ်မှန်ဖို့တောင် မနည်းကြိုးစားနေရသည်။

ဒီကြားထဲ အိမ်လခပေးဖို့ကတစ်ဖက်၊ တခြားကို ပူလိုက်တာ၊ ဒီတိုင်းသာ နောက်တစ်နှစ်လောက်ဆို နှလုံးရောဂါ ရသွားနိုင်သည်။

ခုတော့ အတော်လေးကို အဆင်ပြေသွားခဲ့ပြီဖြစ်သည်။

အိမ်ပြန်ချိန်ဆို အသက်အတွက် သရက်သီး၊ ဒူးရင်းသီး ဒါမှမဟုတ် စားစရာတစ်ခုခု လက်မှာဆွဲလျက်...။

❊ ❊ ❊

"ဟော... လာ... မမညို၊ ဒီမှာ ရှိင်း ကြေးအိုးဝယ်လာတယ် မညိုရဲ့၊ သူလည်း မကြိုက်ဘဲနဲ့၊ အသက်တစ်ယောက်တည်း ဘယ်စားနိုင်မလဲ၊ အတူတူစားရအောင်"

မညိုက ခပ်ပြုံးပြုံးနှင့် မီးဖိုချောင်လေးထဲထိ ဝင်လာတိုင်ကာ

"စားစမ်းပါအေ၊ သူ့မိန်းမ စားစေချင်လို့ ဝယ်လာတာ၊ ငါ မစားပါရစေနဲ့၊ တော်ကြာ..."

"မဟုတ်ရပါဘူးဗျာ၊ စားပါ၊ သူစားစေချင်လို့ ဝယ်လာတာပေမယ့် မကုန်မှန်းသိသားပဲ၊ သူ တစ်ဝက်ခွဲပြီး မညိုအဖို့မှာပဲဆိုတာလည်း သိတာပဲ၊ အခု မညိုလာတော့ အတော်ပဲဖြစ်သွားတာပေါ့"

ဒီနားမှာ အားလုံးနဲ့ ခင်ခင်မင်မင်ရှိပေမယ့် အသက်ကတော့ မညိုကို ပိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မညိုကလည်း အသက်ကိုခင်သည်။

သူ့အိမ်မှာ ဘာပဲလုပ်စားစား အသက်ကို မကျွေးဘဲ မနေ ပြီးတော့ မညိုက သဘောသားမိန်းမမို့ ပြေလည်သည်။

အသက် တော်ရုံကိစ္စဆို မညိုဆီပြေးသွားလိုက်တာနှင့် ပြီးတတ်ခဲ့သည်။

မညိုကိုယ်တိုင်ကလည်း စကားနည်းသလို အသက်နဲ့ စရိုက်တူမို့ ခင်မင်ရင်းနှီးခဲ့ကြခြင်း ဖြစ်သည်။

"ငါ့မောင်က ထမင်းစားပြီးပြီလား"

"ပြီးပြီ မညို၊ ခုပဲ..."

"ဘယ့်နှယ့်လဲ၊ ဈေးသည်ကြီးလုပ်ရတာ အဆင်ပြေ သွားပြီပေါ့"

"ပြေတယ်၊ စိတ်လည်းချမ်းသာတယ်"

"အေးပါ၊ အဲဒီအသံပဲ ကြားချင်ပါတယ်၊ အဆင်ပြေ တယ်ဆိုလည်း အသက်တစ်နေကုန် တမျှော်မျှော်ဖြစ်မနေရအောင် သူ့ကိုပါ ခေါ်သွားပြီ လင်မယားနှစ်ယောက်ရောင်းပါလား"

လူရှိုင်းက နေရာမှထ၍ ဒန်အိုးနဲ့ ဒယ်အိုးကို စင့်လေးပေါ် လှမ်းတင်လိုက်ကာ

"ဘာလုပ်မှာလဲ မညိုရာ၊ ယောကျ်ားပြန်အလာကို မိန်းမကမျှော်တာ သဘာဝကျတာပဲ၊ အိမ်ဆိုတာ အိမ်ရှင်မရှိမှ ကျက်သရေရှိတာ၊ အိမ်မှာထောင့်စေ့မှာပေါ့၊ အပြင်ထွက်ရှာတာ အိမ်ထောင်ဦးစီးယောကျ်ားရဲ့ အလုပ်၊ ခေတ်တွေ ဘယ်လိုပဲ





ပြောင်းပြောင်း ကျွန်တော့်အမြင် ခေတ်ထဲမှာတော့ ဒီတိုင်းပဲ၊ ကျွန်တော် တစ်စုံတစ်ခုဖြစ်သွားရင်တော့ တစ်မျိုးပေါ့ဗျာ"

မညိုက ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ ယောကျ်ားပီသတဲ့ ယောကျ်ားတိုင်း ဒီစိတ်မျိုးရှိကြတာပဲ၊ တချို့ယောကျ်ားတွေကျတော့ မိန်းမကို သိပ်တွက်ကပ်တာ၊ သူတို့ရှေ့ကထမ်းသွားရင် နောက်က မိန်းမ ရွက်လိုက်မှကြိုက်တယ်၊ သူတို့ ထမင်းချက်နေရင် မိန်းမ ငရုတ်သီး ထောင်းနေမှ ကြိုက်တယ်၊ မညိုညီမလေးရဲ့ ယောကျ်ားဆို အဲဒီအတိုင်းပဲလေ၊ အထူးသဖြင့် အသက်ကြီးကြီး ယောကျ်ားတွေ အဲဒီလိုစိတ်ရှိတတ်ကြတယ်၊ မိန်းမငယ်ငယ်လေးတွေ ယူထားပြီး ပြန်အားကိုးချင်လာကြတယ်၊ ကိုယ်တိုင် ဦးမဆောင်ချင်တော့ဘူး ဆိုတော့ မိန်းမက နုံနုံအအဆိုရင် မလုပ်တတ်၊ မကိုင်တတ်ရကောင်း လားဆိုပြီး မတည့်တော့ဘူး"

"မညိုရဲ့မတ်က အသက်ကြီးလို့လားဟင်"

"ကြီးပါပြီကော၊ မညိုယောကျ်ားထက်တောင် ကြီးသေး တယ်၊ အသက်ချင်းကမတူတော့ အယူအဆချင်းကကွဲ၊ ငယ်တဲ့သူက ဒီလိုဆို၊ အသက်ကြီးတဲ့လူက ဟိုလို၊ စကားပြောတိုင်း အဆင်မပြေတဲ့ အဖုအထစ်လေးတွေကများ၊ ငယ်တဲ့လူမှာ နာကြည်းချက်တွေ ဖြစ်ရော၊ တစ်ခါ သူတို့က ငယ်တဲ့လူကို ပြန်မှီချင်တော့ ကြီးတော့ ကြီးမနဲ့ တရော်လို့ချ၊ အဲဒီတော့ ငယ်တဲ့မိန်းကလေးက စိတ်မပိုင်ရင် မခက်ဘူးလား၊ ကိုယ့်ကို ရွယ်တူတန်းတူ ဖျတ်ဖျတ်လတ်လတ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျားကျားလျားလျား အားကိုးချင်စရာလည်းတွေ့ရော ကိုယ့်နားက ခပ်ညံ့ညံ့ဟာကြီးရဲ့ ပြစ်ချက်တွေက ပေါ်လာရော၊ ကြီးတဲ့လူက ရစ်၊ ငယ်တဲ့လူက စိတ်နာ၊ ထွက်ပေါက်ရှာ၊ ထွက်ပေါက်မရှာဘူး ပဲထား၊ ဒီအိမ်ထောင်ရေး ဘယ်တော့လာမြဲမလဲ၊ မြဲသည့်တိုင် ဘယ်လိုလုပ် အဆင်ပြေနိုင်မှာလဲ၊ စဉ်းစားကြည့်"

"ဟုတ်တယ်နော်"

"သိပ်ဟုတ်တာပေါ့ ညီမရယ်၊ တကယ်ဆို ငယ်ရွယ်တဲ့ မိန်းကလေးက ကိုယ့်ထက် ဆယ်နှစ်လောက်ကြီးတဲ့ ယောကျ်ားတွေ ကို လုံးဝစိတ်မကူးသင့်ဘူး၊ ဒီအရွယ်နဲ့ ဒီအရွယ် ညားသွားပြီး အစစ အဆင်ပြေကြမယ်ဆိုတာ ဆယ်ယောက် တစ်ယောက်ပါ ပြီးတော့ သူတို့က ပြောသေးတယ်၊ အိမ်ထောင်ရေးအဆင်မပြေလို့ ဘေးလူကမခံချင်ပြီး ညည်းက ကိုယ့်ထက်ကြီးတာကြီးကို ယူတာ ကိုးလို့ ပြောမိရင် ဘာပြောတယ်မှတ်လဲ၊ မင်းလိုမိန်းမ ငါလို သင်ကြားဆုံးမမယ့် ယောကျ်ားနဲ့တွေ့လို့ပေါ့၊ မဟုတ်ရင် မလွယ် သေးဘူးတဲ့"

"*ဟုတ်လား*"

"ဟုတ်ပ၊ စဉ်းစားကြည့်စမ်းအသက်ရယ်၊ ယောကျ်ား ယူတာ ချစ်လို့၊ ကြည်နူးချင်လို့ ယူတာပဲ၊ တစ်ယောက်ကို တစ်ယောက် နားလည်ခွင့်လွှတ်တယ်၊ ဆိုးတာ၊ လွန်တာကို နားလည်သည်းခံပေးမယ်ဆိုရင် ပြီးပြီပေါ့၊ အမြဲ အတိုက်အခံ လိုက်လုပ်၊ ငယ်တဲ့သူ ဘာပြောပြော ငါ့လောက်မသိဘဲနဲ့၊ ငါ့လောက်





မတတ်ဘဲနဲ့ဆိုတဲ့ တယူသန်ဖွဲ့နဲ့ ကိုယ်ဖြစ်ချင်တာပဲ ဖြစ်စေခဲ့တာ၊ အဲဒါ ဆုံးမတာလား"

"ဟုတ်တာပေါ့ မညိုရဲ့၊ အဲဒါက တယူသန်တာပဲ၊ ငါ အသက်ကြီးတယ်၊ နင့်ထက်သိတယ်ဆိုတဲ့ အနိုင်လိုမှုက အဲဒါ အနိုင်ကျင့်တာ၊ ယောကျ်ားယူထားတာ ချစ်ဖို့ပဲ၊ ဆုံးမတာ ခံချင်ရင် မိဘရင်ခွင်ထဲမှာပဲ နေမှာပေါ့"

"ဒါပေါ့၊ ကြီးတဲ့လူနဲ့ ငယ်တဲ့လူညားပြီး အသက်ကြီးတဲ့ ယောကျ်ားက မိန်းမငယ်ငယ်လေးကို ခွင့်လွှတ်သည်းခံနေရတယ် ဆိုတာမျိုး ရှိချင်ရှိမယ်၊ ဒါပေမယ့် မညိုမြင်ဖူးသမျှတော့ မညိုရဲ့ ညီမကခေါင်းဆောင်လို့ အားလုံး စာစောကပြောခဲ့တဲ့ ယောကျ်ားမျိုး တွေချည်းပဲ၊ များသောအားဖြင့် ယောကျ်ားတွေက ချမ်းသာမှ၊ မချမ်းသာဘဲ ဆင်းရဲနေပြီး မိန်းမငယ်ငယ်ရထားရင် သူတို့က နိုင်းစားချင်ကြတာ"

"ဟုတ်မယ်"

"ငါ့ညီမလေးဆို အိမ်မှာတုန်းက ထမင်းဟင်းတောင် မချက်တတ်ဘူး၊ ယောကျ်ားလည်းရရော ကုသိုလ်ကံကပါလာတော့ သူ့ထက် ဆယ့်ငါးနှစ်လောက်ကြီးတဲ့ဟာနဲ့ ညားတယ်လေ၊ ယောကျ်ားက ပညာလည်းမတတ်ဘူး၊ ဒီကြားထဲ ဦးနှောက်ကလည်း နည်းတယ်၊ ငါ့ညီမကို ဈေးမရောင်းတတ်လို့ ငြူစူလိုက်တာများ၊ ဟိုဈေးသည်မနဲ့နှိုင်း၊ ဒီဈေးသည်မနဲ့ နှိုင်း"

"ဟုတ်လား မညို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့၊ အဲဒီတုန်းက မညို အိမ်ထောင်တောင် မကျသေးဘူး၊ အဲဒီလူကိုယူရမလားဆိုပြီး မေမေတို့ကလည်း ပစ်ထားတာ၊ သူ့မှာ အ၀တ်အစားလိုချင်လည်း မပူဆာရဲ၊ စားချင်တာရှိလည်း မပြောရဲ၊ မပြည့်စုံလို့မှ မပြောရဲတဲ့အဖြစ်၊ သူတို့ကိုယ် သူတို့ ငါတို့သားမယားကို ငါတို့ ပြည့်စုံအောင်မထားနိုင်ပါလားလို့ မတွေးမိတဲ့အပြင် မယားက မပြည့်စုံလို့ ပြောရင်တောင် 'သူတို့ လင်မယားကို မတုနဲ့လေ၊ သူတို့က လင့်ရော မယားရော ရှာတာ၊ သူ့မိန်းမကလည်တယ်၊ ဘယ်လိုရောင်းတတ်ချတတ်တာ'၊ အို… မိန်းမကပဲ ပြန်တောင်းပန်ရတော့မယ့်အဖြစ်၊ လည်မှလည်ပဲ၊ ငါ့မိန်းမ ငါနဲ့ညားလို့ ဆင်းရဲရှာတယ်လို့ရော မှတ်မယ်ထင်လား၊ ဝေးသေးတယ်၊ 'မင်း ငါနဲ့တန်လို့ ငါနဲ့ညားတာ၊ ဘာမှပြောမနေနဲ့' ဆိုတာ ဘယ်လောက်ခံပြင်းဖို့ကောင်းလဲ"

မညိုက ညီမအတွက် ဘယ်လောက်နာကျင်နေသည် မသိပါ။ ပြောရင်း စကားသံများပင် တုန်လာသည်။

"ဘယ်မိန်းမကတော့ သူ့လင်ကို ဖိမ်နဲ့ထားပြီး ဘယ်လို ရှာကျွေးနေတာ၊ ဒီမိန်းမမျိုးက ရှားပါ့၊ ဆိုတာမျိုးကျတော့ သွားရည်တမြားမြားနဲ့ ပြောလို့မဆုံးဘူး သိလား"

လှရှိန်းက ဟက်ခနဲရယ်၍ ဆံပင်တွေကို လက်နှစ်ဖက်နှင့် ဆွဲဖွပစ်လိုက်ကာ…

"ကျွန်တော်လည်း ယောက်ျားနော် မညို၊ ဟဲ ဟဲ… မျက်နှာပူလာပြီ"

သစ္စာမွန်စာပေ



မညိုက မလုံမလဲရယ်လိုက်ကာ

"မညိုက ခံစားချက်ရှိနေလို့ပါ၊ မျှမျှတတလည်း ပြောလို့ရပါတယ်၊ မိန်းမငယ်ငယ်လေးယူထားပြီး အဲဒီမိန်းမလေး ရုပ်လို့ ပွေလို့၊ ဒီပြင်မသိတတ်တာ၊ ပလွှားတာ အားလုံးကြောင့် အဲဒီ ယောက်ျားအို စိတ်ပျက်သည်းခံနေကြရတာတွေလည်း ရှိပါတယ်၊ ဘာပဲဖြစ်ဖြစ် အရွယ်မတူတဲ့အတွက် တစ်ဖက်စောင်းနင်းတော့ ဖြစ်ကြရတာပဲ မဟုတ်လား၊ ခံစားရတဲ့သူဘက်က သိပ်ကိုနစ်နာတာ ဘယ်သူငြင်းနိုင်လဲ"

"ဟုတ်ပါတယ်"

"မိန်းမငယ်တွေ အသက်ကြီးတဲ့ယောက်ျားတွေနဲ့ လက်မတွဲသင့်ဘူးဆိုတဲ့အချက်ကိုတော့ မညိုက အကြွင်းမဲ့ယုံသလို မိန်းကလေးအတော်များများကိုလည်း ယုံကြည်လက်ခံကြစေချင်တယ်၊ အသက်အပိုင်းအခြားအလိုက် ကွဲပြားသွားတဲ့ အယူအဆ ဆိုတာကို လုံးဝမမေ့သင့်ဘူး၊ ရွယ်တူ ဒါမှမဟုတ် နှစ်နှစ် သုံးနှစ် အကွာ မတိမ်းမယိမ်းလောက်ပဲ ကောင်းတယ်၊ သူဆိုးရင် ကိုယ်ဆိုးမှာ ပဲဆိုတဲ့ အမြင်လေးတွေရှိကြတယ်၊ အဲဒါကိုက ဘက်ညီတာ၊ ခံစားကြပြီဆိုရင် ဘယ်သူမှ သိပ်မနစ်နာဘူးလေ၊ ကောင်းတူ ဆိုးဘက်ဆိုတာ အဲဒါပဲ၊ ဒါမှ မဟုတ်လို့ မှားတော့လည်း မှောက်အိပ် ပေတော့ပဲ"

"မညိုယောက်ျားနဲ့ မညို အသက်ဘယ်လောက်ကွာ လဲဟင်"

သစ္စာမွန်စာပေ

www.burmeseclassic.com



"လေးလပဲကွာတယ်၊ အဲဒါ မညိုက ကြီးတာ၊ မညိုဖြင့် သူ့ကြောင့် တစ်ခါမှ အကြီးအကျယ် စိတ်မဆင်းရဲခဲ့ရဘူး၊ သဘောသားမို့ သူပွေရဲရင် ပွေကြည့်၊ သူက နှစ်ယောက်တွဲရင် မညိုက လေးယောက်လောက် တွဲပြလိုက်တယ်၊ ဒါပေမယ့် ရှုံ့တာ ဆိုတဲ့ သတိတော့ထားတယ်၊ ကိုယ်က တွဲသွား တွဲလာအဆင့် လောက်ကို သူ တစ်မျိုးထင်အောင်လုပ်ပြလိုက်တာပဲ၊ တစ်ခါပဲ၊ နောက်ထပ် သူ မရှုပ်ရဲတော့ဘူး"

"ကွယ်ရာမှာဆို မညို ဘာတတ်နိုင်မှာလဲ"

"ရှုပ်လေ… မညိုနားထဲတော့ မရောက်စေနဲ့၊ လုံအောင် ဖိထား၊ မညိုနားထဲရောက်လာတဲ့နေ့က ဒင်း မလွယ်တဲ့နေ့ပဲ၊ အပြတ်ပြောထားတာ"

လူရိုင်းက အသက်ပခုံးလေးကို သူ့ပခုံးနှင့်တိုက်၍ မျက်နှာလေးကို ငုံ့ကြည့်ကာ

"ကျွန်တော့်အသက်ကိုတော့ အဲဒီဝါဒီတွေ မပို့ချပါနဲ့ မညိုရာ၊ ကျွန်တော် ရင်ကွဲနာကျကျန်ခဲ့မှာ"

မညိုက ရယ်နေသည်။

"မင်းမိန်းမလား အဲဒီလိုလုပ်မှာ၊ ထစ်ခနဲရှိ ငိုဖို့ပဲ၊ မညိုက မင်းတို့လင်မယားလေးကိုကြည့်ပြီး သဘောလည်း ကျတယ်၊ ညီမလေးကိုလည်း သတိရပြီး ရင်ထုမနာဖြစ်ရတယ်၊ ခုဆို ယောက်ျားက သမကောင်းလို့ ညီမလေး ဈေးရောင်းနေရရှာပြီ"

"ဖြစ်ရလေ မညိုရယ်၊ ဘာရောင်းတာလဲဟင်"





"ရောင်းတာကတော့ ဆိုင်ခန်းနဲ့ပါ၊ ဒါပေမယ့် ဈေးထဲမှာ တစ်နေကုန် စားသာပါ့မလား အသက်ရယ်၊ ကလေးက နှစ်ယောက်"

စကားပြောလို့ကောင်းနေဆဲ အသက်က ရုတ်ခနဲ ထသွားကာ ပြတင်းပေါက်နားမှာ တဝေါ့ဝေါ့နှင့် အန်လေသည်။

"အသက်"

လူရိုင်း ကမန်းကတန်း ထသွားကာ အသက်ရဲ့ကျောကုန်းကို အသာဖိထား၏။

"ရင်ပြည့်ပြီထင်တယ်"

မညိုပါ ထလာသည်။

"ဟုတ်တယ်၊ သူ မစားချင်တော့ဘူးဆိုတာကို ကြေးအိုးကို ကျွန်တော် အတင်းသောက်ခိုင်းလိုက်မိတာ"

သုံးခါခန့် အန်ချပြီး အသက် ဟန်မဆောင်နိုင်တော့ဘဲ လူရိုင်းရင်ခွင်ထဲမှာ ပျော့ကျသွားလေသည်။

"အသက်… ဟာ… ချွေးတွေလည်း ရွဲနေတာပဲ၊ လာ… အကျီသွားလဲရအောင်"

"ဟင့်အင်း"

အသက်က လူရိုင်းလက်မောင်းကို ဖက်ထား၍ ခေါင်းခါနေသည်။

မျက်လုံးတို့က မပွင့်။

"အသက်… ညီမ မူးနေလား"



www.burmeseclassic.com

www.burmeseclassic.com



မညိုက အသက်လက်ဖျားလေးကို ထွေးဆုပ်၍ မေးသည်။

"မူးတယ် မညို၊ မူးမူးနေတာ ကြာပြီ၊ စားပြီးတိုင်းလည်း အန်ချင်တာပဲ"

"ဟဲ့... ကိုယ်ဝန်တွေ ဘာတွေ ရှိတာများလား"

လူရှိင်း နဖူးကဆံပင်ကို ဖျတ်ခနဲ ခါထုတ်ပစ်ကာ

"ကိုယ်ဝန်ဟုတ်လား၊ အသက်မှာ ကိုယ်ဝန်ရှိနေပြီလား"

"ထင်တာလေ၊ မညိုလည်း ဘယ်သိမလဲ"

"အဲဒါ ဘယ်သူသိလဲ၊ ဘယ်သူ့ကို မေးကြည့်ရမလဲ"

လူရှိင်း လှုံ့ဘခလုတ်တိုက်မတတ် ဖြစ်နေပုံကို မညိုက သတိထားမိကာ ပြုံးစိစိဖြစ်သွား၏။

"ကိုယ့်မိန်းမ ကိုယ်မေးကြည့်ပေါ့၊ သူ့ကိုယ်သူ ပိုသိမှာပါ"

"အသက်... အသက် သိတယ်ဆို၊ အဲဒါ ဟုတ်လားဟင်"

"မသိပါဘူး ရှိင်းရယ်၊ အသက်က ဘယ်လိုလုပ်သိမှာလဲ"

လူရှိင်းက ဘယ့်နှယ်လဲဆိုသော အမေးနှင့် မညိုကို ပြန်ကြည့်၏။

"ညီမ ကိုယ့်ရက်ကို မမှတ်မိဘူးလား"

မညိုမေးတော့မှ အသက်မျက်နှာလေး မီးရောင်အောက်မှာ





ရှက်ဝဲဝဲလေး ဖြစ်သွားကာ လူရှိင်းရင်ခွင်ထဲ လှည့်ကွယ်လိုက်၏။

မညိုက အသံထွက်အောင်ရယ်လျက် တံခါးဆီသို့ လျှောက်သွားလေသည်။

"အဲဒီမှာ မေးကြပေတော့ဟေ့၊ မညိုတော့ ရှုပ်နေမှာစိုးလို့ ပြန်တော့မယ်"

"ဟာ... မညို၊ ကြေးအိုးတွေ သောက်သွားပါဦးဗျ"

"သောက်ပြီးပြီလေ၊ တော်ပြီပေါ့"

မညိုက ဇွတ်ပြန်သွားသည်။

"အသက်... အန်ချင်သေးလားဟင်"

အသက်က ခေါင်းခါ၍

"မအန်ချင်တော့ဘူး၊ မူးတော့ မူးနေသေးတယ်၊ အိပ်ရာထဲ သွားမယ် ရှိင်း"

လူရှိင်းက ဖေးမတွဲပို့ရင်း

"အသက်... မညိုပြောသွားတဲ့ရက်ဆိုတာ ဘာလဲဟင်၊ အသက်မှာ ကိုယ်ဝန်တကယ်ရှိတာလား၊ ပြောစမ်းပါကွာ"

"ဘယ်လိုဖြစ်နေတာလဲ ရှိင်းရယ်၊ အသက် မသေချာသေးလို့ မပြောတာပါ၊ အင်း... ခု သုံးလတောင်ရှိပြီဆိုတော့ သေချာပါပြီ"

"ဘာ... ဟာ... သုံးလ၊ သုံးလရှိပြီ ဟုတ်လား သက်"

လူရှိင်းက လက်သုံးချောင်းထောင်၍ အသံတုန်ကြီးနှင့် မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ရှိင်း ကလေးအဖေ ဖြစ်တော့မယ်"

"ဟား"

လှရှိင်း သွားကြီးဖြီးလျက် ရှက်ရွံ့ကြည်နူးနေသော မျက်နှာကြီးက အသက်နှုတ်ခမ်းလေးတွေကို ပြုံးလာစေတော့သည်။

* * *

## အခန်း » ၉

"သမီး"

ရင်ထဲမှာ ဒိတ်ခနဲခုန်ကာ အသက် လှည့်ကြည့်လိုက်မိ၏။

ဗိုက်ဖုံးအင်္ကျီကားကားလေးနှင့် ဆံပင်တွေကို နောက်မှာ ဘလစ်နဲ့ စုညှပ်ထားသည့် အသက်ပုံစံလေးကို ဦးသန်းနွဲ့က မှုးစိုက်ကြည့်ကာ ဆိုက္ကားပေါ်က ဆင်းသည်။

သားအဖနှစ်ယောက် လမ်းဘေးသစ်ပင်ရိပ်မှာ မျက်နှာချင်းဆိုင် ရပ်မိကြလေသည်။

"အဖေ... အဖေနေကောင်းတယ်နော်"

"ကောင်းပါတယ် သမီးရယ်၊ ငါ့သမီးကို အဖေ စ်ထားသလိုနေခဲ့ရတာ အဖေ့ကို ခွင့်လွှတ်ပါ၊ အဖေ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောလိုက်တာလဲ အဖေရယ်၊ တကယ်ဆို သမီးသာလိမ္မာရင် အဖေ ခုလို ဆိုက္ကားနင်းရတဲ့ဘဝက ကျွတ်ပြီ ပေါ့၊ သမီး မိုက်ခဲ့တာ၊ သမီးကသာ တောင်းပန်ရမှာပါ"

"ဒါတွေ ထားလိုက်ပါတော့ကွယ်၊ သမီးကို ခုလို ပြောင်ပြောင်ရောင်ရောင်၊ ရှင်းရှင်းသန့်သန့်လေး မြင်ရတာ အဖေ ဝမ်းသာလိုက်တာ၊ သမီးကို မြင်လိုက်တာနဲ့ သမီးတို့ အဆင်ပြေ နေတယ်ဆိုတာ အဖေ သဘောပေါက်တယ်"

"သမီးတို့ အဆင်ပြေပါတယ် အဖေ၊ ရိုင်းက သိပ် ကြိုးစားတာ"

"အဖေသိတယ်၊ လူရိုင်း ဘယ်လိုကောင်လဲဆိုတာ ကတော့ ယုံကြည်ပြီးသား၊ သမီး ခုလို ကိုယ့်ချစ်သူနဲ့ကိုယ် လက်တွဲ ပြီး အဆင်ပြေပြေဖြစ်သွားတာ အဖေ ဝမ်းသာတယ်၊ တကယ်တော့ ဟိုကောင်နဲ့ သမီးကွဲသွားတာ ငါ့သမီး သူတော်ကောင်းမို့ နတ်ကောင်းတွေက ဖယ်လိုက်တာပဲကွဲ့၊ ခု ဒီကောင် မိန်းမရသွားပြီ အေးမှုနဲ့လေ"

"ဟုတ်လား"

"ဟုတ်တယ်၊ မိန်းမကို သိပ်နိုင်တာပဲ၊ ဈေးဖိုးပေးပြီး ဘယ်လောက်သုံးသလဲ၊ ဘယ်ကြောင့်ကုန်သလဲ၊ စစ်လိုက် ဆေး လိုက်တာများ ဝတ်ဝန်းကျင်က အားလုံး နှုတ်ခမ်းမဲ့ကြ တယ် ဒါပေမယ့် သမီးလို တန်ဖိုးထား မြတ်နိုးမှုမရှိတာလည်း ပါမှာ ပေါ့လေ"





အသက်က ခေါင်းလေးငုံ့၍ နားထောင်နေသည်။

"သမီးကို လူရိုင်းက ယုယုယယ ရှိရဲ့လား၊ မြတ်မြတ် နိုးနိုး ကြင်နာရဲ့လား"

တကယ်တော့ ဒါတွေက မအေက မေးရမည့်စကား တွေပါ။

ဒါပေမယ့် သမီးလေးက မိတဆိုး…

ဦးသန်းနွဲ့ရင်ထဲမှာလည်း ဒီကလေးအတွက်ပဲ နေ့တိုင်း တွေးပူနေရတာမို့ မထင်မှတ်ဘဲ ဆုံကြတုန်း မေးလိုက်မိခြင်း ရယ်ပါ။

"ရိုင်းက သမီးကို အရမ်းကို ဂရုစိုက်တာပါ အဖေ၊ သူရှာရသမျှအားလုံး သမီးကိုအပ်တယ်၊ သူ့ဝယ်သမျှ၊ ရည်ရွယ် သမျှ သမီးအတွက်ချည်းပါပဲ"

"အေး အေး"

ဦးသန်းနွဲ့မျက်နှာမှာ ပီတိပြုံးတို့နှင့် ဝေနေသည်။

"ခုတောင် သမီးတို့ အတော်လေးစုမိနေပြီ အဖေ၊ ရိုင်းက ဒီကိုယ်ဝန်ကြောင့် ငွေပဲ အရေးကြီးတာဆိုပြီး ဘာပစ္စည်းမှ ဝယ်ခြမ်းဘဲ စုကိုင်ထားကာ၊ သူ ဒီကိုယ်ဝန်ရမှ အလုပ်လည်း ကြိုးစားတယ်၊ သမီးကိုလည်း ပိုဂရုစိုက်တယ်"

"ကြားရတာ မင်္ဂလာရှိလိုက်တာကွယ်၊ အဖေ ဝမ်းသာ လိုက်တာ၊ ဒါနဲ့ သမီးက ဘယ်နှယ်လရှိပြီလဲ"

"ခုနစ်လထဲမှာ အဖေ"

"အေး အေး… အိမ်ကိုလည်း သမီးတို့လင်မယား ဝင်ကြ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ကြပါကွယ်၊ အခု ပတ်ဝန်းကျင်က သမီးတို့ကို အားလုံး နားလည်နေကြပြီ၊ လူရိုင်း ဈေးရောင်းလို့ အဆင်ပြေနေတယ် ဆိုတာလည်း တစ်ဆင့်စကားနဲ့ အားလုံးကသိပြီး ချီးမွမ်းနေကြတာ အမေ့မှာသာ ဝမ်းသာချင်လွန်းလို့ ယုံပါလျက် မယုံရဲနဲ့၊ သမီးတို့ကို သိပ်တွေ့ချင်နေတာ"

အသက် စိတ်မကောင်းဖြစ်သွားမိလေသည်။

ကိုယ်ကတော့ ပူပင်မှုမျိုးစုံ၊ ကိုယ့်သာယာမှုနဲ့ကိုယ်၊ အမေ့ကို သတိမရခဲ့မိပါလား။

"ကဲ... သမီး ဘယ်သွားမှာလဲ၊ တက်... တက်"

"အို... အဖေကလည်း၊ သမီး မစီးချင်ပါဘူး"

"တက်ပါ သမီးရယ်၊ သမီးငယ်ငယ်ကဆို အဖေ ပခုံး ပေါ်ထမ်းပြီး ကျောင်းပို့ ကျောင်းကြို လုပ်ခဲ့ရတာ၊ ကိုယ့်သမီးကိုယ် ဆိုက္ကားပေါ်တင်နင်းတာ ဘာဖြစ်လဲ၊ တက်"

"ဟင့်အင်း... အဖေ၊ သမီး မစီးပါရစေနဲ့"

အသက်က အကြောက်အကန်ငြင်းနေသည်မို့ ဦးသန်းနဲ့ သက်ပြင်းချကာ

"သမီး မီးဖွားမည့်ရက်လောက်ကို မယ်စိန်ကို အဖေ လွှတ်ပေးရမလား"

"မလွှတ်ပါနဲ့ အဖေရယ်၊ ရိုင်းနဲ့ ဖြစ်မှာမဟုတ်ဘူး သမီးပတ်ဝန်းကျင်မှာ ကူညီမည့်လူတွေ ရှိပါတယ်၊ အဖေသာ ကျန်းမာရေးကို ဂရုစိုက်ပါ၊ ရိုင်းက အမေ့ကိုတော့ သံယောဇဉ်





ရှိပါတယ်၊ သမီးတို့ ပြေပြေလည်လည်နဲ့ အမေ့ကို ပြန်ပြီးပြုစု ထောက်ပံ့ခွင့်ရအောင် အဖေကျန်းမာမှဖြစ်မှာ"

ဦးသန်းနွဲ့က ပြုံးနေသည်။

သားသမီးဆိုက မေတ္တာရေစီးသံကို နားထောင်ရုံနဲ့ပဲ မိဘတို့ရင်မှာ ငြိမ်းချမ်းရပါလေသည်။

စုန်ရေပဲရှိခဲ့တာ မဟုတ်လား...။

* * *

www.burmeseclassic.com

www.burmeseclassic.com

တကယ်ဆို အသက်ရဲ့ဝမ်းထဲက ရင်သွေးလေးက ရတနာလေးပါလား။

သူနဲ့အတူ အဆင်ပြေမှုအပေါင်းကို သယ်ဆောင်လာခဲ့သည်။

ဘာပဲလုပ်လုပ် အဆင်ပြေနေသည်။

ဘာပဲရောင်းရောင်း မြတ်တာပဲဖြစ်သည်။

ခုဆို ဟိုတယ်ကြီးတွေပါ လိုက်ပို့ဖို့ထိ အဆက်အသွယ်တွေ ရလာပြီ။

ငွေရင်းများများစု၍ ကိုယ်တိုင် ဒိုင်လုပ်ဖို့အထိ လူရိုင်း ရည်ရွယ်ထားသည်။





အသက် မွေးဖွားပြီးတာနှင့် အစီအစဉ်အားလုံး စဖို့ထိ ကူညီမည့်သူက အဆင်သင့်။

မန်နေဂျာ ဦးထွန်းမြင့် ဖြစ်သည်။

သူက လူပျိုကြီး...

ငွေရှိပေမယ့် အပင်ပန်းမခံချင်တဲ့သူ...

လူရိုင်းနဲ့ စပ်တူလုပ်ဖို့ သဘောတူထားခဲ့ကြသည်။

"ဒါမျိုးဆို ငါတို့သူဌေးကတော်ကလည်း ကူညီတတ်ပါတယ်ကွ၊ ငါတို့အစီအစဉ်စရင် သူ့ကို တိုင်ပင်မယ်၊ သူ ကြည့်နေမှာ မဟုတ်ပါဘူး"

"သူဌေးကတော်ဆိုပြီး သူဌေးကိုတော့ မတွေ့ပါလား ဦးရဲ့"

"မင်း တစ်ခါမှ မမြင်ဖူးဘူးလား"

"ဟင့်အင်း"

"အေးလေ... ဘယ်မြင်ဖူးမှာလဲ၊ သူဌေး ဒီကို မလာတာ ကြာပြီပဲ၊ ဒီလိုကွ... သူဌေးက အစကတော့ သူ ကိုယ်တိုင် လာဦးစီးပေးထားတာပဲ၊ ဒါပေမယ့် သူ့မိန်းမကြီး က သိပ်ဆိုးတာ၊ မယားကြီးနဲ့ မယားငယ်ပြဿနာထဲမှာ ငါတို့ သူဌေးကတော်ကတော့ ပြောင်းပြန်ပဲ"

"ဟင်... သူဌေးကတော်က အငယ်လား"

ဦးထွန်းမြင့်က ခေါင်းညိတ်၍ ဆေးပြင်းလိပ်ကို ဖွာလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးကတော်က အပျိုစစ်စစ်၊ ဆင်းရဲလွန်းလို့ အားကိုးရာရင်း သူဌေးနဲ့တွေ့တယ်ပေါ့ကွာ၊ သူဌေးကတော်က အစကတို့လိုချေးသည်ပဲ"

"ဟုတ်လား"

"သူဌေးကလည်း ချောချောလှလှ အပျိုလေးဆိုတော့ မိန်းမကို ချစ်တာတုန်နေတာပဲ၊ အဲဒါကို သူ့မယားကြီးက လုံးဝလက်မခံဘူး၊ ယောက်ျားကိုလည်း ရန်ရှာတယ်၊ သူဌေးကတော်လေးကိုလည်း သတ်မယ်၊ ဖြတ်မယ်လုပ်လို့ အဲဒါကို ငဲ့ပြီး သူဌေးက ဒီကို လုံးဝကိုမလာဘဲ နေလိုက်ရတာ၊ ဒီကုမ္ပဏီ သေးသေးလေး ထူထောင်ပေးတာတောင် လုံးဝမကျေနပ်ဘူး ဆိုပြီး ဒီထိလိုက်လာတာ မောင်ရေ၊ သူဌေးကတော်လေးက နူးနူးညံ့ညံ့၊ အေးအေးဆေးဆေးလေးဆိုတော့ သူအနိုင်ကျင့်သမျှ ခံလိုက်ရတာပေါ့ကွာ၊ ခုတော့ သူတို့လင်မယား ဘယ်လို အပေးအယူလုပ်လိုက်ကြသလဲ မသိဘူး၊ ကတော်ကြီးက ဒီကုမ္ပဏီလေးကို ပိတ်ပစ်မယ် ဘာညာဆိုတာလည်း မပိတ်ခဲ့ဘူး၊ သူဌေးလည်း ရောက်မလာတော့ဘူး"

"ဟုတ်တယ်၊ ကျွန်တော်က သူဌေးကတော်က ကိုယ်ဝန်နဲ့ဆိုတော့ ယောက်ျားရှိတယ်ပဲ မှတ်နေတာ"

"ရှိတယ်လေ၊ အနားမှာမရှိတာပဲဥစ္စာ"

ဦးထွန်းမြင့်က ကတော်လေးကို ထိပါးခံနိုင်ပုံမပေါ်။

"ဦး... ကျွန်တော် သွားတော့မယ်နော်"

"အေး... မင်းလည်း ဈေးရှေ့မှာ ဈေးရောင်းရတဲ့ ဘဝဏ





ကျွတ်တော့မှာပါ"

"ကြိုးစားနေတာပဲ ဦးရယ်"

"အေး... ကြိုးစားကွ"

* * *

www.burmeseclassic.com

www.burmeseclassic.com

"ရှင်တို့ မတရားမလုပ်ကြနဲ့နော်"

"နင် ဖယ်စမ်း"

"အို... မဖယ်ဘူး"

"မိန္ဒေ... ဖယ်လိုက်စမ်း"

"မဖယ်ဘူး ကိုကို၊ ဟိုမှာ ဒဏ်ရာတွေ ပွနေပြီ"

အသံကြားတဲ့ဆီ လူရိုင်း လှည့်ကြည့်လိုက်မိသည်။

အတော်လှမ်းနေသည်မို့ အနီးနားတိုးသွားလိုက်မိခြင်းသည် လူရိုင်းအတွက် ဘာနဲ့မှပေးဆပ်မကျေနိုင်သော မဟာ အမှားပါဘည်း။

"ဟာ... ကောင်လေးပါလား"





ယောက်ျားကြီးသုံးယောက်ကြားထဲမှာ မျက်နှာမှာ သွေးအလိမ်းလိမ်းနှင့် ကုန်းကွ၊ ဒူးထောက်ကာ နာကျင်ရှုံ့မဲ့နေသည့် လူရွယ်သည် ရှောပင်နံတိုတိုလေးနှင့် သူ့ကို ကူညီ၍ ပက်စီတိုက်ခဲ့သည့် ကောင်လေး။

ခုတော့ ဆောင်းဘီရှည်အဖြူ၊ အဖြူရောင် အားကစားဂျာကင်ပွနှင့် ကောင်လေးဆိုတာ မှတ်မိနိုင်ဖွယ်ပင်မရှိ။

ကောင်လေးရဲ့ဘေးမှာ မိန္ဒေဆိုသည့်ကောင်မလေးက ငိုယိုလျက်...

"နို့နံ့မစင်သေးတဲ့ ကောင်ကများ မိန်းမခိုးရတယ်လို့၊ ဟိတ်ကောင်တွေ... ချကွာ"

"ကိုကို... မလုပ်ပါနဲ့၊ ရှင်တို့ မလုပ်နဲ့နော်"

နှစ်ယောက်က ကောင်လေးကို ရင်ဘတ်အကျႌစကို လက်နှစ်ဖက်နှင့် ဆွဲမယူကာ ထရပ်စေလိုက်သည်။

"မင်းက ငါတို့သတိပေးထားတာကို ကျော်လွှားပြီး မိန္ဒေကို လာခိုးတယ်ဆိုတော့ သတ္တိခဲပဲ၊ ရော့... အဲဒါ ချီးကျူးတဲ့ လက်သီး"

"ခွပ်"

"အ"

"ဟိတ်... လွှတ်လိုက်စမ်း"

လူရိုင်း ဒေါသကြောင့် မီးပွင့်ထွက်သွားသည့်အတိုင်း၊ သူ့ကို အားလုံးက လှည့်ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ လက်ထဲမှာ သွေးအလိမ်းလိမ်းနှင့် ကောင်လေးကတော့ သတိလစ်မေ့မြောနေပေပြီ။

"ဟိတ်ကောင်… မင်းက ဘာကောင်လဲ၊ ဒါ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူးနော်"

"သိတယ်လေ၊ သိလို့လာတာပေါ့၊ ဒါပေမယ့် ဒီနေရာမှာလည်း ငါက မင်းသား၊ မင်းကို့က လူကြမ်း"

အနက်ဝတ်စုံနှင့် ဗလကောင်းကောင်းနှင့်လူက ရှေ့ဆက်လာကာ…

"ဒါ ငါ့ညီမ၊ ဒီကောင်နိုးပြေးလို့ လိုက်ခေါ်တာ"

"ခေါ်သွားလေ၊ အခု ခင်ဗျားတို့ ခေါ်သွားလို့ရနေပြီပဲ၊ မခုခံနိုင်တော့တဲ့လူကို ဝိုင်းအနိုင်ကျင့်တာ ခင်ဗျားတို့ မရှက်ဘူးလား"

"အနိုင်ကျင့်တာမဟုတ်ဘူးကွ၊ နောက် မကြံစည်ရဲအောင် ဆုံးမနေတာ၊ ပညာပေးနေတာ"

"ကိုမိုး… ဒီကောင့်ကို ဘာကိစ္စရှင်းပြနေရတာလဲ"

"ရော့"

တစ်ယောက်က ပြောလိုက်သည်နှင့် နောက်ဖက်က ပစ်ကန်လိုက်သည့် ခြေထောက်တစ်ဖက် ရိပ်ခနဲ ဝင်လာသည်။

လူရိုင်းက ကိုယ်တစ်ပတ်လှည့်ရင်ဆိုင်ကာ လက်နှစ်ဖက်ယှက်၍ ခြေထောက်ကို ခပ်နာနာရိုက်ထုတ်ပစ်လိုက်သည်။

တစ်ဆက်တည်း ရှေ့ကလူ့ရဲ့မျက်နှာကို ခြေထောက်နှင့် အဖြောင့်ကန်ထည့်လိုက်၏။





သေချာသင်ကြားထားတာမဟုတ်ပေမယ့် လူရိုင်းရဲ့ ကိုယ်လုံးပညာက စိမ်းသက်ခြင်းမရှိပါ။

"ဟိတ်ကောင်… မိနွေကို ခေါ်သွား"

"ဟင့်အင်း ကိုကို၊ နွေ မလိုက်ဘူး"

"မိနွေ"

ကိုကိုဆိုသည့် အစ်ကိုလုပ်သူက ညီမကို မရအရဆွဲခေါ်သွားကာ ကားထဲပစ်ထည့်၍ အပြင်ဘက်က လော့ခ်ချပစ်ခဲ့သည်။

သူက ရန်ပွဲဆီ ပြန်လာ၏။

သူ့လူနှစ်ယောက် မနိုင်တာကိုသိ၍ ကိုမိုး ဒေါသထွက်ကာ အနီးမှာတွေ့သည့် အုတ်ခဲကျိုးတစ်ခုကို ကောက်ယူကာ လူရိုင်းကို နောက်ကတည့်တည့်ချိန်၍ ပစ်ထည့်လိုက်၏။

ထိုအချိန်မှာပင်…

မထင်မှတ်စွာ လူရိုင်းနောက်လှန့်ကျသွားကာ တစ်ယောက်မျက်နှာ ဘွားခနဲ ပေါ်လာ၏။

ဘာတစ်ပြန်၊ ကျားတစ်ပြန် ထိုးကြိတ်နေချိန်မို့ ဘေးကအန္တရာယ်ကို ဘယ်သူမှ သတိမထားမိ။

အုတ်ခဲကျိုးက အဲဒီတစ်ယောက်၏ နဖူးတည့်တည့်ကို အရှိန်ပြင်းစွာ ပြေးဝင်ထိုးခွဲသွားလေသည်။

"အား"

ဝမ်းခေါင်းသံကြီးနှင့် အော်သံကြီးက ကြောက်ခမန်း လိလိ



www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်စွာ...

လှရိုင်းရဲ့အပေါ် ထပ်လျှက်လဲကျလာသည့် ကိုယ်လုံးကြီးက အထိန်းအသိမ်းမဲ့မို့ လှရိုင်း အတော်လေး အိစိမ့်ကာ တော်တော်နှင့် ထမရ။

ကိုယ့်မျက်နှာ၏ ပူနွေးသော အရာများ တတောက်တောက် စီးကျလာကြတာ သွေးတွေမှန်း လုံးဝသတိမထားမိဘဲ သူ့ကိုတွန်းချ၍ မတ်တပ်ထရပ်ဖို့ ကြိုးစားဆဲ...

မျက်စိရှေ့မှာ ရှုပ်ယှက်ခတ်လာသော ခြေထောက်များနှင့် ဆူညံသောအသံများ...

"ဟိတ်ကောင်... ထစမ်း"

"ဒီကောင်တွေ ရန်ဖြစ်နေကြတာ"

"ဟုတ်တယ်၊ သူတို့နှစ်ယောက်လုံးတွေ့နေတာ ကျွန်တော်တို့ မြင်တယ်"

ကန်တော်ကြီးစောင်းမှာ ရှိသမျှစုံတွဲတွေ...

လူကြီး၊ လူငယ် ဆိုဒ်စုံ၊ ဂိုက်စုံ၊ လှရိုင်းဘေးမှာ ဝိုင်းနေ၏။

"ဟိုလူ သေပြီကွ"

"ဟုတ်တယ်၊ သွားပြီ"

တစ်ပြင်လုံး သွေးတို့နှင့် ရဲနေသော မျက်နှာကြီးမှာ မျက်လုံးအစုံက ပုစွန်ဆိတ်လို ရှေ့ကို ပြူးထွက်နေ၏။

သေပြီဆိုတာ ပြေးကိုင်ကြည့်ဖို့ မလိုတော့ပါ။

သူ့နဖူး သူပြန်စမ်းမိလိုက်သည်။





စောစောက ပူနွေးစွာ သူ့အပေါ် ခုန်ဆင်းကျီစယ်သွားသည့်အရာများက သွေးတွေပဲဆိုတာ သိလိုက်ရသည့်နောက်မှာ

"ဒီနှစ်ကောင်ကို ရဲလက်အပ်ရမယ်၊ ဟေ့... ရှုခင်းသာကို ပြေး၊ ဝမ်းနိုင်းနိုင်းကို ဖုန်းဆက်စမ်း"

လှရိုင်း အံကြိတ်လိုက်မိသည်။

သူ့ကို လာရောက်ချုပ်နှောင်ထားလိုက်သည်ကို ဒီအတိုင်းပဲ ငြိမ်သက်နေလိုက်သည်။

ဟိုမောင်နှမနဲ့တစ်ယောက်တော့ အစအနတောင် မရှိတော့ပါချေ။

ကောင်လေးနဲ့ သူရယ်... အလောင်းကြီးရယ်...

သူ့ကို ဝိုင်းပတ်ထားသော လူအုပ်ကြီးက များသထက်များလာကာ လူသတ်ကောင်အဖြစ် ကြောက်ရွံ့စိတ်လည်း ရှိနေကြသော သူတို့၏ချုပ်နှောင်မှုများက လွတ်ထွက်သွားလျှင် သူတို့ကိုပါ အန္တရာယ်ပြုမှာစိုးသည့်အတိုင်း ကျားကုတ် ကျားခဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

"မငိုပါနဲ့ ညီမလေးရယ်၊ အသက်တစ်ရာ မနေရ၊ အမှုတစ်ရာတွေ့ရတဲ့၊ ဒါလည်း သူဖြစ်ချင်လို့ တမင်ကျူးလွန်တာမှ မဟုတ်ဘဲ"

မညိုက အသက်ကို ပွေ့ဖက်၍ ချော့နေသည်။

"မဟုတ်ပါဘူး မညိုရယ်၊ ဒေါသလျှော့ဖို့၊ ရန်မဖြစ်ဖို့ အသက် သူ့ကို အမြဲမှာတယ်၊ ခုဟာက လူသတ်မှုတဲ့ မညို အသက် ဒီအမှုကို ဘယ်လိုလိုက်ရမှာလဲ"

"သူမသတ်ဘူးလို့ လူရှိန်းက ပြောတာပဲ၊ တရားနိုင် နတ်စောင့်မှာပါ"

ဘယ်လိုပဲချော့ချော့ အသက်ကတော့ ငိုနေသည်သာ။

သစ္စာမွန်စာပေ



ဒီအမှု စဖြစ်ကတည်းက အိပ်လည်းမအိပ်နိုင်၊ စားလို့လည်း မရ။

အိပ်တော့လည်း ကိုယ်ကတော့ အိပ်ရာထဲမှာ၊ ရှိန်းခမျာ အချုပ်ထဲမှာ၊ ကြမ်းပေါ်မှာ ကွေးကွေးလေးနေမှာပဲ ဆိုပြီး ထထိုင်မိလိုမိ။

ဝယ်နိုင်ပါလျက် မဝယ်ဘဲထားခဲ့သော တစ်ချပ်တည်းသော ထမင်းပန်းကန်လေးကိုကြည့်၍ ထမင်းမျိုချလို့လည်း မကျ။

ထမင်းစားတော့မယ်ဆို ဖွန်းလေးနဲ့ ဟန်ဆောင် ပန်ဆောင် မွှေနှောက်ပြီး အသက်ကချည်း ခွံ့ကျွေးခဲ့ရပါသော ရှိန်း။

ထမင်းစားရင်း အသက်မျက်နှာကို တကြည့်ကြည့်···

ပါးဆွဲလိုက်၊ နှာခေါင်းဖျစ်လိုက်···

ဘယ်နေရာကြည့်ကြည့် ရှိန်းရဲ့အရိပ်တွေ····

အိမ်ခြောင်စုပ်ထိုးလိုက်တာတောင် ရှိန်းများ တံခါးဝက ခေါ်လိုက်လေသလားလို့ ခေါင်းထောင်မိလိုမိ။

ကိုယ်ဝန်က ရင့်နေပြီ။

မစားနိုင်၊ မအိပ်နိုင်နှင့် အသက် ကြာလျှင် ရူးတော့မလား မသိ။

"ဟော··· ဟိုမှာ အချုပ်ကားလာပြီ"

အသက် ဆတ်ခနဲဖြစ်သွားကာ မျက်ရည်တွေကို သုတ်ပစ်လိုက်မိသည်။

ရှိန်းအတွက် ချက်ပြုတ်ကြော်လှော်ယူခဲ့သည့် ငါးခြောက်

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြော်၊ အမဲသားနှပ်နှင့် ချဉ်ပေါင်ကြော်ဘူးလေးများ၊ ပြီးတော့ စီးကရက်ဘူး…

အားလုံးထည့်ထားသည့်အိတ်ကို ရင်ခွင်ထဲမှာ ပွေ့ဖက်၍ ကားရဲ့နောက်မြီးကို ငေးစိုက်ကြည့်နေမိသည်။

အချုပ်တံခါး ပွင့်သွား၏။

သေနတ်နှင့် အစောင့်ရဲနှစ်ယောက်က တစ်ဖက် တစ်ချက်ရံကာ တန်းစီးဆိုသည့်လူကြီးက ကားပေါ်မှနေ၍ ဘားလမ်းအချုပ်ရုံးထဲသို့ တစ်ယောက်ပြီးတစ်ယောက် သွင်းနေ၏။

သွင်းပုံက ရိုးရိုးလျှောက်ဝင်ရသည် မဟုတ်။

လက်တွေပိုက်၊ ကားပေါ်က ခုန်ချ၊ လုံးဝမတုံ့နှေးစေဘဲ တိုက်ထဲကို ပြေးဝင်စေခြင်းဖြစ်သည်။

အသက်ပါးစပ်ကလေးပိတ်၍ အင့်ခနဲ ရှိုက်မိသည်။

ရှိုင်းအလှည့်မရောက်မီ မျက်နှာကိုလွှဲပစ်လိုက်ကာ မညို၏ ပခုံးပေါ်မှာ မှီချ၍ ငိုမိပြန်သည်။

"တို့ နားမလည် ပါးမလည်နဲ့လုပ်လာတာ၊ ဒီပစ္စည်းတွေကို ဒီမှာပေးလို့ ရရဲ့လားမသိဘူး အသက်ရဲ့၊ ဒါ အ… လာစစ်တာ၊ အင်းစိန်မှာချုပ်တာဆိုတော့ အင်းစိန်ကျမှ ပေးလို့… မယ် ထင်တယ်"

အသက် ဘာမှမပြောနိုင်တော့ပေ။

"နေဦး အသက်၊ မညို နည်းနည်းမေးကြည့်ဦးမယ်"

မိန်းမသားနှစ်ယောက်တည်း မျက်နှာငယ်စွာ ရှိနေခိုက်…





"သမီး"

"ဟင်… အဖေ"

အသက် အဖေ့ကိုဖက်၍ ငိုသည်။

ကိုယ်လေးလက်ဝန်ကြီးနှင့် သမီးအဖြစ်ကို ဦးသန်းနွဲ့ မကြည့်ရက်စွာ မျက်နှာကြီးက အိုစာနေလေသည်။

ဦးသန်းနွဲ့ရဲ့ဘေးမှာ အောင်ကြီးနဲ့ တင်မောင်လွင်…

"ဒီကောင် အထဲရောက်သွားပြီလား အသက်"

အသက်က အောင်ကြီးကို မော့ကြည့်ကာ ခေါင်းညိတ်ပြသည်။

"ရောက်သွားပြီထင်တယ်၊ အသက် မကြည့်ရက်လို့ မကြည့်မိဘူး"

ဦးသန်းနွဲ့က အသက်လက်ထဲက အထုပ်ကိုဆွဲယူ၍ အသက်ပခုံးလေးကို ခပ်ဖွဖွပုတ်ကာ

"ကဲ… သမီး အိမ်ပြန်နေတော့၊ အင်းစိန်ကျမှ သွားတွေ့ပေါ့၊ ဟုတ်လား၊ ဒီမှာက ပင်ပန်းလှပါတယ် သမီးရယ်၊ …အားလုံး အဖေတို့ စီစဉ်ပါ့မယ်၊ စိတ်ချ"

"သမီး သူ့ကိုတွေ့ပြီး အားပေးပါရစေ အဖေရယ်၊ …င်းကို သမီးတွေ့မှဖြစ်မှာပါ၊ ဒါမှ သူ အားရှိမှာ"

"ဟုတ်တယ်၊ အင်းစိန်မှာ သမီး သွားတွေ့လို့ရတာပဲ …ယ်၊ အခုက အမှုစစ်ဆိုတော့ ရှုပ်လိမ့်မယ်၊ သမီးမှာ မပေါ့… …ါးကြီးနဲ့မို့ အဖေက ပြောတာ၊ လူရှိုင်းကို သမီး…လို့



www.burmeseclassic.com

www.burmeseclassic.com



ပြန်လွှတ်လိုက်ရတဲ့အကြောင်း အဖေ ပြောပြလိုက်ပါ့မယ်၊ သူ နားလည်မှာပါကွယ်''

''ဟုတ်ပါတယ်ဟာ၊ နင်ပြန်ပါ၊ ငါတို့သူငယ်ချင်းကို ငါတို့ ဂရုစိုက်မှာပါ၊ နင့်ကျန်းမာရေးက ရှိသေးတယ်''

အသက်ကို အားလုံးက ဝိုင်းပြောနေကြသည်။

မညိုကတော့ အသက်ခံစားနေရတာကိုသိ၍ ဘာမှဝင်မပြောပါ။

''ဒီကိစ္စအားလုံးကို ငါတို့စုံစမ်းပြီးပြီ၊ အမှုက ရှင်းပါတယ်၊ ရှုပ်နေတာက အမှုထဲမှာ ပတ်သက်နေတဲ့လူတွေ များနေတာကြောင့်ပဲ၊ ဘယ်အမှုမဆို ဖြစ်လာပြီဆိုရင် ခိုးမှု၊ ခါးပိုက်နှိုက်မှုကအစ မရှင်းနိုင်သရွေ့ ရှုပ်နေမှာပဲ၊ စိတ်ဆင်းရဲမယ်၊ ငွေကုန်မယ်၊ ပြီးတော့လည်း ဘဝအတွက် သခ်ိန်းစာတစ်ပုဒ် သင်လိုက်ရသလိုပဲ၊ အမှတ်တရဖြစ်သွားတာမျိုးလောက်ပါပဲ''

''အဖေ''

''ဟေ… သမီး''

''ရိုင်းအတွက် ငွေဘယ်လောက်ပဲကုန်ကုန် သမီးမှာ ကုန်စရာရှိပါတယ် အဖေ၊ ရိုင်း အမြန်ဆုံးလွတ်အောင်သာ ကြိုးစားပေးပါနော်… နော်… အဖေ''

''အေးပါ သမီးရယ်''

အသက် အချုပ်ကားကြီးကို ကြေကွဲစွာကြည့်၍ ငိုငိုပြန်သည်။





ငါ အတန်တန်မှာထားလျက်နဲ့ ရိုင်းရယ်… နင်…

* * *

www.burmeseclassic.com

www.burmeseclassic.com

"ရှိင်း"
"အသက်"
တစ်ယောက်ကိုတစ်ယောက် မြင်နေရပါလျက် လက်ကလေးသော်မျှ ကိုင်ခွင့်မရ။
သံဇကာနှစ်ထပ်ခြားကာ ဘယ်လိုမှ အားပေးနှစ်သိမ့် လို့ မလွယ်တဲ့ အခြေအနေ။
အသက် မျက်ရည်တွေ တာတမံကျိုးသလို သွန်ကျလာကြသည်။
ရှိင်းကို ဒီလိုသံတိုင်တွေကြားမှာ ဘယ်လိုမှ မကြည့်ရက်နိုင်။
"ရှိင်းရယ်"
အင့်ခနဲ ရှိုက်ငိုမိသည်။





ပြောဖို့ အားယူသယ်ဆောင်လာသည့် စကားလုံးတွေ ကို ဘယ်ကဘယ်လို ပြောရမှန်းမသိ။
လည်ချောင်းဝမှာ တစ်ဆို့နှာကျင်၍ ပြောလို့လည်း မထွက်တော့ပေ။
"အသက်… နင်… နင် ငါ့ဆီမလာနဲ့ အသက်၊ ဦးလေး အမြဲလာတယ်၊ နင့်အဖေ ငါ့ဆီလာနေတာပဲ၊ နင် မလာပါနဲ့ အသက်ရယ်၊ မပေါ့မပါးကြီးနဲ့၊ ငါ့ရင်သွေးလေးကို အချုပ်နဲ့ ထောင်နဲ့ မနေပါစေနဲ့ဟာ"
အသက် ပို၍ငိုချင်သည်။
နှစ်ကိုယ့်တစ်စိတ် နေလာခဲ့ကြတဲ့ ဒီလင်မယားဟာ တစ်ယောက်ဒုက္ခရောက်နေတဲ့အချိန်မှာ အချုပ်နဲ့မခံချင်ပါဘူး ဆိုပြီး အိမ်မှာ ထိုင်နေနိုင်ပါ့မလား။
"ရှိင်း… နင် နေရတာ အဆင်ပြေရဲ့လားဟင်၊ ငါပေးတဲ့ အစားအသောက်တွေရော ရရဲ့လား၊ ပိုက်ဆံပေးတာရော ရရဲ့လား"
လူရှိင်းက ခေါင်းညိတ်သည်။
"အချုပ်ထဲမှာ ရန်ထပ်မဖြစ်နဲ့နော် ရှိင်း၊ ရက်ပိုရှည်တယ်တဲ့၊ အမှုမှန်ပေါ်အောင် အဖေတို့ လိုက်နေကြတယ်၊ ငါ အကောင်းဆုံးရှေ့နေငှားပြီး အမြန်ဆုံးပေါ်အောင် လုပ်ပေးမယ်"
လူရှိင်းမျက်နှာက တက်ကြွခြင်းမရှိ။
"အသက်… အမှုက အမှန်အတိုင်းဖြစ်လာမှာပါ၊ နေးတာနဲ့ မြန်တာပဲကွာမယ်၊ ငါ့အတွက် ဘာမှသိပ်မပူပါနဲ့၊ နင်



www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားဖို့ရက်က နီးလာပြီ မဟုတ်လား၊ ငွေကို သိပ် အကုန်မခံနဲ့၊ ငါ့ဖို့ စားစရာတွေလည်း ဘာမှထပ်မပို့နဲ့၊ ကုန်ရင် ငါ မှာပါ့မယ်"

"အဲဒီလိုကြီး ငါ ဘယ်လိုလုပ်နေနိုင်မှာလဲ ရှိုင်းရယ်၊ ငါ့မှာ အိမ်မှာနေရတာ ငရဲခံနေရသလိုပဲ သိလား"

အဲဒါကြောင့် နင့်ကို ဆင်ခြင်ပါလို့ ငါပြောခဲ့တာပေါ့လို့ မပြောရက်။ ဖြစ်ခဲ့ပြီးမှ ဘာတတ်နိုင်မှာလဲ။

ပြီးတော့ ရှိုင်းဟာ မဟုတ်မခံစိတ်ကြောင့် လူရိုင်းကလေးဖြစ်နေပေမယ့် သူ့ကိုယ်တိုင် မတရားတာကို ဘယ်တော့မှ မလုပ်ဘူးဆိုတာ အသက် ယုံကြည်သည်။

"အသတ်… နင် တော်တော်ပိန်သွားတယ်၊ အိမ်မှာ ထမင်းမှန်မှန်စားရဲ့လား"

သူက မေးလေ၊ မျက်ရည်က ကျလေ…

"နင် ငါတို့ရင်သွေးလေးကို ငဲ့ညှာပါ အသက်ရယ်၊ ခုဖြစ်ရတာက အခိုက်အတန့်ဒုက္ခပါ၊ ငါလည်း သေမသွားနိုင်ဘူး၊ ထောင်ကျလောက်အောင်လည်း အမှုက သေချာပေါက် စွပ်စွဲလို့ရတဲ့ အနေအထားမရှိပါဘူး၊ မကြာခင် ငါလွတ်မှာပါ၊ နင် ခုလို မစားဘဲ မအိပ်ဘဲနေနေရင် ဒီကလေးကို ဘယ်လိုမွေးမလဲ၊ မွေးဖွားတဲ့အခါ နင့်မှာ ခံနိုင်ရည်မရှိလို့ တိမ်းစောင်းသွားခဲ့ရင် ကလေးနဲ့ငါ့အတွက် နင် မတွေးတော့ဘူးလား"

အသက် မျက်လုံးပြူးလေးနှင့် ရှိုင်းကို စိုက်ကြည့်နေမိသည်။





ဟုတ်ပေသည်။

အသက် ကလေးရဲ့ရှေ့ရေးကို လုံးဝမေ့ထားခဲ့မိပါ၏။

ခံစားရင်း နစ်မွန်းခဲ့သော ကိုယ့်မှာ မစားနိုင်၊ မအိပ်နိုင်နှင့်။ ခုဆို ဘာပဲလုပ်လုပ် မူးမူးမိုက်မိုက်နှင့်။

ကိုယ့်ကိုယ်ကိုမှ မသယ်ချင်…

ဘာအားဆေးစားဖို့မှလည်း သတိမရ။

ရှိုင်းက လွတ်လာမှာပဲ…

တကယ်လို့ ငါသေသွားရင် ငါ့ရင်သွေးလေး…

"အသက်… ငါပြောတာ ကြားရဲ့လား"

"ကြားပါတယ် ရှိုင်းရယ်၊ ငါ မှားသွားပါတယ်၊ ငါ… ငါ ဆင်ခြင်ပါ့မယ်"

"ဒါဆို အိမ်မှာ ကောင်းကောင်းအိပ်၊ ကောင်းကောင်းစား၊ ဒီကို ခဏခဏ မလာနဲ့နော်၊ ဦးလေးက ဘာမှလိုလေသေးမရှိအောင် ငါ့ကို ဂရုစိုက်တယ်၊ နင့်ကိုလည်း စိုးရိမ်နေရှာတယ်၊ ငါ့ရင်ထဲကိုတော့ ဝင်သာကြည့်ပါတော့ အသက်ရယ်၊ ငါ့မှာ ကိုယ့်သောကနဲ့ကိုယ်မနေနိုင်ဘဲ နင့်ကိုပဲ ပူနေရတယ်၊ ခုကိစ္စကို ခေါင်းထဲက ထုတ်ပစ်လိုက်ပါ၊ ငါပြန်လာမှာပဲဆိုတဲ့ စိတ်ကိုမွေး"

"အင်းပါ ရှိုင်းရယ်"

"အမှုက တကယ်လို့ ရက်ရှည်နေရင် နင့်မှာ မွေးဖို့ဖွားဖို့နဲ့ အနားမှာ ဘယ်သူမှမရှိဘဲနေလိမ့်မယ်၊ ဒေါ်စိန်ရင်ကို ခေါ်ထားပါ၊ ဦးလေးကလည်း အဲဒါကိုပဲ ပြောတယ်၊ နင်က



www.burmeseclassic.com

www.burmeseclassic.com



လက်မခံလို့တဲ့''

အသက်က လူရှိုင်းမျက်နှာကို ငေးကြည့်နေသည်။

သူ လွန်စွာမုန်းတီးသော ခေါ်စိန်ရင်ကို ခေါ်ထားဖို့ ပြောနေပါလား။

''မငိုနဲ့တော့၊ မျက်ရည်တွေသုတ်လိုက်၊ ငါ့ကို စိတ်ချမ်းသာစေချင်ရင် နင် မငိုပါနဲ့''

အသက်က ဝဲနေသော မျက်ရည်စကို ပုတ်ခတ် သိမ်းဆည်း၍ ပါးပေါ်က မျက်ရည်တွေကို သုတ်ပေးလိုက်သည်

''ဟို... မိန်းမခိုးတယ်ဆိုတဲ့ကောင်လေးက ဘာမှ ဝင်ပြောမပေးဘူးလား ရှိုင်းရယ်၊ သူဝင်ပြောရင် ဒီအမှုက ရှင်းသွားမှာပါ''

''ဟုတ်တယ်၊ ဒါပေမယ့် သူက ငါရောက်သွားတော့ သတိလစ်နေပြီ၊ ဖြစ်ကြတာကို ဘာမှမသိတဲ့လူဖြစ်နေတယ်၊ ဒါပေမယ့် ကောင်လေးက ငါ့ကိုသိတယ်၊ ကျေးဇူးတင်နေတယ်၊ အခု သူတို့လည်း ငါ့အတွက် အစွမ်းကုန် လိုက်လုပ်ပေးနေကြတာပဲ၊ ခက်တာက ငမိုးဆိုတဲ့ကောင် ပျောက်နေတဲ့ကိစ္စပဲ၊ အဲဒီမောင်နှမကို ရှာဖွေတွေ့မှဖြစ်တော့မှာ၊ တရားခံဟာ သူတို့မှန်းလည်း ထင်ရှားနေပါပြီ''

''သူက အုတ်ခဲနဲ့ ပေါက်လိုက်တာဆို''

''ဒဏ်ရာကိုစစ်ပြီး အဲဒီအတိုင်းပဲ ကောက်ချက်ချထားတယ်၊ ငါကိုယ်တိုင်တောင် ဘယ်သူ ဘာလုပ်လိုက်မှန်း မသိဘူး၊





ငါကိုယ်ပေါ် သွေးတွေကျလာတော့မှ သိရတာ''

''ဒုက္ခပါပဲ ရှိုင်းရယ်''

''ပြဿနာဖြစ်ကြတဲ့အချိန်က ဒဏ်ရာနဲ့လဲနေတဲ့ တစ်ယောက်တော့ မိထားပြီလို့ ပြောတာပဲ၊ သူကတော့ အားလုံး သိတယ်၊ သူဖော်လိုက်ရင် ပြီးပါပြီ''

''သူက ဘာဖြစ်လို့ မဖော်သေးတာလဲဟင်''

''မိရင်တော့ ဝန်ခံရမှာပေါ့ အသက်ရယ်၊ ဒါပေမယ့် မိပြီဆိုတာ တကယ်မဟုတ်သေးလို့ ဖြစ်မှာပေါ့''

ရှုံ့စက်လိုက်ကြတာ....

ကိုယ့်အပြစ်ကို တစ်ဖက်သားပေါ်ပုံချပြီး ထွက်ပြေးနေကြသည်။ ဒီအပြစ်က တစ်သက်လုံး လွတ်သွားတော့မှာတဲ့လား။

ကျန်ခဲ့တဲ့လူမှာတော့ ဘဝပျက်ခဲ့ရပြီ။

''အသက်''

''ဟင်''

''နင့်မွေးရက် ဒိတ်ပေးထားတာ ဘယ်တော့လဲဟင်''

အသက် အကောင်းဆုံးအဖြေကို အပြေးအလွှား စဉ်းစားရသည်။

''ဆယ့်ငါးရက်လောက်ပဲ လိုတော့တာ မဟုတ်လား''

ဖုံးဖိလို့ပါမှ ရှိုင်းက မှတ်မိနေပြန်သည်။

''မဟုတ်ပါဘူး ရှိုင်းရယ်၊ လိုပါသေးတယ်၊ ဒါနဲ့ နင့် အဝတ်အစားတွေရော''



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး ယူသွားပြီလေ၊ ကဲ... နင်ပြန်တော့ အသက်"

"ဟိုမှာ ငါ နင့်အတွက် စားစရာတွေနဲ့ ဆေးလိပ်တွေ ယူလာခဲ့တယ် သိလား"

ပြရုံပဲပြ၍ ထားခဲ့ပြီး ပြန်ရသည်။

တန်းစီးဆိုတာကတစ်ဆင့် သူတို့ဆီ ရောက်၏။

ဒီပြင် အချုပ်သမားတို့က တရားခံလာတွေ့သူကို ပြုံးပြုံး ကြည့်ကြသည်။ အထုပ်ကို အငမ်းမရ ကြည့်၏။

တရားခံချင်းတူပေမယ့် လာတွေ့မယ့်သူမရှိတဲ့ တရား ခံတွေ၊ လာတွေ့ပေမယ့် ဘာပစ္စည်းမှ ပါမလာကြတာတွေက အများကြီး။

တစ်ယောက်ကိုလာပို့တဲ့ ဆေးလိပ်တွေ၊ စားစရာတွေ ကို တပ်မက်စွာ ရက်ရမှန်းမသိ၊ ကြောက်ရမှန်းမသိ၊ တောင်းတောင်း ယန်ပန် တောင်းကြ၊ အချင်းချင်း နှိပ်နယ်ပေး၊ ရှိခိုး။

ဆေးလိပ်တစ်လိပ်ရဖို့ကို ဘာပဲလုပ်ပေးရ၊ လုပ်ပေးရ ဖြစ်နေကြတဲ့ ဘဝဆိုးတွေက မြင်ချင်၊ ကြားချင်ဖွယ်မရှိ။

သူတို့မျက်နှာမှာ အဲဒီလောက်ထိ အဖြစ်ဆိုးနေတာတောင် ညှိုးရော်တဲ့ နောင်တတရားတို့ တစ်စက်မှမရှိ။

စုတ်ပြတ်ပေတူးကာ ရောက်တဲ့နေရာမှာ ဘဝကို ပျော် သလို နေတတ်ကြတဲ့လူမျိုးတွေ။

ဒီထဲမှာ ရှိင်းကိုမြင်ရတာ အသက် နည်းနည်းလေးမှ စိတ်မချမ်းသာ။ ပို့ပေးတဲ့ စားစရာနဲ့ ဆေးလိပ်တွေ အားလုံးကို





ရှိင်း ဝေငှပေးတာလည်း အသက်သိသည်။

ဘာပဲဖြစ်ဖြစ် ရှိင်း သက်သောင့်သက်သာ နေနိုင်ဖို့ပါပဲ။

ဘဝဟာ ဘယ်လိုကကြိုးတွေနဲ့ ရှုပ်ထွေးဦးမှာလဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၁၀

''ဘယ်လိုနေလဲ အသက်၊ အနာနည်းနည်းစိပ်လာသလိုပဲ''

ဒေါ်စိန်ရင်က အသက်မျက်နှာကို တကြည့်ကြည့်ဖြစ်နေသည်။

ဘယ်လိုပဲ ဆိုးပါတယ်ပြောပြော အရေးကြီးတော့ သွေးနီးသတဲ့။

ဒေါ်စိန်ရင်လည်း မိထွေးဆိုပေမယ့် သူ့မှာ သားသမီးရှိသူ မဟုတ်ပါ။

ခုလို အသက်ဒုက္ခရောက်နေသည်ဆိုတော့ ဦးသန်းနဲ့အမိန့်နဲ့မဟုတ်ဘဲ သူကိုယ်တိုင်ပြေးလာ၍ ကိုယ်ဖိရင်ဖိ ဂရုစိုက်နေသည်။





ဟိုရက်ကတည်းက အသက်က ကျန်းမာရေးမကောင်းတော့ အစားဂရုစိုက်ကျွေး၊ အိပ်နိုင်း။

ရှိသမျှအလုပ် သူပဲ ဒိုင်ခံလုပ်ပေးသည်။

အရင်တုန်းက ဒေါ်စိန်ရင်ပါဆိုလျှင် ယုံနိုင်စရာပင် မရှိ။

အသက်ကို တကယ် ဂရုစိုက်ရှာသည်။

ညည အသက် အပေါ့အပါးထသွားတာကအစ မူးလဲမှာစိုး၍ ကိုယ်တိုင်တွဲပို့သည်။ စောင့်ခေါ်သည်။

ပိန်လှီသွားသည့် အသက်မျက်နှာလေးကိုလည်း တကြည့်ကြည့်နှင့် စိုးရိမ်နေပြန်သည်။

''မွေးခါနီးနေပြီ အသက်ရဲ့၊ ဆေးလည်းသောက်၊ အစားလည်း ဝင်အောင်စား၊ ညည်း ဒီလိုနေရင် ဒုက္ခရောက်သွားမယ်သိလား''

တဖျစ်တောက်တောက်ဆိုရင်း အသက်ကို စားချင်တာလေးတွေ လုပ်ကိုင်ချက်ပြုတ်ပေးကာ ချော့ကျွေးလိုက်၊ ကြောက်တတ်အောင် ဥပမာတွေပြ၍ ခြောက်ကျွေးလိုက်။

တကယ့်မိခင်တစ်ယောက်နှယ်။

အသက်ဘေးမှာ ခုချိန် နတ်သမီးလေးတွေ ဝိုင်းဝိုင်းလည်ခစားနေလျှင်တောင်မှ အသက်ကတော့ ပြည့်စုံနိုင်မည် မဟုတ်ပါ။

အချိန်ပြည့် ဝမ်းနည်းအားငယ်နေသည်က မိုတ်ကြိတ်စားသောက်လို့ရပေမယ့် ဘယ်လိုမှ အိပ်လို့မရပေ။

ခုဆို ရိုင်း အချုပ်ကျနေတာ နှစ်လပြည့်ဖို့ သုံးရက်သာ



www.burmeseclassic.com

www.burmeseclassic.com



လိုတော့သည်။

“ဒီနေ့ကစပြီး ရိုင်း အချုပ်ကျနေတာကို လွတ်ပေးလို့ ရပြီတဲ့၊ ကိုယ့်စိတ်ကိုယ် တင်းထားစမ်းပါ အသက်ရယ်၊ လူသား တစ်ယောက်ကို ချောချောမောမော မွေးဖွားပေးနိုင်ဖို့ မိခင်က အသက်နဲ့ရင်းရတာ၊ အဲဒီအချိန်မှာ ညည်း ခံနိုင်ရည်မရှိရင် ဘယ်လို လုပ်မလဲ၊ ခုဆို ရိုင်းလည်း လွတ်လာတော့မယ်၊ အားလုံး ပျော်စရာ တွေဖြစ်ကြရမယ့်အချိန်၊ ဘာတွေ ဝမ်းနည်းနေမလဲ”

“အသက် တွေးနေမိတာရှိလို့ပါ ဒေါ်လေးရယ်”

“ဘာလဲ ပြောပါဦး”

“အသက်လွယ်ထားတဲ့ကလေးက အကျိုးပေးမကောင်း လို့များ ရိုင်း ခုလိုဖြစ်ရတာလားလို့”

“အမလေး... လေး... ပြောရက်လိုက်တာအေ၊ အဓိပ္ပါယ်မရှိတာကို၊ ညည်းလင် အစကတည်းက စိတ်က လက် တစ်ဆစ်နဲ့၊ ဘယ်သူဖြစ်ဖြစ် သူကရှေ့က၊ ကလေးကို သွား မလွှဲချပါနဲ့”

ဒေါ်စိန်ရင်က လူရိုင်းအပေါ်တော့ မလိုလားစိတ် လက်ကျန်ကလေး ရှိနေပါသေးသည်။

“အား”

“ဟဲ့ ဟဲ့”

“နာလာပြန်ပြီ ဒေါ်လေးရယ်၊ အား”

“အသက်ရေ”





မညိုနဲ့ ဒေါ်အေးမိတို့ ပြေးတက်လာကြသည်။

“အသက်မွေးတော့မှာ သေချာပြီ ဒေါ်လေးရဲ့၊ ဒါ ကိုယ် လက်လှည့်တာ မဟုတ်ဘူး၊ ဆေးရုံကို သွားမယ်လေ”

“ပြောကြပါဦးအေ၊ ကျုပ်တော့ ဘယ်လိုမှပြောလို့ မရဘူး၊ အိမ်မှာမွေးမယ်လုပ်နေတယ်ကွယ်”

“အို... သားဦးကို အိမ်မှာမွေးလို့ဖြစ်မလား အသက်ရယ်၊ ပြီးတော့ ညီမက ကျန်းမာရေးကောင်းတာ မဟုတ်ဘူး၊ လုပ်သာလုပ်၊ ဆေးရုံသွားမယ်”

“ဟင့်အင်း... အသက် ဘာမှမဖြစ်ပါဘူး မညိုရယ်၊ ဆေးရုံကို မသွားချင်ဘူး”

အသက် ဇွတ်ငြင်းနေသည်။

ကိုယ့်အခြေအနေ ကိုယ်ပဲသိသည်။

နှစ်လနီးပါး တရားခံတွေ အမှုလိုက်နေရတဲ့ စရိတ်က ...ည်းသလား။ စုမိထားတဲ့ ပိုက်ဆံတွေလည်း ကုန်ပြီ။

ကိုယ့်မှာရှိတာသာမက အဖေတို့၊ ဒေါ်လေးတို့ပါ ချတ်ခြုံ ...ချနေပြီ။

အဖေဆို ဆိုက္ကားနင်းရတာ ညညဥ့်နက်အောင် အချိန်ပို ...နေရတဲ့အဖြစ်။

အသက်ကြီးမှ ပင်ပန်းတကြီး ရှာဖွေနေကာ သမီးဆီ ...ပြေးပို့လိုက်၊ သားမက်ကို ပြေးတွေ့လိုက်။

ဒေါ်စိန်ရင်က သဘောကောင်းစွာ ကြည်ဖြူနေသည်မို့



www.burmeseclassic.com

www.burmeseclassic.com



တော်သေးတာပါ။ ဆေးရုံတက်မွေးရမယ့်စရိတ်က နည်းသလား။

ကြားမှုနားဝ စကားတွေအရ ချူးတစ်ပြားမှမရှိတဲ့ ကိုယ်လို လူက ဆေးရုံတက်မွေးဖို့ ဘယ်လိုမှ မစဉ်းစားရဲ။

သေချင်လည်း သေပါစေတော့။ အိမ်မှာပဲ သိက္ခာရှိရှိ အသေခံတော့မည်။

အခိုက်က ကလေးကို ချောချောမောမော မွေးခဲ့နိုင်ဖို့ပဲ။

"အသက်ရယ်… ထလေကွယ်"

"ဟင့်အင်း"

ဒေါ်စိန်ရင်ကလည်း ပြင်ဆင်ထားပြီးသည့် အထုပ်နဲ့ ဆွဲခြင်းကိုဆွဲကာ အသက်ခေါင်းမာနေတာကို ဒေါသလည်းဖြစ် စိတ်လည်းမကောင်း။

အသက်ဘာဖြစ်လို့ ခေါင်းခါနေတာကို သူလည်း သိ သည်။

ဘာဖြစ်လဲ။ အသက်တစ်ချောင်းနဲ့ သိက္ခာ…

ပိုက်ဆံမပါလို့ ဆေးရုံမှာ ဆရာဝန်၊ ဆရာမတွေရဲ့ ခြေသလုံးကိုဖက်ရပါစေ။

ဘဝဆိုတာ အခိုက်အတန့်ဖြစ်ဖြစ် ဒဏ်ရာပြင်းပြင်း ပေးတတ်တာပဲ။ အဲဒီဒဏ်ရာနဲ့ ကိုယ် ရှုံးနိမ့်မသွားဖို့က မာန်ပဲဖြစ်သည်။

ဒါကို လွတ်မြောက်သွားတော့လည်း ပြီးခဲ့တာဟာ ရယ်စရာဟာသတစ်ခုလို၊ ဒုက္ခကလည်း ပြယုဂ်ကလေးတစ်ခု ဖြစ်ကျန်ခဲ့တာပါပဲ။

သစ္စာမွန်စာပေ



ဒါကို အသက် ပညာတွေတတ်ရဲ့သားနဲ့ ဘာကြောင့် မတွေးမိရတာလဲ။

ဘေးလူတွေရှေ့မှာ ဘယ်လိုပြောရမှန်းလည်း မသိ။

အသက်ကတော့ ဖွင့်ကားနေသော မိုက်ကို ဖက်နိုပ်ကာ ရုံမဲ့ညည်းညူနေသည့်တိုင် ခေါင်းခါနေမြဲ။

❄ ❄ ❄

www.burmeseclassic.com

www.burmeseclassic.com

"ဦးလေး… အသက် နေကောင်းရဲ့လားဟင်"

အချုပ်တံခါးရဲ့အပြင် ခြေစုံမရပ်နိုင်သေးခင် လူရှိ
မေးသည်။

ဦးသန်းနွဲ့ မျက်နှာမကောင်း။

"ဟင်… ဦးလေး၊ ဆရာဝန်ပေးထားတဲ့ဒိတ်ဆို ဒီရက်
မွေးမှာ"

နှစ်ယောက်အတူ လမ်းပေါ်ရောက်လာခဲ့ကြမှ ဦးသန်းနွဲ့

"ဟုတ်တယ်၊ သမီး မွေးတော့မယ်၊ ဗိုက်နာနေပြီ"

"ဟင်"

ဦးသန်းနွဲ့မျက်နှာက ပြုံတော့မည့်မိုးလို…

"ဆေးရုံကို ဘယ်သူခေါ်လို့မှမလိုက်ဘူးတဲ့ကွာ"



"ဗျာ"

လူရှိင်း ချက်ချင်းသိလိုက်သည်။

ဖြစ်ရလေ အသက်ရယ်…

မွေးဖွားခါနီးမှ မွေးစရိတ်မရှိလို့ ဒုက္ခရောက်ရမည့် အဖြစ်။ ပြီးတော့ အသက်က ကျန်းမာရေးမကောင်း။

"လာ ဦးလေး"

နှစ်ယောက်သား ကားပေါ်ပြေးတက်လိုက်ကြသည်။

ရင်မှာ ကိုယ်စီပူပြင်းနေကြတာက အသက်အတွက်။

* * *

www.burmeseclassic.com

www.burmeseclassic.com

"အသက်… ညည်း ငါ့ကိုသာ သတ်လိုက်ပါအေ၊ ညည်း ဘာမှမဖြစ်ခင် ငါ့ကိုသတ်လိုက်ပါ"

ဒေါ်စိန်ရင် ဦးသံပါကြီးနှင့်ပြောကာ ကိုင်ထားသည့် ဆွဲခြင်းကို ပစ်ချသည်။

မညိုတို့က နားမလည်စွာ ငေးကြည့်နေကြ၏။

အသက် ခေါင်းမာနေတာဟာ လူရိုင်းကြောင့် ရွဲ့နေတာပဲဟု မြင်ကာ ဘာမှမပြောတတ်ဘဲ ဖြစ်နေကြလေသည်။

"အား"

အသက် အိပ်ရာထဲမှာ လူးလိမ့်ကာ ချွေးသီးထနေသော မျက်နှာမှာ နှုတ်ခမ်းအစုံက သွေးဆုတ်ဖြူဖျော့လျက်။

အသက်ခေါ်ထားသည့် သားဖွားဆရာမလည်း ရောက်လာသည်။





မညို့ ခွတ်ထွက်ခေါ်သည့် အငှားကားလေးလည်း ရောက်လာ၏။ ဒေါ်စိန်ရင် ဖျတ်ခနဲ ထရပ်ကာ

"သူ့ကို အိမ်မှာမွေးလို့မဖြစ်ဘူး ဆရာမ၊ ကျွန်မတို့ ခုပဲ ဆေးရုံခေါ်သွားမှာ"

"ဩ… ခေါ်ပါရှင်၊ ကျွန်မက လိုက်ခေါ်လို့ လာတာပါ"

"အား… ဆ… ဆရာမ၊ လာပါ၊ မွေးပေးပါ ဆရာမရယ်၊ အမလေး… နာလိုက်တာ"

ထိုစဉ် အားလုံးရှေ့သို့ ဘွားခနဲ ရောက်လာသူက လူရိုင်း။

"အသက်"

"ဟယ်… လူရိုင်း၊ လာကြ"

"လုပ်စမ်း… လုပ်စမ်း၊ မင်းမိန်းမကို ကားပေါ် မြှောက်တင်"

"အသက်"

အသက် လူရိုင်းအသံကိုကြားပေမယ့် မျက်လုံးပင် ဖွင့်မကြည့်နိုင်တော့ပေ။

ဝေဒနာဆိုးကြောင့် အံကြိတ်တွန့်လိမ်နေ၏။

လူရိုင်း အသက်မျက်နှာဖျော့ဖျော့ကို ငုံ့ကြည့်ကာ ဘာမှ စဉ်းစားမနေတော့ဘဲ အသက်ကိုယ်ကိုပွေ့ယူလိုက်သည်။

"ရိုင်း… ရိုင်း… အသက်ကို ဒီမှာပဲ မွေးခွင့်ပေးပါ ရိုင်းရယ်"

"မဟုတ်တာ အသက်ရယ်၊ နင် ဘာမှအားမငယ်နဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ငါရှိသရွေ့ နင် ဘာမှမဖြစ်စေရဘူး''

အသက်ရင်ထဲမှာ ခွန်အားတို့ ဖြစ်ထွန်းသွားလေသည်။

နာကျင်သော ဝေဒနာတွေကြားထဲက ချမ်းမြေ့ခြင်း ဖြစ်၏။

ရှိုင်းရဲ့လက်နှစ်ဖက်ဟာ စွန့်ထားပြီးခဲ့တဲ့ အသက်ရဲ့ ရှင်သန်ခြင်းတို့ကို ပြန်လည်ဆုပ်ဆွဲယူလိုက်သည့်နှယ်။

''သမီး.... သမီး ဘာဖြစ်သလဲ''

ဦးသန်းနွဲ့ နောက်က ပြေးဝင်လာတော့ ကားနားမှာ အုံနေကြသည်။

''ဘာမှမဖြစ်ဘူး ဦး၊ ဦး အသက်ကို ဆေးရုံခေါ်သွားပေးပါ၊ ကျွန်တော် ခုပဲ နောက်ကလိုက်ခဲ့မယ်''

''အေး... အေး''

ဦးသန်းနွဲ့ကလည်း သဘောပေါက်သည်။

ကားပေါ် အရင်ပြေးတက်ကာ အသက်ကိုယ်လေးကို ပွေ့ယူလိုက်၏။

ဒေါ်စိန်ရှင်က အထုပ်အပိုးတွေနှင့် ကမန်းကတန်း တက်၏။

လှရှိုင်းက အသက်လက်ဖဝါးလေးကို ဆုပ်ကိုင်၍ အနားကပ်ကာ

''အသက် အားမငယ်နဲ့နော်၊ ငါ ခုပဲလိုက်ခဲ့မှာ၊ စိတ်ကို လုံးဝမလျှော့နဲ့၊ နင် ဘာမှမဖြစ်စေရဘူး၊ အားလုံး ငါ ဖြစ်အောင် စီစဉ်မယ်၊ ခုချက်ချင်းလိုက်ခဲ့မှာ သိလား''

''အင်း''





''ငါဘာမှမဖြစ်ရဘူးဆိုတဲ့စိတ်ကို မွေးထားသိလား၊ ငါ နောက်က တန်းလိုက်လာမှာ''

''အင်း''

''ဦးလေး... အားလုံး ဟိုမှာ ပြည့်စုံအောင်စီစဉ်ပေးထားပါနော်၊ သူ့ယောက်ျားလိုက်လာမှာလို့ ပြောထားပါ''

''အေးပါကွာ''

''အသက်... အားမငယ်နဲ့နော်''

''အေးဟော့... နောက်မှအားပေး၊ ကားပေါ်တင် ထွက်နေလိမ့်မယ်၊ မောင်းတော့ ကားဆရာ''

ဒေါ်စိန်ရှင်က ကားဆရာကို မောင်းခိုင်းတော့မှ လှရှိုင်းက အသက်လက်ကလေးကို လွှတ်သည်။

ကားထွက်သွားတော့မှ နေရာမှ ခွာဖြစ်၏။

''အသက် ကျန်းမာပါစေ''

လှရှိုင်း ပါးစပ်မှပင် အသံထွက် ဆုတောင်းလိုက်မိသည်။

ခြေလှမ်းတို့က ပုပ်နှစ်ဘွာ ပြေးလွှားလာခဲ့ပြီးမှ အိတ်ထဲမှာ ပိုက်ဆံတစ်ပြားမှ ပါမလာတာ သတိရသည်။

သို့သော် ဘာမှစဉ်းစားမနေဘဲ လာသည့်ကားပေါ် ပြေးတက်လိုက်သည်။

''ကဲ ကဲ... လက်လွယ်ရင် ဆက်သွယ်မယ်နော်၊ ကားခအကြွေလေးတွေ ထုတ်ထားပါ ခင်ဗျာ''

လှရှိုင်း စပ်ယိယာ အနားရောက်လာသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



"ကမန်းကတန်းထွက်လာတာ ကားခထည့်မလာမိဘူး အစ်ကိုရာ၊ ဘယ်လိုမှ မအောက်မေ့ပါနဲ့ဗျာ"

"ဟ… ပေါ်တင်ကြီးပါလားကွ"

စပယ်ယာက ရယ်ဟာဟနှင့် ပြောတော့ ကားပေါ်မှာရှိတဲ့ မျက်လုံးတွေ လှုရိုင်းဆီ ရောက်လာသည်။

မတတ်နိုင်ပါ။

ရှက်နေလို့ ကိုယ့်ခရီးက ရောက်မှာမဟုတ်။

မရှိလို့ မရှိဘူးပြောရတာ ရိုးသားခြင်းပဲဟု ကိုယ့်စိတ်ကိုယ် တင်းယူရသည်။ စိတ်ထဲမှာ အသက်အတွက် ပြည့်စုံဖို့ပဲ အဓိက။

* * *

"ဟော… မွေးလူနာလား၊ လာ လာ"

မွေးခန်းကို သွားဖို့အရေး သူကပဲ ဦးဆောင်လိုက်ပြနေသည်။

အသက်ရဲ့ကိုယ်ဝန်စစ်ချက်မှတ်တမ်း စာရွက်တွေကို ကိုင်၍ သူက ရှေ့က။

ဆိုက္ကားသမားဗိုဗီ အတွေ့အကြုံအရ သိနေသည့် ဦးသန်းနွဲ့က အသက်မမြင်အောင် ကိုယ့်အိတ်ကို ပြန်စမ်းသည်။

"လာ လာ… မွေးလူနာကို လှည်းပေါ်တင်"

အသက်ကလည်း ပျော့ခွေနေပြီမို့ တွန်းလှည်းလေးပေါ် တင်လိုက်သည်။

"အား"

အသက် ညည်းသံလေးသဲ့သဲ့နှင့် သတိလစ်မတတ် ဖြစ်နေသည်။ ဆရာမတွေက အေးတိအေးစက်…

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“ဆရာမလေးရယ်… ကျွန်မသမီးလေးကို လိုအပ်သမျှ အားလုံးလုပ်ပေးပါရှင်၊ သူ့ယောက်ျားက သူဌေးပါ၊ ခုပဲ လိုက်လာမှာပါ”

“လိုတာကတော့ အကုန်ပဲလေ၊ လူနာက သိပ်အားနည်းနေတယ်၊ ဆရာဝန်ကြီးတွေလာမှ ဘာလိုတယ်ဆိုတာ သိရမှာ”

အသက်ကို စမ်းသပ်၍ ဆရာဝန်ကြီးတွေ မျက်စိ မျက်နှာပျက်ကာ ချက်ချင်း မွေးခန်းထဲသွင်းသည်။

“သမီး… သမီးလေး အသက်၊ သတိထားနော်၊ သတိလစ်မသွားစေနဲ့”

အသက်နားထဲမှာ ကြားတစ်ချက်၊ မကြားတစ်ချက်။

ပြင်းထန်သောဝေဒနာကို ခံစားနိုင်စွမ်းမရှိစွာ အသိတရားတို့ကို ဘယ်လိုမှ စုစည်းလို့မရ။

“ဆရာကြီးရယ်… ကျွန်တော့်သမီးလေးကို လိုအပ်သမျှ အားလုံးလုပ်ပေးပါဗျာ၊ သူ့ယောက်ျား ပြည့်ပြည့်စုံစုံနဲ့ ခုပဲ လိုက်လာမှာပါ”

ဦးသန်းနဲ့ ငိုသံပါကြီးနှင့် ဟိုနောက်ပြေးလိုက်၊ ဒီ နောက်ပြေးလိုက်၊ ငွေမရှိလို့ သမီးလေး ပိုးစိုးပက်စက်ဖြစ်သွားမှာစိုးလှပါသည်။

“လူနာအတွက် ဒီဆေးတွေ သွားဝယ်ပါ”

အနီဝတ် ဆရာမလေးတစ်ယောက်က စာရွက် တစ်ရွက်လာပေးသည်။





“ဆေးကို အတိအကျ အမြန်ဆုံးဝယ်ပြီး ချက်ချင်းလာပေးပါ၊ လူနာက ဗိုက်ခွဲမွေးရမှာ”

“ဗျာ”

“ဘုရား… ဘုရား”

ဆရာမလေးက ချက်ချင်းလှည့်ထွက်သွားသည်။

စာရွက်ထဲမှာ ဆေးတွေက အပြည့်။

ဦးသန်းနဲ့ ဘာမှမစဉ်းစားနိုင်ဘဲ စာရွက်ကို ဒေါ်စိန်ရင်လက်ထဲက ဆွဲယူကာ အောက်ထပ်ဆေးဆိုင်ရှိရာသို့ ပြေးဆင်းခဲ့သည်။

အိတ်ထဲမှာ နှစ်ရာတန်လေး တစ်ရွက်ပဲကျန်ပါတော့သည်။

ဒါပေမယ့် သမီးလေးအတွက် ဘယ်သူ့ကိုပဲ ခြေသလုံးဖက်ရ ဖက်ရ…

“ဦးလေး… ဦးလေး… ခဏ”

မညို့ နောက်က ပြေးလိုက်လာကာ…

“အဲဒီစာရွက် ကျွန်မကိုပေး ဦး၊ ကျွန်မ ဝယ်မယ်”

မညိုက ရင်ဘတ်ကြားထဲက ထောင်တန်အထပ်လိုက်ကို ဆွဲထုတ်ယူကာ ဆေးစာရွက်ကို ယူသွားသည်။

အဲဒီလို ဒုက္ခရောက်နေတုန်း ဆွဲထုတ်ခေါ်ရဲတာကမှ မိတ်ဆွေကောင်း…

မညိုကို ဦးသန်းနဲ့ ကျေးဇူးတင်မဆုံး ဖြစ်သွားမိသည်။

“ဦးလေးရေ”



www.burmeseclassic.com

www.burmeseclassic.com



နောက်က ထပ်ပြေးလိုက်လာကြသူတွေက အောင်ကြီး တို့လူစု…

သုံးယောက်သား မောလို့ ပန်းလို့

“ဦးလေး… အသက်က ဗိုက်ခွဲရမှာဆို”

“ဟုတ်တယ်တဲ့ကွာ၊ ငါ့သမီးလေး ပါသွားကတည်းက သတိလစ်သွားတာ ထင်တယ်”

ဦးသန်းနွဲ့ မျက်ရည်တွေ ဝဲနေလေသည်။

အသေနဲ့အရှင် ငါးဆယ်ရာနှုန်းစီ မျှနေသော သမီးလေး အတွက် ဘယ်လိုမှစိတ်မအေးနိုင်။

အောင်ကြီးတို့လည်း ခေါ်စိန်ရင်နှင့်တွေ့၍ အခြေအနေကို သိခဲ့ပြီး ဖြစ်ပုံရလေသည်။

မျက်နှာတွေမကောင်းအဲ့ရှိကာ အိတ်ထဲက ပိုက်ဆံတွေ ထုတ်၏။

“ဦးလေးတို့ အခက်အခဲဖြစ်နေမှာသိလို့ ဆရာမိုးဝင်း ကရော၊ ကျွန်တော်တို့ပါ ကူညီတာပါ ဦး၊ ယူပါ”

ဦးသန်းနွဲ့ မျက်ရည်တွေ ပေါက်ခနဲကျ၏။

“လိုအပ်တော့ ထုတ်ကြပါကွယ်၊ ဦး မယူပါရစေနဲ့”

မညို ဆေးထုပ်ကိုစုယူ၍ ပြေးထွက်သွားလျှင် သူတို့ နောက်ကနေ တစ်ပြုံကြီး လိုက်ခဲ့ကြပြန်သည်။

အသက် ကျန်းမာပါစေဟု အားလုံးရင်ထဲမှာ…

✻ ✻ ✻



ကားကို ကြာသည်ဟု စိတ်က ထင်သည်။

နောက်တစ်ဆင့်စီးရမည့် ကားပေါ်ကိုမတက်တော့ဘဲ လူရိုင်း မနားတမ်း ပြေးနေမိသည်။

ကားက ကျော်သွားလိုက်၊ မှတ်တိုင်မှာ ရပ်ကျန်ခဲ့ လိုက်။

ပြေးနှုန်းကို နည်းနည်းမှ လျှော့မသွားစေဘဲ မရပ်မနား ပြေးလာခဲ့မိကာ ဦးထွန်းမြင့်ဆီရောက်တော့ မျက်စိတွေ ပြာနေပြီ။

“ဟ… ဘယ်လိုဖြစ်လာတာလဲ ငါ့တူ၊ ပျောက်နေ တာလည်း ကြာလှပါရောလား၊ ဘာလုပ်ငန်းတွေ ပြောင်းလုပ် နေလို့လဲ”

ဦးထွန်းမြင့်က ဘာမှမသိ။

“ဦးလေး”

“ဟေ”



www.burmeseclassic.com

www.burmeseclassic.com



လှရှိန်း ဆိုတက်လာသည့်မောလုံးကို မျိုချအားတင်း၍

"ကျွန်တော့်ကို နှလာလောဆယ် ငွေသုံးသောင်းလောက် ကူညီပါဦးရယ်၊ ကျွန်တော် သေရေးရှင်ရေး ဖြစ်နေလို့ပါ"

"ဟေ… ဘာဖြစ်လို့လဲ"

"ကျွန်တော့်မိန်းမ အရေးပေါ်ခန်းထဲ ရောက်နေလို့ပါ"

ဒီလိုပဲဖြစ်မယ်ဆိုတာ စိတ်က အလိုလိုသိနေသည်။

အသက် ခံနိုင်ရည်ရှိမှာမှ မဟုတ်ဘဲ…

ဦးထွန်းမြင့်ကို လိုအပ်သမျှကို အမြန်ဆုံးရှင်းပြ၍ အကူအညီ တောင်းမိ၏။

"တိုက်ဆိုင်လိုက်တာကွာ၊ ဒီနေ့ပဲ ကတော်လေးလည်း မွေးတယ်၊ မင်းတို့ ဆေးရုံမှာ ဆုံဖြစ်လိမ့်မယ်ကွ"

"ဗျာ… ကျွန်တော်က မြောက်ဥက္ကလာ ဆေးရုံမှာ"

"ဟုတ်တယ်၊ ကတော်လေးကလည်း သူ့မိဘတွေ ဆီ ပြန်နေတာလေ၊ မြောက်ဥက္ကလာမှာပဲ မီးဖွားခါနီးလို့ ရုံးကို မလာတာ တောင်ကြာပြီ၊ ကဲ ကဲ… ရော့ ယူသွား၊ မင်းက အရေးကြီးတယ်၊ ငါ့မှာလည်း တခြားကုန်စရာ ဘာမှမရှိပါဘူးကွာ၊ လူနာကျန်းမာ အောင်ကုပေး၊ လိုရင် လာထပ်ယူ၊ ချေးတာမဟုတ်ဘူး၊ ဒါနပြု တာ"

"ကျေးဇူးတင်လိုက်တာ ဦးရယ်"

"ကားငှားပြီး မြန်မြန်လစ်ပေ့၊ ဒါမှ လူနာအားရှိတာ"

လှရှိန်း ပိုက်ဆံတွေယူကာ ကားပြေးငှားသည်။

သစ္စာမွန်စာပေ



အသက် ကျန်းမာပါစေ…

ရင်ထဲမှာ ပူနေလိုက်တာ မီးတွေ ထတောက်တော့ မလား မသိ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၁၁

ကားခပေး၍ ဆေးရုံထဲ ဒရောသောပါး ပြေးအဝင်...

"ဟော့"

"ဟာ... ဆောရီးဗျာ"

နှစ်ယောက်စလုံးလက်ထဲက အထုပ်တွေ ပြုတ်ကျ ကုန်၏။

လှရိုင်း ကိုယ့်ငွေထုပ်ကို ချိုင်းကြားထဲ ကောက်ညှပ်ကာ တစ်ဖက်ကလူကြီးရဲ့အထုပ်တွေကို လိုက်ကောက်ပေး လိုက်၏။

ပြီးတော့ နေရာမှ ချာခနဲ လှည့်ပြေးလာခဲ့သည်။

"ဟော့... ဟော့... တူမောင် နေပါဦးကွ"

နောက်က ပြေးလိုက်လာသည့်အသံကြောင့် နောက်ပြန်လှည့်ကြည့်လိုက်မိသည်။

"ငါ့တူ... မင်း လှရိုင်းလေး မဟုတ်လား"





လှရိုင်းစိတ်က ရှေ့ရောက်နေသည်မို့ ခြေလှမ်းကို မရမ်ဘဲ နောက်ပြန်ဆုတ်လှမ်းကာ ခေါင်းညိတ်၏။

စိုက်ကြည့်ရင်း လူကြီးကိုလည်း မှတ်မိလိုက်လေသည်။

ဦးမိုးကောင်း...

သူတွေ့ခဲ့တဲ့ ဖုံတွေ သွေးတွေပေနေသည့် ရုပ်နှင့် တခြားစီ။

တုတ်ခဲသော ဆွဲကြိုးတွေ၊ ဟမ်းချိန်းတွေနှင့် တစ်တောင်နီးပါးခန့် ပိုက်ဆံအိတ်မဲကြီးကို ကိုင်ထား၏။

"မင်း လှရိုင်းလေး ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်၊ ကျွန်တော့်မှာ အချိန်မရဘူး ဦးရယ်၊ နောက်မှပဲတွေ့တာပေါ့"

လှရိုင်း ရိုင်းတယ်ပဲဆိုဆို ဒါပဲပြောပြီး မွေးလူနာဆောင်ရှိရာသို့ ပြေးတက်လာခဲ့လေသည်။

"လှရိုင်း"

"လှရိုင်းလာပြီ"

လှရိုင်းကိုမြင်တော့ အားလုံး ထိုင်တဲ့သူက ထ...

ထနေသည့်လူက ပြေးထွက်လာသည်။

လှရိုင်းက ဦးသန်းနွဲ့ဆီ ပြေးသွားကာ

"ဦး... အသက်... အသက် မွေးပြီးပြီလားဟင်၊ ဘယ်မှာလဲ၊ ဘယ်လိုနေလဲ"

"ခုထိ မတွေ့သေးပါဘူးကွာ၊ ဗိုက်ခွဲမွေးနေရတာ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



လူရိုင်းမျက်နှာ မည်းညိုသွားလေသည်။

အခန်းရှေ့မှာ သူ တောင့်တောင့်ကြီးရပ်လျက် အတိတ်မေ့သွားသူနှယ်…

အသက် ခံနိုင်ရည်ရှိပါ့မလား…

"လူနာအတွက် သွေးလိုတယ်၊ ဘီသွေး ဘယ်သူရှိလဲ"

"ကျွန်တော် ဘီသွေးပါ ဆရာမ၊ ကျွန်တော့်ဆီက ယူပါ"

လူရိုင်းရော အားလုံးလှည့်ကြည့်လိုက်မိကြသည်။

လူရိုင်းရဲ့နောက်မှာ ကပ်ရပ်နေသူက ဦးမိုးကောင်း…

ဦးမိုးကောင်းက သူကိုင်ထားသည့် ပိုက်ဆံအိတ်ကြီးကို လူရိုင်းလက်ထဲကိုထည့်ကာ…

"ဒီတစ်ခါ ဦးအလှည့်ပေါ့ကွာ၊ မင်းဇနီးရဲ့အသက်ကို ဦးကယ်ပါရစေ၊ အသက်ဆိုတာ မင်းဇနီးမဟုတ်လား"

လူရိုင်း ခေါင်းညိတ်၍ ဘာမှပြန်မပြောနိုင်။

"မင်းနဲ့ဦး အေးဆေး စကားပြောချင်သေးတယ်ကွ၊ ခုတော့ သွေးသွားလှူရဦးမယ်၊ အဲဒီအိတ်ထဲကငွေ မင်း ကြိုက်သလို သုံးပါ"

ကြည့်နေသည့်လူတွေအားလုံး ဘာမှနားမလည်နိုင်ကြတော့ပေ။

လူရိုင်းကိုယ်တိုင် ကိုယ့်ကိုယ်ကို ဘာတွေဖြစ်နေမှန်း မသိတော့။

ဦးမိုးကောင်းက ခန့်ညားသောမျက်နှာကြီးကို ကျက်သရေရှိသည့် အပြုံးတို့ လွှမ်းစေလျက် ဆရာမလေးနဲ့ ပါသွားလေသည်။





ဘာပဲဖြစ်ဖြစ် ဦးသန်းနဲ့ကတော့ အဆိုးထဲက အကောင်းပဲဆိုတာသိ၍ ဝမ်းသာဝမ်းနည်းဖြစ်လျက်…

* * *

www.burmeseclassic.com

www.burmeseclassic.com

"ဝါး"

ကလေးငိုသံ…

"အူဝဲ… အူဝဲ"

ရုတ်တရက် ခေါင်းတွေထောင်မတ်သွားကြကာ လှရိုင်း အရင်ခုန်ထလေသည်။

"မွေးပြီ၊ မွေးပြီ ဦး၊ အသက် မွေးသွားပြီ"

"ဟုတ်တယ်ဟဲ့"

"ကလေးငိုသံက မာလိုက်တာ၊ လှကြီးရော ကျန်းမာရဲ့ လား"

သူတို့တွေ အခန်းတံခါးဝမှာ စုပြုံတိုးကြိတ်နေမိကြသည်။

ထိုစဉ် တံခါးက ဖျတ်ခနဲ ပွင့်သွားသည်။

ခွဲစိတ်ဝတ်စုံကြီးများနှင့် ဆရာဝန်ကြီးတွေ ထွက်လာကြ၏။





"ဆရာ… ကျွန်တော့်သမီးလေး ကျန်းမာရဲ့လားဟင်"

"ဆရာ"

လှရိုင်း ထပ်မမေးရဲသလို ဆရာဝန်ကြီး ပြောလာမည့် စကားကိုလည်း မကြားရဲ။

ဆရာဝန်ကြီးက မျက်နှာမသာမယာနှင့်…

"ကလေးက ကျန်းမာတယ်၊ လှကြီးကတော့ ကံတရားပဲ၊ လောလောဆယ် အောက်စီဂျင် ပေးထားရတယ်"

"ဗျာ"

မကြားလိုက်ပါချေ။

တွန်းထွက်လာသည့် လှနာကုတင်ပေါ်မှာ အသက် ဆံပင်တွေ ပုံကျပြန့်ကားလျက် ပုလင်းတွေ၊ ပိုက်တွေ ရှုပ်ယှက်ခတ်နေကာ ဆရာမလေးနှစ်ယောက်က နံဘေးမှ ပုလင်းတွေကိုင်၍ ပြေးလိုက်နေသည်။

"အသက်"

"လှရိုင်း သတိထားလေကွာ"

လှရိုင်းနောက်က အတင်းပြေးလိုက်သည်။

အောင်ကြီးတို့က နှစ်သိမ့်ဖေးမနေကြ၏။

"မျှော်လင့်ချက်ရှိပါသေးတယ်ကွာ၊ မင်းကလည်း စိတ်ကို ထိန်းစမ်းပါ"

ဦးသန်းနွဲ့ကလည်း လက်သီးဆုပ်၍ မျက်ရည်တွေကျနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါ့ကြောင့်၊ ငါ့ကြောင့် အသက် ဒီလိုဖြစ်တာ၊ ငါ လူဆိုး၊ အလကားကောင်"

"ဟာ... လူရိုင်း"

နံရံကို လက်သီးနှင့်ထိုး၍ အရေပြားတွေ စုတ်ပြတ်ကုန်သည်။ လက်ကို တင်မောင်လွင်က ဖမ်းဆွဲထား၏။

"မင်း ဒီလောက်မပေါက်ကွဲနဲ့လေကွာ၊ အသက်ကို ဂရုစိုက်ကြ၊ စောင့်ရှောက်ကြအောင်၊ ပြည့်စုံအောင် မင်း ဖန်တီးပေးရမှာ၊ အသက်ရဲ့ ဟိုဘက် ဒီဘက် မေးတင်နေတဲ့ အသက်ကို မင်း ကယ်ဖို့မကြိုးစားဘဲ ဒီလိုဖြစ်နေတာ ဘာအကျိုးရှိမှာလဲ"

ဦးသန်းနွဲ့က လူရိုင်းလက်ထဲက ပိုက်ဆံအိတ်ကြီးကို ဆွဲယူကာ အသက်ပါသွားသည့် အခန်းတံခါးဝထိ ပြေးလိုက်သွားသည်။

ဆရာဝန်နဲ့ ဆရာမတွေကို တတွတ်တွတ် ဘာတွေကပ်ပြောနေသည် မသိ။ အချိန်သည် တချပ်ချပ် ကုန်ဆုံးသွား၏။

အသက်ဘေးမှာ ဆရာ၊ ဆရာမတွေ ဝိုင်းနေတာကို လှမ်းမြင်နေရလျက် ဖင်ထိုင်လို့မရ။

"ဟော"

အသက်နှာခေါင်းမှာကပ်ထားသည့် အောက်စီဂျင်ပူးကို ဖြုတ်လိုက်တာ တွေ့ရသည်။ လူရိုင်း ဒိန်းခနဲ ဆောင့်ခုန်သွားသော နှလုံးကနေရာ ပြန်မကျတော့ဘူး ထင်သည်။

မျက်လုံးထဲမှာ အပြာရောင်လွင်ပြင်ကြီး ဖြစ်သွား၏။





"လူနာအတွက် စိတ်ချသွားရပါပြီဗျာ၊ အားလုံး ကောင်းသွားပါပြီ"

"ဟာ"

လူရိုင်း ဝမ်းသာဖို့တောင် သတိမရတော့။

"ဟိတ်ကောင်... လူရိုင်း... လူရိုင်း"

အောင်ကြီးက လူရိုင်းကို ဆွဲလှုပ်ကာ

"မင်းမိန်းမ မသေတော့ဘူးတဲ့၊ ဟာ... ဒီကောင် ပိုက်တွေဖြုတ်တာတွေ့ပြီး ငုတ်တုတ်မေ့နေပြီ ထင်တယ်"

"လူရိုင်း"

"ဗျာ... ဦး"

"မင်း ဘာဖြစ်တာလဲ"

"ဝမ်းသာလို့ပါ ဦးရယ်၊ ကျွန်တော် ဝမ်းသာလို့ပါ၊ ဒီအချိန်မှာ အသက်ရဲ့အသက်ကို ပြန်ရလိုက်တာ ကျွန်တော် သေပေးဆိုရင်တောင် သေဖို့မကြောက်တော့ဘူး"

"မသေနဲ့၊ မသေနဲ့၊ ချစ်ဖို့ကွ၊ အများကြီးကျန်သေးတယ်"

အားလုံး ရယ်နိုင်၊ မောနိုင် ဖြစ်လာကြသည်။

ဒေါ်စိန်ရင် ဝမ်းသာလွန်း၍ မညီလက်ဖျားလေးကို တအားဆုပ်ကိုင်ထားလိုက်မိတဲ့အထိ...

အသက်တစ်ချောင်းရဲ့တန်ဖိုးက ကြီးလှပါဘိ...

* * *



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ခမ်းလေးတွေ ဖြူဖျော့နေပေမယ့် အသက်မျက်နှာလေးက ပြုံးနေသည်။

ဦးသန်းနွဲ့မျက်နှာမှာ ပီတိတွေနှင့်…

ခေါ်စိန်ရင်နဲ့ လူရိုင်းက အသက်ရဲ့ တစ်ဖက်တစ်ချက်မှာ ထိုင်၍ အသက်လက်ကလေးကို တစ်ဖက်စီကို ထွေးဆုပ်ထားကြသည်။

"ဟာ… ဦး"

"နေပါ မောင်ရင်၊ နေပါ"

ဦးမိုးကောင်းက တန်းလျားစွန်းလေးမှာပဲ ဝင်ထိုင်၍ အသက်ကိုပါ ပြုံးပြသည်။

"အားလုံးကတော့ လူရိုင်းလေးနဲ့ ကျွန်တော် ဘယ်လိုရင်းနှီးခဲ့ကြတယ်ဆိုတာ သိမှာမဟုတ်ဘူး၊ ဒါကို သူနဲ့ကျွန်တော်ပဲ သိပါတယ်"





လူရိုင်းနဲ့ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးလိုက်မိကြသည်။

"ဦးက မင်းနဲ့ခွဲသွားပြီးကတည်းက မင်းဝတ်ပေးခဲ့တဲ့ မင်းရဲ့အင်္ကျီကို ကားပေါ်မှာ အမြဲထားတာ၊ သွားလေရာ ယူသွားတာ၊ ဘယ်သွားသွား၊ ဘာလုပ်လုပ် မောင်ရင့်ကို မေ့လို့ကို မရပါဘူး"

ဦးမိုးကောင်းက သူ့အကြောင်းကို သူ ပြောပြသည်။

"အဲဒီတုန်းက ဦး ဘာဖြစ်ခဲ့တယ်ဆိုတာ ပြောပြချင်စိတ်လည်း မရှိဘူး၊ မေသူ့အတွက်လည်း စိတ်တအားပူနေတာနဲ့ မင်းနဲ့ဦး ဘာမှလည်း မပြောဖြစ်ခဲ့ဘူး၊ အဆက်အသွယ်လည်း ပြတ်ခဲ့ရထယ်လေ"

ကံကြမ္မာလမ်းကြောင်းက တိုက်ဆိုင်လှစွာ…

လူရိုင်းတို့ ဂဏန်းယူရောင်းတဲ့ ကုမ္ပဏီငယ်ငယ်က သူဌေးကတော်လေးဆိုတာ ခေါ်မေသူဝင်း…

သူဌေးဆိုတာက ဦးမိုးကောင်း ဖြစ်နေပါလေသည်။

"ငါ့ဇနီးက သိပ်ကို စိတ်ဓာတ်ခက်ထန်တာကွ၊ မေသူနဲ့ကိစ္စကို သူသိတော့ ဘားတယ်၊ ငါကလည်း နောက်မဆုတ်ဘူး၊ ငါ့ဘက်ကကြည့်တော့ ငါမိုက်တာမှမဟုတ်ဘဲ၊ သူနဲ့ငါက ချစ်လို့ညားခဲ့တာ မဟုတ်ဘူးလေ၊ ငါချစ်တာ ငါ မက်မောတာပေါ့၊ ပြီးတော့ မေသူဟာ သိပ်ကိုသနားစရာကောင်းတယ်၊ အလုပ်သမားတွေကို ညာတာတယ်၊ ငါနဲ့ ပတ်သက်လို့လည်း ဘာအခွင့်အရေးမှ



www.burmeseclassic.com

www.burmeseclassic.com



မဆိုခဲ့ဖူးဘူး"

နောက်ဆုံး တားမရသည့်အဆုံး လူမိုက်ငှား၍ ဦးမိုးကောင်းကို သတ်ခိုင်းတဲ့အထိ...

လူမလစ်လို့ ဦးမိုးကောင်း ကျန်ခဲ့ပေမယ့် မေသူ့အတွက် သူ စိတ်ပူခဲ့ရသည်။

ဒါကြောင့် ဒဏ်ရာကိုကုပြီးတာနဲ့ မေသူ့ဆီ အပြေးအလွှား သွားခဲ့ရ၏။

"ခုတော့ အားလုံးပြီးသွားပါပြီ၊ ငါ အားလုံးကို ပြတ်စဲလိုက်ပြီ၊ မေသူနဲ့ပဲ တရားဝင်လက်ထပ်လိုက်ပြီကွ၊ ခု မေသူ မီးဖွားလို့ ငါ ဆေးရုံကိုလာတာ"

"တိုက်ဆိုင်လိုက်တာ ဦးရယ်"

"ဟုတ်တယ်၊ ငါ မင်းကို ကျေးဇူးဆပ်ချင်လို့ စိတ်က အမြဲရောက်ပေမယ့် ကိုယ့်အရှုပ်ကို ရှင်းနေရတာနဲ့ လူက မရောက်ဖြစ်ဘူး၊ ခုတော့ ဆုံကြပြီပေါ့ကွာ၊ ငါ့ရဲ့အသက်ကို မင်းပိုင်တယ်လို့ ငါက တွက်ထားတဲ့သူပါ၊ ငါ့အပေါ် ဘာမျှော်လင့်ချက်မှမထားဘဲ နွေးနွေးထွေးထွေး ဂရုစိုက်ကူညီခဲ့တဲ့ မင်းရဲ့စေတနာနဲ့ ကူညီချင်တဲ့ စိတ်ကို ငါ ကျေးဇူးပြုမယ်"

ဦးမိုးကောင်းက အားတက်သရော ပြောနေသည်။

"မေသူပိုင်တဲ့ ကုမ္ပဏီလေးကို ပိတ်ပြီး ငါ့ရဲ့ အိပ်စ်ပို့အင်ပို့မှာပဲ ပေါင်းစည်းတော့မယ်လို့ အစက ငါ ရည်ရွယ်ခဲ့တာ၊ ခုတော့ အစီအစဉ်ပြောင်းလိုက်ပြီ၊ မင်းတို့လင်မယား အဲဒီကုမ္ပဏီကို





ဦးစီးပါ၊ ကြီးပွားတိုးတက်အောင် ကြိုးစားပါ၊ အဲဒါ ငါ့ရဲ့တစ်စွန်းတစ်စ ကျေးဇူးဆပ်လိုက်တာပါပဲ၊ တကယ်ဆို မင်းရဲ့ကျေးဇူးက ဒါ့ထက်မက ရှိပါတယ်"

လူရိုင်း ဝမ်းသာလွန်း၍ ဘာပြောရမှန်းမသိ။

ဦးသန်းနွဲ့ မျက်ရည်များပင် ဝဲလေသည်။

သမီးလေးဘဝ အဆိုးထဲက အကောင်းမဟုတ်ဘူးလား။

"မင်းဟာ တိုးတက်မယ့်လူငယ်တစ်ယောက်ဆိုတာ ဦး အကဲခတ်မိတယ်၊ တစ်ခုတော့ သတိထားကွဲ့၊ လူတစ်ယောက်မှာ ကောင်းတဲ့အရည်အချင်းရှိသလို ဆိုးတာတစ်ခုလည်း ရှိနေတတ်တယ်၊ အဲဒီအချက်ကို မမေ့နဲ့၊ ကိုယ့်ဘဝမှာ ဟာကွက်မရှိစေချင်ရင် ကိုယ့်ရဲ့လိုအပ်ချက်ကို အမြဲဆင်ခြင်ပြီး ပြုပြင်သွားရမယ်၊ အဲဒါ သတိပဲ"

ဦးမိုးကောင်းရဲ့ လူရိုင်းရဲ့ တစ္စတ်ထိုးဉာဉ်ကို သိ၍ မဟုတ်ဘဲ တန်ဖိုးရှိသော စကားတို့နှင့် ဆုံးမလေသည်။

အသက်က ပြုံးပြုံးလေး ကြည့်နေ၏။

လူရိုင်းကလည်း ပြုံး၍ အသက်လက်ကလေးကို ခပ်တင်းတင်း ဆုပ်ညှစ်လိုက်ကာ

"ငါ ဘယ်တော့မှမဆိုးတော့ဘူး"

ဟု ခပ်တိုးတိုးပြောလေသည်။

ပြီးတော့ အသက်လက်ဖဝါးလေးကို နမ်း၏။

"အမလေး... ဒီမှာ.. ကလေး၊ ကလေး၊ ကလေးက



www.burmeseclassic.com

www.burmeseclassic.com



လည်း မငိုပါလား၊ ဘယ်တုန်းကတည်းက အိပ်ရေးပျက်လာတယ် မသိဘူး''

ကလေးကို မချီတတ် မပိုးတတ်နှင့် အောင်ကြီးက ယူချီကာ အသက်လက်ကို နမ်းလိုက်သည့် လှရိုင်းကိုလည်း ခပ်စောင်းစောင်းကြည့်၍ ထအော်လျှင် အားလုံး ပြုံးစိစိဖြစ်ကုန်ကြလေသည်။

''ဟဲ့… အဲဒါ မှတ်ထား၊ ကလေးက ဒုတိယ၊ အမေက ပထမ''

''ဟား ဟား ဟား''

ဒေါ်စိန်ရင်က ပြောလည်းပြော၊ ရယ်လည်း ရယ်…

လှရိုင်းက ဒုတိယအကြိမ်ထပ်၍ အသက်လက် ကလေးကို နမ်းပြန်ပါသည်။

''လွန်ပြီကွ၊ ဟဲ ဟဲ… ဒီကလေး တော်တော်ကဲပါလား''

သျှင်မ



www.burmeseclassic.com